ကြေးမုံ
The Mirror Daily
၁၉၅၇ ဖေဖြော်ဝါရီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**အိုမင်းလာသည်ကိုဆင်ခြင်**

ဤရုပကာယသည် ဆွေးမြည့်အိုမင်းတတ်၏။ အနာရောဂါတို့၏ တည်နေရာလည်းဖြစ်၏။ ယိုယွင်းပျက်စီးတတ်၏။ အသက်ရှင်နေရခြင်းသည် သေခြင်းလျှင် အဆုံးရှိရကား ထိုကိုယ်သည် ပုပ်သည်ဖြစ်၍ ပျက်စီးရလတ္တံ့။ (မိမိ၏ ခန္ဓာကိုယ်သည် အတည်မနေ၊ တစ်စတစ်စ အိုမင်းလာနေသည်ကို ဆင်ခြင်ရာ၏)

ဇရာဝဂ်(ဓမ္မပဒ-၁၄၈)

၁၃၇၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်၊ သောကြာနေ့။ Friday , 25 November 2016 (၈၇၅၆)

# မန္တလေးတက္ကသိုလ်၌ ဦးရာဇတ်ရုပ်တု ဖွင့်ပွဲကျင်းပ
# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်ဖွင့်လှစ်ပေး





**နေပြည်တော် နိုဝင်ဘာ ၂၄**

မန္တလေးတက္ကသိုလ်ကို သန္ဓေတည်မျိုးစေ့ချပေးခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့သည့် အာဇာနည်ကြီး ဦးရာဇတ်၏ ရုပ်တုဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက မန္တလေးတက္ကသိုလ် ရာဇတ်ခန်းမတွင် ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်သည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရုပ်တုဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူများ၊ ဦးရာဇတ်၏သားများ၊ ဆွေမျိုးများနှင့် အခြားဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရုပ်တုဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ကြေးရုပ်တုဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်တို့က ရုပ်တုဖြစ်မြောက်ရေးကြိုးပမ်းခဲ့ရမှုများကို ရှင်းလင်းတင်ပြပြီး ဦးရာဇတ်၏ သားကြီးဦးတင်မောင်နှင့် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းတို့က ကျေးဇူးတင်စကားပြောကြားကာ ပါဠိဘာသာထူးချွန်ဆုရ ကျောင်းသူအား ရွှေတံဆိပ်ဆုနှင့် ငွေသားငါးသိန်းကို ပေးအပ်ချီးမြှင့်သည်။ **စာမျက်နှာ ၅ ကော်လံ ၅ သို့**

# အစိုးရသစ်လက်ထက် ပထမဆုံးကျင်းပသည့် (၉၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်၊ ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း ကျောင်းသားသမဂ္ဂများ၊ မြို့မကျောင်းသားဟောင်းများအဖွဲ့တို့ ပူးပေါင်း၍ အစိုးရသစ်လက်ထက်တွင် ပထမဆုံးကျင်းပသည့် (၉၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



(၉၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ရန်ကုန်မြို့ ပြည်လမ်းရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပစဉ်။

အမျိုးသားအောင်ပွဲနေ့ အခမ်းအနားတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းတို့က အမှာစကားပြောကြားသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အမျိုးသားနေ့သည် မြန်မာနိုင်ငံ၏ သမိုင်းမှတ်တိုင် စိုက်ထူခဲ့သည့်နေ့ဖြစ်ကြောင်း၊ အမျိုးသားရေးအောင်လံတစ်ခုအောက်တွင် ညီညီညွတ်ညွတ်ကြိုးပမ်းလှုပ်ရှားခြင်းဖြင့် ကိုလိုနီကျွန်သဘောက်ဘဝမှ လွတ်မြောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သမိုင်းကြောင်းအဆက်ဆက်တွင် ကျောင်းသားများ၏လှုပ်ရှားမှုများသည် မြန်မာနိုင်ငံ၏ နိုင်ငံရေးကို တပ်လှန့်ခဲ့ခြင်းဖြစ်ကြောင်း၊ နောင်တော်ကြီးများဖြစ်သည့် ကျောင်းသားခေါင်းဆောင်များကို ဂုဏ်ပြုခြင်းဖြစ်ကြောင်း၊ ညီညွတ်ရေးသည် တိုင်းပြည်ဖွံ့ဖြိုးရေးအတွက် အရေးကြီးသည့်အတွက် အားလုံးညီညီညွတ်ညွတ်ပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

## ပြည်တွင်းရေးရာ

❒ အစိုးရသစ်လက်ထက်မှ

**ဦးနိုင်ငံလင်း(ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး)**

"ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးစီးပြီး ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ ကျောင်းသားသမဂ္ဂအဖွဲ့ချုပ်တွေနဲ့ မြို့မကျောင်းက ကျောင်းသားဟောင်းတွေနဲ့ အစိုးရသစ်လက်ထက်မှာ ပထမဆုံးအရပ်ဘက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီးလုပ်တာပါ။ ကျောင်းသားထုတွေစုစည်းပြီး လွတ်လပ်ရေးရယူနိုင်ခဲ့တဲ့ ဆောင်ရွက်ချက်တွေကို အမှတ်ရနိုင်စေဖို့ အခုလို အခမ်းအနားကို ဆောင်ရွက်ရတာဖြစ်ပါတယ်"

**ဦးမင်းကိုနိုင်(၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း)**

"အမျိုးသားနဲ့ အောင်ပွဲနဲ့ ပေါင်းထားတာပေါ့ဗျာ။ အင်္ဂလိပ်လိုဆို National Day ပေါ့။ ဒါပေမယ့် ကျွန်တော်တို့က အောင်ပွဲထည့်ထားတယ်။ ဒါက တော်ရုံတန်ရုံနဲ့ရခဲ့တာမဟုတ်ဘူး။ အောင်ပွဲရဖို့ဆိုတာ တစ်မျိုးသားလုံး ညီညွတ်မှုရမယ်။ မမျှတရင်မညီညွတ်ဘူး။ တရားမျှတမယ်၊ ညီညွတ်မယ်၊ လွတ်လပ်ခွင့်တွေရမယ်၊ တန်းတူညီမျှရမယ်ဆို နောက်ထပ်အောင်ပွဲတွေ ကျွန်တော်တို့ ထပ်ရလာလိမ့်မယ်လို့ ပြောချင်ပါတယ်။"



ဦးတင်မောင်ထွန်း (ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်)



ဦးတင်ဦး (နာယက၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)



ဦးနိုင်ငံလင်း (လူမှုရေးဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး)

**ဦးတင်မောင်ထွန်း(ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ)**

"ဒီနေ့က အမျိုးသားအောင်ပွဲနေ့၊ မြန်မာတစ်မျိုးသားလုံးရဲ့ ဇာတိသွေး ဇာတိမာန် နိုးကြားစေတဲ့ နေ့ထူးနေ့မြတ်ပါ။ ဒီကနေ့မှာ နှစ်ပေါင်းများစွာ ကျွန်တော်တို့ ဂါရဝမပြုခဲ့ရတဲ့ ခေါင်းဆောင်တွေ၊ တက္ကသိုလ်အက်ဥပဒေကြီးကို သပိတ်မှောက်ခဲ့တဲ့ ကျောင်းသားခေါင်းဆောင်တွေကို အောင်စည်အောင်မောင်းတီးပြီး ရွှေတိဂုံဘုရားပေါ်မှာ တက်ပြီးတော့ ဆုတောင်းမေတ္တာ ပို့သနိုင်ခဲ့ပါတယ်။ ဒါဟာ တကယ့်ကို အောင်ပွဲနေ့ပါပဲ။ တိုင်းပြည်အတွက် အနစ်နာခံခဲ့တဲ့ မျိုးချစ်ပုဂ္ဂိုလ်တွေက နယ်ချဲ့ကိုဆန့်ကျင်ပြီး တက္ကသိုလ် သပိတ်မှောက်ရာကနေ ဒီနေ့အမျိုးသားအောင်ပွဲနေ့အဖြစ် သတ်မှတ်လာခဲ့တဲ့ ဒီနေ့ကို အမြဲကျင်းပဖို့ လိုအပ်ပါတယ်။"

**ဦးတင်ဦး(အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက)**

"ကျွန်ပညာရေးကို ကျွန်တော်တို့ရဲ့ ဘိုးဘွားဘီဘင် ကျောင်းသားခေါင်းဆောင် ၁၁ ယောက်က တက္ကသိုလ်ကျောင်းသားတွေရဲ့ကိုယ်စား ပညာရေးဘဝမြှင့်တင်ဖို့ အတွက် သပိတ်မှောက်ရာကနေ ဖြစ်ပေါ်လာတာဖြစ်ပါတယ်။ သူတို့ရဲ့ဆောင်ရွက်မှုတွေကြောင့် တစ်ပြည်လုံးမှာရှိတဲ့ ပြည်သူလူထုတွေလည်း ဒီလှုပ်ရှားမှုနဲ့ပတ်သက်ပြီး ထောက်ခံအားပေးလာခဲ့ကြပြီး သဘောက်ပညာရေးကို ပယ်ဖျက်လိုက်ပြီးတဲ့နောက် ပညာရေးစနစ်ကို ကျောင်းသားများတောင်းဆိုတဲ့အတိုင်း ရရှိသွားပြီဖြစ်တဲ့အတွက် အောင်ပွဲခံတဲ့အနေနဲ့ အဲဒီကတည်းကစပြီး ကျင်းပလာခဲ့တာဖြစ်ပါတယ်။

အခမ်းအနားတွင် ပြည်သူ့ရင်ပြင်ဝင်းအတွင်း အမှတ်တရ လက်ဆောင်ပစ္စည်းရောင်းချခြင်း၊ စတုဒိသာကျွေးမွေးခြင်းနှင့် အမျိုးသားနေ့အကြောင်းကို ကိုမင်းကိုနိုင်နှင့် ကိုလေး(အင်းဝဂုဏ်ရည်)တို့က ဟောပြောခဲ့ပြီး နိုင်ငံကျော်တေးသံရှင်များက သီဆိုဖျော်ဖြေခဲ့ကြသည်။

**စုစည်းသူ-သီသီမင်း၊**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**



## (၉၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ချီတက်လမ်းလျှောက်၊ ကျောက်စာတိုင်တွင် အလေးပြု

**ရန်ကုန် နိုဝင်ဘာ ၂၄**

(၉၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် ချီတက်လမ်းလျှောက်ခြင်းနှင့် အထိမ်းအမှတ်ကျောက်စာတိုင်တွင် အလေးပြုခြင်းတို့ကို ယနေ့မွန်းလွဲပိုင်းက ရန်ကုန်မြို့၌ ပြုလုပ်ခဲ့ကြသည်။

၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ ကျောင်းသားသမဂ္ဂများမှ အဖွဲ့ဝင်များနှင့် ဒီမိုကရေစီအရေးလှုပ်ရှားသူများအပါအဝင် အင်အား ၁၀၀ ကျော်တို့သည် ယနေ့မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့ဘက်မုခ်ရှိ မဟာအတုလမာရဇိန် ကြေးသွန်းဘုရားကြီးရှေ့၌စတင်စုဝေးကာ ကျောင်းသားသမဂ္ဂများမှပေးပို့သော သဝဏ်လွှာများကို အသီးသီးဖတ်ကြားကြပြီးနောက် (၉၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပရာ ပြည်သူ့ရင်ပြင်သို့ ချီတက်လမ်းလျှောက်ကြသည်။

"၁၉၂၀ နောက်ပိုင်းနှစ်တွေတုန်းက လုပ်ခဲ့တဲ့ အစဉ်အလာအတိုင်းပြန်လုပ်တာပါ။ အရင်နှစ်တွေတုန်းက မြို့မကျောင်းသားဟောင်းတွေ ကိုယ့်အစီအစဉ်နဲ့ ကိုယ်လုပ်တာမျိုးတွေရှိပါတယ်။ အခုတော့ အားလုံး တစုတဝေးတည်း လုပ်ခွင့်ရတဲ့အတွက် အင်မတန်ကောင်းပါတယ်။ သမိုင်းဆိုတာ ဖျောက်ဖျက်ပစ်လို့မရပါဘူး။ အစဉ်ထာဝရ သတိရနေအောင် နှစ်တိုင်း အခုလိုချီတက်လမ်းလျှောက်ပြီး အလေးပြုတာမျိုးတွေ လုပ်သင့်တယ်"ဟု (၉၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ ကျင်းပရေးကော်မတီဝင် ဦးငြိမ်းဇော်အောင်က ပြောသည်။

ထိုသို့ ချီတက်လမ်းလျှောက်ရာတွင် ရွှေတိဂုံစေတီတော်အရှေ့ဘက်မုခ်၊ ဦးအရိယကျောင်းတိုက်ဝင်းအတွင်းရှိ အထိမ်းအမှတ်ကျောက်စာတိုင်(၁၉၂၀ ဒီဇင်ဘာ ၄ ရက် ညနေပိုင်းတွင် ရန်ကုန်ကောလိပ်နှင့် ဂျက်ဆင်ကောလိပ်မှ ကျောင်းသားပေါင်း ၅၀၀၀ ကျော် အစည်းအဝေးကျင်းပပြီး ယူနီဗာစီတီ အက်ဥပဒေကို သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့ကြသောနေရာ)တွင် ကျဆုံးလေပြီးသော ကျောင်းသားခေါင်းဆောင်များကို အလေးပြုခြင်း၊ ရွှေတိဂုံစေတီတော် အောင်မြေတွင် အောင်မြေနင်း၍ ဆုတောင်းခြင်းနှင့် ရွှေတိဂုံစေတီတော် အနောက်တောင်ထောင့်(စနေထောင့်)ရှိ အထိမ်းအမှတ်ကျောက်စာတိုင် (တက္ကသိုလ်ကျောင်းသားကြီး ၁၁ ဦး ယူနီဗာစီတီ အက်ဥပဒေကို ကန့်ကွက်ဆန္ဒပြရန် သစ္စာဓိဋ္ဌာန်ပြုခဲ့ကြသည့် အထိမ်းအမှတ်ကျောက်စာတိုင်) တွင် အလေးပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**သတင်း-ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ-ဇော်မင်းလတ်**

**စာပေမြင့်မှ လူမျိုးတင့်မည်**

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၌ အမျိုးသားအောင်ပွဲနေ့ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

(၉၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ကျင်းပရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက ဦးတင်ဦး၊ ဗဟိုအလုပ်အမှုဆောင်များ၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဗဟိုကော်မတီဝင်များ၊ မြို့နယ်အသီးသီးမှ ပါတီဝင်များ၊ ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်အဖွဲ့မှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ သဘာပတိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦးက (၉၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား မိန့်ခွန်းကိုဖတ်ကြားသည်။

ထို့နောက် အမျိုးသားအောင်ပွဲနေ့တွင် ထုတ်ပြန်သည့်ကြေညာချက်ကို ဧရာဝတီတိုင်းဒေသကြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာမျိုးညွန့်က ဖတ်ကြားပြီး အခမ်းအနားသို့ ဝါရင့်နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်အဖွဲ့မှပေးပို့သော သဝဏ်လွှာကို မှတ်တမ်းတင်ကာ နာယက ဦးတင်ဦးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

နံနက် ၁၁ နာရီတွင် အမျိုးသားနေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ ကဗျာဆရာ ကိုလေး(အင်းဝဂုဏ်ရည်)နှင့် စာရေးဆရာမ စမ်းစမ်းနွဲ့(သာယာဝတီ)တို့က အမျိုးသားနေ့ဖြစ်ပေါ်လာသည့် အကြောင်းအရာများအား ဟောပြောကြသည်။

**ကိုလတ်(သတင်းစဉ်)**

## အမျိုးသားနေ့အခမ်းအနား ဇမ္ဗူသီရိမြို့နယ်၌ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

(၉၆)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် အခမ်းအနားနှင့် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရေးပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ ဇမ္ဗူသီရိမြို့နယ် ပညာရေးမှူး ဦးဝင်းဇော်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှပေးပို့သော (၉၆)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် နိုဝင်ဘာ ၂၂ ရက်က ကျင်းပခဲ့သော အမျိုးသားနေ့(အကြို) စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာရေးပြိုင်ပွဲများတွင် ဆုရရှိခဲ့ကြသော ဇမ္ဗူသီရိမြို့နယ် အတွင်းရှိ အခြေခံပညာကျောင်းများမှ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၈ ဦးတို့အား ဇမ္ဗူသီရိမြို့နယ် ပညာရေးမှူးနှင့် တာဝန်ရှိသူများက ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားတွင် ဇမ္ဗူသီရိမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူများက တက်ရောက်လာကြသူများအား (၉၆)နှစ် မြောက် အမျိုးသားနေ့အထိမ်းအမှတ် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**(သန့်မောင်)**

## အမျိုးသားနေ့အခမ်းအနား ဥတ္တရသီရိမြို့နယ်၌ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂၄**

(၉၆)နှစ်မြောက် အမျိုးသားနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဥတ္တရသီရိမြို့နယ် အမှတ်(၁၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို အမှတ်(၁၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ပြည်မြန်မာသီချင်းဖြင့် ဖွင့်လှစ်ပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပေးပို့သော (၉၆)နှစ်မြောက် အမျိုးသားနေ့သဝဏ်လွှာကို ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီအောင်က ဖတ်ကြားသည်။

ထို့နောက် မြို့နယ်အဆင့် အမျိုးသားနေ့အထိမ်းအမှတ် ကဗျာ၊ ပန်းချီ၊ စာစီစာကုံးနှင့် ပိုစတာပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ကြပြီး အမှတ်(၁၂) အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက ဇာတိမာန်သီချင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(ရွှေရဲရင့်)**



## မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်းကကြီးမှူး၍ (၉၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၂၄**

(၉၆)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အဖြစ် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ မြို့မကျောင်း(အထက-၂ ဒဂုံ)မျက်နှာစာရှေ့တွင် မြို့မကျောင်းသား ကျောင်းသူဟောင်း အသင်းဝင်များ၊ အထက-၂ ဒဂုံနှင့် အထက-၃ ဒဂုံတို့မှ ကျောင်းသား ကျောင်းသူများ၊ အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ တက်ရောက်ကြသည့် အင်အား ၃၀၀ ခန့်တို့က ယနေ့နံနက် ၆ နာရီခွဲတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ပေါ်ရှိ ပထမကျောင်းသားသပိတ်ခေါင်းဆောင်များ၏ ကမ္ပည်းကျောက်စာတိုင်အား စီတန်းချီတက်သွားရောက် ဂါရဝပြုကြသည်။

ယင်းနောက် နံနက် ၉ နာရီတွင် မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း မွန်မြတ်ရတနာခန်းမ၌ အမျိုးသားအောင်ပွဲနေ့အခမ်းအနား၊ ထူးချွန်ဆုပေးပွဲနှင့် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် မြို့မကျောင်းသား ကျောင်းသူဟောင်းအသင်း ဥက္ကဋ္ဌ ဦးသန်းဝင်းက ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် အထက(၂) ဒဂုံ(မြို့မ) ကျောင်းမှ ကျောင်းသား ကျောင်းသူဟောင်းများက ဇာတိမာန်တေးသီချင်းကို သီဆိုဂုဏ်ပြုကြသည်။

ဆက်လက်၍ သားမြို့မနှင့်သမီးမြို့မဆုများကို ချီးမြှင့်ပြီး အမျိုးသားနေ့ စာပေဟောပြောပွဲကို ကျင်းပရာ ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ စာရေးဆရာမင်းကိုနိုင်နှင့် စာရေးဆရာမောင်သာချိုတို့က အမျိုးသားအောင်ပွဲနေ့နှင့် စာပေရေးရာများ ဟောပြောကြသည်။

ယင်းနောက် အထက(၂)ဒဂုံနှင့် အထက(၃)ဒဂုံတို့မှ စာစီစာကုံးပြိုင်ပွဲ ဆုရကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ကာ ကင်းထောက်အဖွဲ့ဝင် အမျိုးသား အမျိုးသမီးများ အလှူငွေပေးအပ်ပွဲကို ကျင်းပခဲ့သည်။

**သတင်း-ဇာနီမောင်၊**
**ဓာတ်ပုံ-ဌေးအောင်**

ကြေးမုံ



# တရုတ်နိုင်ငံအရှေ့ပိုင်း လုပ်ငန်းခွင်တစ်ခု၌ ပြမ်းကျိုးကျ၊ လူ ၆၇ ဦးသေဆုံး

**ပေကျင်း နိုဝင်ဘာ ၂၄**

တရုတ်နိုင်ငံအရှေ့ပိုင်းရှိ တည်ဆောက်ဆဲ လျှပ်စစ်ဓာတ်အားပေးစက်ရုံ လုပ်ငန်းခွင်တစ်ခု၌ ပြမ်းကျိုးကျခဲ့ရာ ဆောက်လုပ်ရေးအလုပ်သမား ၆၇ ဦးသေဆုံးခဲ့ပြီး နှစ်ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင် ဆင်ဟွာသတင်းဌာနက ယနေ့သတင်းထုတ်ပြန်သည်။

ယင်းဓာတ်အားပေးစက်ရုံသည် နိုင်ငံအရှေ့ပိုင်း ကျန်းရှီးခရိုင်တွင်တည်ရှိပြီး နိုဝင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ဆောက်လုပ်ရေးလုပ်သားများက ဓာတ်ပေါင်းဖိုတစ်ခု ဆောက်လုပ်နေစဉ် ပြမ်းကျိုးကျခဲ့ခြင်းဖြစ်သည်။ ကယ်ဆယ်ရေးလုပ်သားများက အပျက်အစီးများအောက်တွင် ပိတ်မိနေသော လုပ်သားများအား ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါဓာတ်အားပေးစက်ရုံတွင် ၁၆၈ မီတာရှည်လျားသော ဓာတ်ပေါင်းဖိုနှစ်ခုပါရှိမည်ဖြစ်သည်။

**ဆင်ဟွာ။**



# အင်ဒိုနီးရှားရဲတပ်ဖွဲ့များ အိုင်အက်စ်ချေမှုန်းရေး တိုးမြှင့်လုပ်ဆောင်

**ဂျာကာတာ နိုဝင်ဘာ ၂၄**

ဆီးရီးယားနိုင်ငံတွင်ရောက်ရှိနေသည့် အင်ဒိုနီးရှားလူမျိုး အကြမ်းဖက်သမား ဘာရမ်နန်နှင့် ဆက်နွှယ်နေသည့် အကြမ်းဖက်သမားများအား အင်ဒိုနီးရှားအကြမ်းဖက်နှိမ်နင်းရေးတပ်ဖွဲ့က အရှိန်အဟုန်မြှင့်ပြီး ရှာဖွေဖမ်းဆီးလျက်ရှိကြောင်း ရဲတပ်ဖွဲ့က ယနေ့ပြောကြားခဲ့သည်။

နိုဝင်ဘာ ၂၄ ရက်က ဂျာဗားကျွန်းအနောက်ပိုင်း မဂျန်လန်ကာမြို့တွင် အသက် ၂၃ နှစ်အရွယ်ရှိ ရီယိုပိတီနာဝီဘာဝါအား ဖောက်ခွဲရေးပစ္စည်းပြုလုပ်ရာတွင် သုံးသော ဓာတုပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ ၎င်းသည် အကြမ်းဖက်သမား ဘာရမ်နန်နှင့် အဆက်အသွယ်ရှိကြောင်း ရဲတပ်ဖွဲ့ပြောခွင့်ရသူ ဘွိုင်းရစ်လီအေမာက ပြောကြားသည်။

ဇန်နဝါရီလအတွင်းကလည်း အိုင်အက်စ်အဖွဲ့က ကော်ဖီဆိုင်တစ်ခုတွင် တိုက်ခိုက်ခဲ့ရာ လူရှစ်ဦးသေဆုံးခဲ့သည်။ ဘာရမ်နန်သည် စကော်ပူနိုင်ငံရှိ မရီနာပင်လယ်အော် အကြမ်းဖက်တိုက်ခိုက်မှုတွင် အဓိကကြိုးကိုင်ခဲ့သူဖြစ်သည်။ ၎င်းဖြစ်ရပ်နှင့်ပတ်သက်ပြီး အင်ဒိုနီးရှားအကြမ်းဖက်သမား ခြောက်ဦးကို ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံတွင် ယခုနှစ်အတွင်း အကြမ်းဖက်ဖြစ်ပွားမှုများ ပိုမိုများပြားလာခဲ့သည်။ အောက်တိုဘာ ၂၀ ရက်တွင် ရဲအရာရှိများက အိုင်အက်စ်အကြမ်းဖက်တိုက်ဖျက်ရေး ပိုစတာတစ်ခုကို လမ်းမီးတိုင်တစ်ခုတွင် ကော်ဖြင့်ကပ်နေစဉ် အကြမ်းဖက်သမားတစ်ဦးက ရဲအရာရှိများအား ဓားဖြင့်ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရဲသုံးဦးထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ ယင်းအကြမ်းဖက်သမားအား ရဲအရာရှိများက သေနတ်ဖြင့်ပစ်ခတ်ဖမ်းဆီးခဲ့သည်။

အီရတ်နှင့်အခြားသော အရှေ့အလယ်ပိုင်းနိုင်ငံများတွင် အိုင်အက်စ်စစ်သွေးကြွများအား ပြင်းထန်စွာ တိုက်ခိုက်ချေမှုန်းလျက်ရှိသည့်အတွက် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင်များသည် ၎င်းတို့ နေရပ်နိုင်ငံများသို့ ပြန်လည်ဝင်ရောက်လျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံသည် အကြမ်းဖက်တိုက်ခိုက် ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသည်။ လွန်ခဲ့သောနှစ်အနည်းငယ်က အင်ဒိုနီးရှားနိုင်ငံသား ၅၀၀ ကျော်သည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့သို့ ဝင်ရောက်ရန် ဆီးရီးယားနိုင်ငံသို့ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ။**

■

# အမေရိကန်ဒေါ်လာ သန်းချီတန်ဖိုးရှိ ကိုကင်းများ သီရိလင်္ကာ၌ သိမ်းဆည်းရမိ

**ကိုလံဘို နိုဝင်ဘာ ၂၄**

ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၈ သန်းတန်ဖိုးရှိ ကိုကင်းများကို သိမ်းဆည်းရမိကြောင်း သီရိလင်္ကာ အကောက်ခွန်အဖွဲ့က နိုဝင်ဘာ ၂၄ ရက်တွင် ပြောကြားသည်။




အဆိုပါမူးယစ်ဆေးများကို ဘရာဇီးနိုင်ငံမှ တင်ပို့သော သကြားပါဝင်သောကုန်သေတ္တာတစ်လုံးအတွင်း သို၀ှက်သယ်ဆောင်ကာ မှောင်ခိုတင်သွင်းလာခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

သင်္ဘောဖြင့် တင်ဆောင်လာသော ကုန်သေတ္တာတစ်လုံးအတွင်း သကြားအိတ်ရှစ်အိတ်တွင် သို၀ှက်ယူဆောင်လာသည့် ကိုကင်း ကီလိုဂရမ် ၂၀၀ ခန့်ကို သီရိလင်္ကာအကောက်ခွန် တာဝန်ရှိသူများက သိမ်းဆည်းရမိခဲ့ကြောင်း ၎င်းဌာန ပြောရေးဆိုခွင့်ရှိသူ ဒါမက်ဘီနာခါနာဒါဝါက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

မှောင်ခိုတင်သွင်းလာသော ယင်းကိုကင်းများကို သီရိလင်္ကာနိုင်ငံတွင်းရှိ ဈေးကွက်သို့ တင်သွင်းခြင်းသို့မဟုတ် အခြားဈေးကွက်များသို့ ဆက်လက်တင်ပို့ရန်ရှိ၊ မရှိ စုံစမ်းစစ်ဆေးသွားမည်ဖြစ်သည်။

အဆိုပါ ကုန်သေတ္တာသည် ဘရာဇီးနိုင်ငံမှ ဝင်ရောက်လာခြင်းဖြစ်ပြီး သီရိလင်္ကာရဲတပ်ဖွဲ့ မူးယစ်ဆေးဝါးနှိမ်နင်းရေးဗျူရိုက စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်နေပြီဖြစ်ကြောင်း ခါနာဒါဝါက ပြောကြားသည်။

သီရိလင်္ကာအကောက်ခွန်အဖွဲ့မှ သိမ်းဆည်းရမိသော မူးယစ်ဆေးများကို ရဲတပ်ဖွဲ့ မူးယစ်နှိမ်နင်းရေးဗျူရိုသို့ လွှဲအပ်ပေးခဲ့သည်။

ယခုနှစ် ဇွန်လအတွင်းက သီရိလင်္ကာနိုင်ငံသို့ ဘရာဇီးနိုင်ငံမှ ရောက်ရှိလာသော သကြားကုန်သေတ္တာများအတွင်းမှ ကိုကင်းများကို သိမ်းဆည်းရမိပြီးချိန်နောက်ပိုင်း သီရိလင်္ကာအကောက်ခွန်ဌာနက ယင်းနိုင်ငံမှတင်သွင်းသော သကြားသေတ္တာများကို ပိုမိုစစ်ဆေးမှုပြုလုပ်လာသည်။

**ဆင်ဟွာ။**

# လွတ်လပ်သောကုန်သွယ်ရေးသဘောတူညီချက် မြှင့်တင်ရေး တရုတ်နှင့် ချီလီ ဆွေးနွေးမှုများပြုလုပ်မည်

**ဆန်တီယာဂို နိုဝင်ဘာ ၂၄**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် လက်တင်အမေရိကဒေသရှိ နိုင်ငံတစ်နိုင်ငံဖြစ်သော ချီလီနိုင်ငံသို့ ရောက်ရှိနေပြီး လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီချက် တိုးမြှင့်အကောက်အထည်ဖော်နိုင်ရေးအတွက် နှစ်နိုင်ငံဆွေးနွေးမှုများ ပြုလုပ်သွားရန် သဘောတူညီခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နှင့် ချီလီနိုင်ငံတို့ ၂၀၀၅ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သည့် လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်ကို ပိုမိုကျယ်ပြန့်သည့် သဘောတူညီချက်အဖြစ် အကောင်အထည်ဖော်နိုင်ရေးအတွက် နှစ်နိုင်ငံ စေ့စပ်ဆွေးနွေးမှုများစတင်ရန် သမ္မတရှီကျင့်ဖျင်နှင့် ချီလီသမ္မတ မစ်ချယ်ဘာချီလက်တို့ သဘောတူညီခဲ့ကြသည်။

ချီလီနိုင်ငံ၌ တရုတ်ကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံရန် တိုက်တွန်းကြောင်း သမ္မတမစ်ချယ်က ပြောကြားသည်။

တရုတ်နှင့် ချီလီတို့အကြား ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူညီချက်များတွင် လွတ်လပ်စွာကုန်သွယ်ရေး သဘောတူညီချက်အပြင် ချီလီ၌ နက္ခတ္တဗေဒ အခြေစိုက်စခန်း ပူးတွဲထူထောင်ရေး၊ ဆန်တီယာဂိုမြို့၌ တရုတ်ယဉ်ကျေးမှုဌာန ထူထောင်ရေးတို့လည်း ပါဝင်သည်။

လွတ်လပ်သော ကုန်သွယ်ရေး သဘောတူညီချက်အရ ချီလီနိုင်ငံက တရုတ်နိုင်ငံသို့ တင်ပို့သော ကုန်ပစ္စည်းများ၏ ၉၇ ရာခိုင်နှုန်းအထိကို အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားသည်။

တရုတ်နိုင်ငံ၏ အကြီးဆုံးသော ဘဏ်အဖွဲ့အစည်းများတွင် ပါဝင်သော တရုတ်ဆောက်လုပ်ရေးဘဏ်သည် ဆန်တီယာဂိုတွင် ဇွန်လအတွင်းက ဘဏ်ခွဲတစ်ခုဖွင့်လှစ်ခဲ့သည်။

**ဆင်ဟွာ။**

■

# ဥရောပပါလီမန်ဥက္ကဋ္ဌ မာတင်ရှုတ်ဇ် ဂျာမနီနိုင်ငံရေးလောကသို့ ပြန်သွားမည်

**ဘရပ်ဆယ် နိုဝင်ဘာ ၂၄**

ဥရောပ ပါလီမန်ဥက္ကဋ္ဌ မာတင်ရှုတ်ဇ်သည် နောက်ရာထူးသက်တမ်းအတွက် ပါဝင်ယှဉ်ပြိုင်တော့မည်မဟုတ်ဟု ထုတ်ဖော်ပြောကြားကြောင်း၊ ရှုတ်ဇ်သည် ဂျာမနီနိုင်ငံရေးလောကသို့ ပြန်သွားရန် ရည်မှန်းကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ဥရောပသမဂ္ဂ(အီးယူ)၏ ဥပဒေပြုလွှတ်တော်ဥက္ကဋ္ဌအဖြစ် ပြန်လည်ရွေးကောက် တင်မြှောက်ခံနိုင်ရေးအတွက် ပါဝင်ယှဉ်ပြိုင်တော့မည်မဟုတ်ကြောင်း၊ ဂျာမနီဖက်ဒရယ်ပါလီမန်၌ အမတ်တစ်ဦးအဖြစ် ရွေးချယ် တင်မြှောက်ခံနိုင်ရေးအတွက် လာမည့်နှစ်တွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ရှုတ်ဇ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ရှုတ်ဇ်သည် နိုင်ငံခြားရေးဝန်ကြီး ထရန့်ဝေါ်လ်တာ စတိန်းမီယာ၏ ရာထူးနေရာကို ဆက်ခံဖွယ်ရှိသည်ဟူ၍ လည်းကောင်း၊ ကွန်ဆာဗေးတစ် အိန်ဂျလာမာကဲလ်အား စိန်ခေါ်မည့် ဆိုရှယ်ဒီမိုကရက် ကိုယ်စားလှယ်လောင်းဖြစ်လာနိုင်သည်ဟူ၍လည်းကောင်း ထင်ကြေးပေးပြောဆိုနေမှုများနှင့်ပတ်သက်၍ ရှုတ်ဇ်က မှတ်ချက်ပေး ပြောကြားခြင်းမရှိပေ။



**ရိုက်တာ။**

■

# မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းနှင့် မွတ်စလင်အဘွားများ သုခရိပ်သာသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၂၄**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် နိုဝင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် သံတမန်လမ်းရှိ မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းသို့ အလှူငွေကျပ် သိန်းသုံးဆယ် ပေးအပ်လှူဒါန်းခဲ့သည်။



အခမ်းအနားတွင် မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ညွန့်ညွန့်သိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျောင်းသမိုင်းအကျဉ်းချုပ်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အလှူငွေများ ပေးအပ်လှူဒါန်းပြီး ကျောင်းအုပ်ဆရာမကြီးက ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အဆိုပါကျောင်းအတွင်း နားမကြားသောကလေးများ လက်တွေ့သင်ကြားနေမှုများ၊ ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးမှုအစီအစဉ်များကို လှည့်လည်ကြည့်ရှုသည်။

မြန်မာနိုင်ငံခရစ်ယာန်အသင်းတော် မေရီချက်(ပ်)မင်း နားမကြားသော ကလေးများကျောင်းသည် နားမကြားသောကလေးများကို ပညာသင်ကြားပေးရန်နှင့် ပညာသင်ကြားပေးမည့် ဆရာ ဆရာမများ မွေးထုတ်ပေးရန် ရည်ရွယ်လျက် ၁၉၂၀ ခုနှစ်တွင် ဗြိတိသျှအမျိုးသမီး Ms. Mary Chapman က ဖွင့်လှစ်ပေးခဲ့သည်။ ယခုပညာသင်နှစ်တွင် ကျောင်းသားကျောင်းသူ ၃၇၀ ကျော် ပညာသင်ကြားလျက်ရှိသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သဃ်န်းကျွန်းမြို့နယ် သုခလမ်းရှိ ကျိုလီယာမွတ်စလင်သာသနာ့ရန်ပုံငွေအဖွဲ့မှ ဦးစီးဖွင့်လှစ်ထားသည့် အဘွားများ သုခရိပ်သာသို့ အလှူငွေကျပ် သိန်းနှစ်ဆယ် ပေးအပ်လှူဒါန်းသည်။

**(သတင်းစဉ်)**

# တိုင်းအုပ်ချုပ်ရေးမှူးနှင့် ပုသိမ်မြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ တွေ့ဆုံ

**ပုသိမ် နိုဝင်ဘာ ၂၄**

ဧရာဝတီတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန တိုင်းအုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဆန်းသည် နိုဝင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီခွဲတွင် ပုသိမ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်ထွန်း၊ ပုသိမ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းတို့နှင့်အတူ ပုသိမ်မြို့နယ် စုပေါင်းရုံးခန်းမ၌ ပုသိမ်မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု စာရေးဝန်ထမ်းများ စုစုပေါင်း ၁၇၅ ဦးနှင့် တွေ့ဆုံခဲ့သည်။



တွေ့ဆုံပွဲတွင် တိုင်းအုပ်ချုပ်ရေးမှူး ဦးမောင်မောင်ဆန်းက ၂၀၁၂ ခုနှစ် ရပ်ကွက် (သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအား အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ပြီး အုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများအား ဥပဒေနှင့်အညီ ဆောင်ရွက်ရေး၊ ဒေသခံပြည်သူများနှင့် တစ်လလျှင် အနည်းဆုံးတစ်ကြိမ် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရေး တို့အား ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **မြင့်ဟန် (ပြန်/ဆက်)**

# မုံရွာမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေး

**မုံရွာ နိုဝင်ဘာ ၂၄**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် သစ္စာစီမံချက်အရ အခြေခံပညာကျောင်းများရှိ ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ စဉ်ဆက်မပြတ် ပြုလုပ်ပေးလျက်ရှိရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ မုံရွာမြို့နယ် ဦးစီးမှူးရုံးဝန်ထမ်းများက နိုဝင်ဘာ ၂၃ ရက်တွင် မုံရွာ အထက(၂)၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မုံရွာ အထက(၂)ကျောင်းမှ အဋ္ဌမတန်း ကျောင်းသားကျောင်းသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးကာ နဝမတန်းနှင့် ဒသမတန်း ကျောင်းသား ကျောင်းသူ ၁၄၃ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြားများ လက်ဝယ်အရောက်ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်က နိုင်ငံသားစိစစ်ရေးကတ်နှင့်ပတ်သက်၍ သိကောင်းစရာများကို အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါမုံရွာအထက(၂)ကျောင်းတွင် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပေးအပ်ပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်နှင့် ဒေါ်အမာကြည်၊ တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးပိုင်မြင့်၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးသန်းဝင်း၊ မုံရွာခရိုင်ဦးစီးမှူး ဦးမင်းအောင်၊ ဒုတိယခရိုင်ဦးစီးမှူး ဦးခင်မောင်မြင့်၊ မြို့နယ်ဦးစီးမှူး ဦးကျော်ထွန်းတို့ တက်ရောက်အားပေးခဲ့ကြကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

မြို့ ရွာ တစ် ခွင် သာ စေ ချင် မီး တွင် မ ပေါ့ နှင့်

**❂ မန္တလေးတက္ကသိုလ်မှ**

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ ကြေးရုပ်တုဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးတက္ကသိုလ်ကျောင်းသားဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်မောင်၊ ဦးရာဇတ်၏သားကြီး ဦးတင်မြင့်နှင့် မန္တလေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသီတာဝင်းတို့က ရုပ်တုအားစက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

**အေးမြ(မန္တလေး)**

**❍ ၂၀၁၆ ဆူဇူကီးဖလားမှ**

ဖိလစ်ပိုင်-ထိုင်း ပွဲရလဒ်ကိုလည်း စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာအသင်းပါဝင်သော အုပ်စု(ခ)တွင် ဗီယက်နမ်က နှစ်ပွဲနိုင် ခြောက်မှတ်ဖြင့် နောက်တစ်ဆင့် တက်သွားပြီး သုံးမှတ်စီရထားသည့် မြန်မာနှင့် မလေးရှားအသင်းတို့ မျှော်လင့်ချက်ရှိနေကာ နှစ်ပွဲစလုံးရှုံးခဲ့သည့် ကမ္ဘောဒီးယားအသင်းမှာ အုပ်စုမှ ထွက်ခဲ့ရပြီဖြစ်သည်။ အုပ်စုနောက်ဆုံးပွဲအဖြစ် နိုဝင်ဘာ ၂၆ ရက် ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ အိမ်ရှင် မြန်မာနှင့် မလေးရှား၊ ဝဏ္ဏသိဒ္ဓိကွင်း၌ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယခုပြိုင်ပွဲတွင် အုပ်စုတွင်း၌ အသင်းများ အမှတ်တူပါက ဂိုးကွာခြားချက်ဖြင့် ဦးစားပေးဆုံးဖြတ်မည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် မလေးရှားကို သရေကစားရုံဖြင့် ဆီမီးဖိုင်နယ် တက်ရောက်မည်ဖြစ်သည်။

မြန်မာအသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့ တစ်ကြိမ်သာ တက်ရောက်ခဲ့ဖူးပြီး ဒုတိယအကြိမ် တက်ရောက်ခွင့်ရရန် အခွင့်အရေးကောင်းနေခြင်းဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

**❂ ကျောဖုံးမှ**

လက်ရှိကာလ နိုဝင်ဘာလဆန်းပိုင်းတွင် အဦးဆုံးရောက်ရှိလာသော ငှက်များဖြစ်သည့် တောငန်းရိုင်း (Greylag goose)၊ ခရုတုတ် (Asian openbill)၊ ဟင်္သာ၊ ဥပန်းငှက် (Oriental darter)နှင့်အတူ အခြား ရှားပါးငှက်မျိုးစိတ်များ ရောက်ရှိနေပြီဖြစ်သည်။

လက်ရှိကာလတွင် ပလိပ်အင်းအတွင်း ဆောင်းခိုငှက်များ ဝင်ရောက်လာပြီဖြစ်သည့်အတွက် ငှက်ချစ်မြတ်နိုးသည့် ဓာတ်ပုံဆရာများမှ အင်းအတွင်း ငှက်အလှဓာတ်ပုံများ နေ့စဉ်ရိုက်ကူးလျက်ရှိသည်။ ရိုက်ကူးမှုတွင် ငှက်များ အနှောင့်အယှက်မဖြစ်ရေး သဘာဝအတိုင်းနေထိုင်ကျက်စားမှုကို အထူးဂရုပြုရိုက်ကူးရကြောင်းနှင့် အနယ်နယ်အရပ်ရပ်မှ ငှက်ချစ်မြတ်နိုးသူများ၊ ဓာတ်ပုံဆရာများမှ ဆောင်းခိုငှက်များကို မှတ်တမ်းဓာတ်ပုံရိုက်ကူးနိုင်ပြီဖြစ်ကြောင်း ပလိပ်မှ ဆောင်းခိုငှက်များကို အလှဓာတ်ပုံရိုက်ကူးသည့် ဒေသခံ ကိုဟိန်းက ပြောပြသည်။

**(တိမ်တမန်)**

# ရထားတိုက်မှုဖြစ်စဉ် လျှော့နည်းကျဆင်းရေး အသိပညာပေး

**ဟင်္သာတ နိုဝင်ဘာ ၂၄**

ရထားရဲတပ်ဖွဲ့ အမှတ်(၂၀)တပ်ဖွဲ့ (ဟင်္သာတ)အပိုင်နယ်မြေအတွင်း ရထားလမ်းတစ်လျှောက် ရထားကြိတ်/တိုက်မှုများ ဖြစ်ပွားလျက်ရှိရာ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ လူ၊ တိရစ္ဆာန်တို့ တိုက်ခိုက်မှုလျှော့နည်းကျဆင်းရေးအတွက် နိုဝင်ဘာ ၂၃ ရက်က ဟင်္သာတ ရထားရဲစခန်းမှူး ဒုရဲအုပ်မောင်မောင်သန်းနှင့် တပ်ဖွဲ့ဝင်များသည် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြန်မာ့မီးရထားဝန်ထမ်းများနှင့်ပူးပေါင်း၍ ဘုရားကုန်းကျေးရွာနှင့် ရွာသာကျေးရွာရှိ ကျွဲ၊နွား၊ တိရစ္ဆာန်ပိုင်ရှင်များ၊ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်မောင်းနှင်သူများအား အသိပညာပေးဟောပြောဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

**(ရထားရဲတပ်ဖွဲ့)**

# မွန်ပြည်နယ် ဥပဒေချုပ်ရုံးနှင့် ပြည်နယ်အတွင်းရှိ ခရိုင်/မြို့နယ် ဥပဒေရုံးများ လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မော်လမြိုင် နိုဝင်ဘာ ၂၄**

မွန်ပြည်နယ်ဥပဒေချုပ်ရုံးနှင့် ပြည်နယ်အတွင်းရှိ ခရိုင်/မြို့နယ် ဥပဒေရုံးများ၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက မွန်ပြည်နယ်ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မွန်ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်ဥပဒေအရာရှိတို့က တရားစွဲအမှုလိုက်လုပ်ငန်းများ၊ စီမံငွေစာရင်းကိစ္စများ ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီဆောင်ရွက်ရန်၊ ဥပဒေရုံးများအနေဖြင့် အများပြည်သူယုံကြည်အားကိုးသည့် ရုံးများအဖြစ် ရပ်တည်ဆောင်ရွက်ရန်၊ လာဘ်ပေးလာဘ်ယူကင်းရှင်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေအရာရှိများက ပြည်ထောင်စုရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အများပြည်သူအား ဥပဒေအရ ကာကွယ်စောင့်ရှောက်ရန် ပြောကြားပြီး တက်ရောက်လာသည့် ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများက လုပ်ငန်းဆောင်ရွက်ချက်များအား ပြန်လည်တင်ပြဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ထလော့မြန်မာ မြန်မာထလော့

ယောနကဘိုးထောင်

ကျွန်တော့်နှလုံးကျန်းမာရေးမှာ တစ်နေ့ရွှေ တစ်နေ့ငွေ ဖြစ်နေပါပြီ။ ရေဝေးနှင့် ထိန်ပင်ကိုနီးနေပါပြီ။ ဇရာ၏ ခါးကျိုးမှုကြောင့် တစ်ခေါင်းလုံးငွေရောင်ဆံပင် ခနေသည်။ ပါးရေနားရေ တွန့်နေပြီး သွားတွေကျိုးကာ ကျိုးတိုးကျဲတဲ ဖြစ်နေသည်။ ဆရာကြီးဦးသိန်းဟန်(ဇော်ဂျီ) ကို ပြေးသတိရမိသည်။ “စာကောင်းရေးချင်ရင် စိတ်ကောင်းမွေးရတယ်” ဟူသော စကားအလှပင်ဖြစ်သည်။ ဘဝကိုယ်စီတွင် အလှကိုယ်စီရှိပါသည်။ ထို့ကြောင့် အလှတွင် အယဉ်ဆင့် အသွင်တင့်ဖို့ လိုအပ်ပါသည်။

စာပေသည် လူသားတို့အတွက် ဘဝအလင်းရောင်ဖြစ်သည်။ စာပေပညာရှင်များသည် အလင်းရောင်ကို ဖန်တီးကြသူများဖြစ်သည်။ လောကအလင်းသည် သာယာဝပြောလှပါသည်။ အမှောင်ကား ဘဝလူ့လောကကို အရုပ်ဆိုး အကျည်းတန်စေပါသည်။ စာပေမြင့်မှ လူမျိုးတင့်မည်ဖြစ်သည်။ တိုင်းပြည်ဖွံ့ဖြိုးရေးတွင် ပညာပြည့်ဝ နှလုံးလှမှသာလျှင် ကောင်းမွန်မည်။

မြန်မာပြည်ကြီးအလှကား ဧရာဝတီ၊ ချင်းတွင်း၊ သံလွင်၊ စစ်တောင်းမြစ်ကြီးနှင့် ချောင်းမြောင်းများ ပေါလှသည်။ သစ်တောသစ်ပင် သယံဇာတပေါပြည့်ဝ၏။ ရေ၊ လေ၊ မြေ သဘာဝအလှကား ပြည့်စုံသည်။ မြန်မာမင်းအဆက်ဆက် ရွှေတိုင်းပြည်၊ ငွေတိုင်းပြည်၊ ပတ္တမြားတိုင်းပြည်ဖြစ်ခဲ့သည်။ သို့သော် လူအရင်းအမြစ်စနစ် အာဏာအလွဲသုံးစား လုပ်ခဲ့သောကြောင့် တိုင်းပြည်မှာ ပြာပုံဘဝသို့ ပြောင်းသွားခဲ့သည်။ ခေတ်ကို အပြစ်တင်မလား စနစ်ကို အပြစ်တင်ရမလား။ ဝေခွဲစဉ်းစား ပညာယူသင့်လှပါသည်။ ရွှေနိုင်ငံ၊ ရွှေတိုင်းပြည်ကြီးမှာ ရွံ့နိုင်ငံ ရွံ့တိုင်းပြည်ဖြစ်ခဲ့ရပြီ။ အလုပ်သမား၊ ကျောင်းသား၊ လယ်သမားများ ချွေး၊ သွေး၊ အသက် ပေးဆပ်ခဲ့ကြရသည်။ လူထုကောင်းစားရေးထက် လူတစ်စု ကောင်းစားရေးက အဓိကကျသွားတော့သည်။

မြန်မာနိုင်ငံကို အင်္ဂလိပ်၊ ဂျပန်တို့ အုပ်ချုပ်သွားခဲ့သည်။ လူ့စိတ်ဓာတ်များ မညီမညာ ပြည်မသာယာခဲ့ပေ။ သူတစ်လူ ငါတစ်မင်း အချင်းချင်းပြည်တွင်းစစ်ခင်းနေကြသည်။ စာပေ၊ ဂီတ၊ ရုပ်ရှင်အနုပညာများပင် ကိုယ်ရည်ကိုယ်သွေး ပျောက်လျက် တရုတ်၊ ကိုရီးယားယဉ်ကျေးမှုတို့ ဝင်ရောက်ပေါက်မြောက် ရှင်သန်လာခဲ့သည်။

မြန်မာ့လူအရင်းအမြစ်မှာ ပညာရေးညံ့၊ စီးပွားရေးညံ့၊ အညံ့ပေါင်းစုံတို့က မြန်မာစိတ်အတွင်း သက်ဆင်းကျန်တော့သည်။ အရှေ့တောင်အာရှတွင် ဟိုတစ်ချိန်က ကျားနိုင်ငံဖြစ်ခဲ့သည်။ ယခုသော်ကား ကြောင်နိုင်ငံဖြစ်သွားတော့၏။ ၂၀၁၄ သန်းခေါင်စာရင်းအရ သန်း ၅၀ကျော် လူဦးရေစာရင်း အမှန်ထွက်ပေါ်လာသည်။ လူဦးရေ ၁၀ သန်းခန့်မှာ ရေကြည်ရာ မြက်နုရာ ပြောင်းကြသည်။ ကပ်သင့်သူများ အမျိုးမျိုးအဖုံဖုံ လူ့သယံဇာတ ဆုံးရှုံးသွားခဲ့ရသည်။ မြန်မာယောကျ်ားများ တိုင်းတစ်ပါးတွင် ငွေဝယ်ကျွန်လုပ် နေရသည်။ မြန်မာမိန်းကလေးများ တိုင်းတစ်ပါးတွင် အလုပ်လုပ်နေကြရသည်။ မြန်မာနိုင်ငံ ဆင်းရဲတွင်းနစ်နေသည်။ စက်မှုလက်မှု၊ စာရိတ္တအကုန်လုံး ပျက်သုဉ်းနေသည်။ မြန်မာ့ပညာရေးမှာ ဘွဲ့ရသော်လည်း ပညာနတ္ထိဘာမသိ ဖြစ်နေ၏။ ကျန်းမာရေးမှာ ရောဂါပေါင်းစုံအကုန်လုံးရှိနေသည်။ ဆေးရုံ ဆေးဝါးများကား ငွေအသပြာခင်း၍ သွားနေကြရသည်။

မြန်မာလမ်းကား မလှမပ မပြည့်ဝခဲ့ပေ။ ပြည်သူလူထု လက်သန်းတိုက်ပွဲမှာ ပြောင်းလဲချိန်တန်၍ အပြောင်းအကောင်းဘက်သို့ ရောက်ရှိလာခဲ့ပါပြီ။

ဥပဒေကြီးသုံးရပ်ပေါ်ခဲ့သည်။ ၁၉၄၇ အခြေခံဥပဒေ၊ ၁၉၇၄ အခြေခံဥပဒေ၊ ၂၀၀၈ အခြေခံဥပဒေ၊ ပြောင်းလဲခဲ့ကြသည်။ ကောင်းပါသည်။ ဟိုရှေးယခင်က မြန်မာလက်ဖက်ရည်ကြမ်းဝိုင်းသည် နိုင်ငံလွှတ်တော်နှင့် အလားသဏ္ဍာန်တူသည်။ မညီသည်ကို ညီအောင်ညှိယူသည်။ အသွင်မတူ၊ အမြင်မတူသည်ကို တစ်သွေးတစ်ရောင်တည်း ခြယ်ကြမည်။ ပူးပေါင်းလုပ်ကိုင်မှသာ အကျိုးရှိမည်။ စည်းလုံးခြင်းသည် ခွန်အားကို ဖြစ်စေပါသည်။ ဆရာဇော်ဂျီ၏ လက်ဖက်ရည်ကြမ်းဝိုင်းရသမှ ယနေ့နိုင်ငံတော် အခင်းအကျင်းဖြစ်သည်။ မြုပ်နေသည်တို့ ပေါ်လာသည်။ ဟုတ်နေသည်တို့ ကျော်လာသည်။ ဆိုးမွေထက် ကောင်းမွေကိုဆက်ခံတတ်ဖို့လိုသည်။

ဗန်းမော်ညိုန္တဲ့၏ ကျေးလက် လက်ဖက်ရည်ကြမ်းဝိုင်းကို သတိရမိသည်။ ကျေးလက်မှ လက်ဖက်ရည်ကြမ်းဝိုင်းမှာ ရွာသစ်တည်ခဲ့ဖူးသည်။ ကျီသစ်ဆောက်ခဲ့ဖူးသည်။ လမ်းသစ်ဖောက်ခဲ့ဖူးသည်။ လက်ဖက်ရည်ကြမ်းတစ်လင်ဗန်းနှင့် ရွာ၏ အကျိုးစီးပွားကို မြတ်နိုးချစ်ခင်အလှဆင်ခဲ့ဖူးပါသည်။ ယခုကောင်းလျှင် နောင်ကောင်းမှာ သေချာပါသည်။ ဘေးထိုင်ဘုပြောနေလျှင် ဘိုင်ကျမှာ သေချာပါသည်။ မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုမွေးကြပါမည်။ ကောင်းမှု မြတ်နိုး၊ ကောင်းအောင်ကြိုး၍ ကောင်းကျိုးကိုယ်၌ တည်စေညီစေရပါမည်။

ကျွန်တော်၏အတွေးအရေးထဲသို့ ၁၉၃၅ ခုနှစ် ဩဂုတ်လထုတ် ကြီးပွားရေးမဂ္ဂဇင်းအတွဲ ၃၊ အမှတ်-၁၁ မှ ဆရာဇော်ဂျီ၏ တို့တိုင်းပြည်ကဗျာလေး အတွေးပုံရိပ်သစ်ထဲ တိုးဝင်လာပါသည်။

## တို့တိုင်းပြည်

❖ **ထလော့ မြန်မာ၊ အိုမြန်မာတို့**
**တို့ရွာတို့မြေ၊ တို့ရွာမြေဝယ်**
**စေတီစပါး၊ များလည်းများ၏**
**များပါလေလဲ၊ တမွဲမွဲနှင့်**
**ဆင်းရဲကာသာ၊ ကာလကြာလျှင်**
**ယာစကာမျိုး၊ တညိုးညိုးနှင့်**
**ပုထိုးမြင့်မောင်း၊ ကျောင်းကြိုကျောင်းကြား**
**လှည့်လည်သွားလျက်**
**မစားလေရ၊ ဝမ်းမဝ၍**
**ဆွမ်းမျှမတင်နိုင်ရှိမည်တည်း။**

❖ **ထလော့ မြန်မာ၊ အို မြန်မာတို့**
**တို့ရွာ တို့မြေ တို့ရွာမြေဝယ်**
**ရေချိုသောက်ရန်၊ မြစ်ချောင်းကန်နှင့်**
**သီးနှံချိုပျား များလည်းများ၏**
**များပါလေလဲ၊ တမွဲမွဲနှင့်**
**ဆင်းရဲကာသာ၊ ကာလကြာလျှင်**
**မြင်သာမြင်ရ၊ မစားရ၍**
**တောကပြိတ္တာ ဖြစ်မည်တည်း။**

❖ **ထလော့မြန်မာ၊ မြန်မာထလော့**
**အားမပျော့နှင့်၊ မလျှော့လုံ့လ**
**သူကစ၍၊ ငါကအားလုံး**
**လက်ရုံးမြားမြောင်၊ ဉာဏ်မြားမြောင်နှင့်**
**စွမ်းဆောင်ကြလေ ဆောင်ကြလေလော့**
**ဤမြေ ဤရွာ ဘယ်သူ့ရွာလဲ**
**ဤယာစပါး၊ ဘယ်သူ့စပါးလဲ**
**ထားလော့တာဝန်၊ ပွန်လော့လုပ်ငန်း**
**ဉာဏ်ရှေ့ပန်း၍**
**တစ်ဝမ်းတစ်စိတ်ညီစေသတည်း။**

ဆရာကြီးဇော်ဂျီ၏ကဗျာဖတ်ပြီး ကျွန်တော်ပျော်ရွှင်ကြည်နူးရပါသည်။ ယနေ့ယခု မျက်မြင်အလှသည် ဆရာကြီးဇော်ဂျီ၏ တို့တိုင်းပြည်ကဗျာကဲ့သို့ အဆိုးကိုဖယ်၍ အကောင်းအမြတ်အသန့်တွေနှင့် တာဝန်ကျေပွန်ကြရမည်။ ဉာဏ်ရည်ဉာဏ်သွေးကောင်းဖြင့် လက်မှုပညာမှသည် စက်မှုပညာဆီသို့ ချီတက်ကြရမည်။ နည်းပညာသည် အဓိက၊ ကြိုးစားမှုသည် ပဓာနအချိန်ဖြစ်၏။ တစ်ဝမ်း၊ တစ်စိတ်၊ တစ်သွေး၊ တစ်သံ၊ တစ်ရောင်တည်း ငြိမ်းချမ်းရေးအဖြူအသွေး ခြယ်ကာ အမိမြန်မာနိုင်ငံကြီးကို အလှဆင်ကြရပါမည်။ အိမ်နီးချင်းဖြစ်သော တရုတ်၊ ထိုင်း၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား အာဆီယံနိုင်ငံများနှင့် လက်တွဲကာ အနောက်အရှေ့၊ အာရှ၊ အာဖရိက၊ ဥရောပတို့နှင့် ပူးပေါင်းလုပ်ဆောင်ကြရပါမည်။ ကမ္ဘာကြီးသည် ရွာကြီးတစ်ရွာ ဖြစ်သွားပေပြီ။ ကမ္ဘာ့ရွာကြီးထဲတွင် မြန်မာ့အလှကမ္ဘာ့စံချိန် စံတော်ဝင်ဖို့လိုသည်။ ကြိုးစားမှသာ တိုးပွားကြပါမည်။ သူတစ်လူ ငါတစ်မင်းနှင့် အချင်းချင်းရန်စောင်ကာ အိမ်ကြက်ချင်းအိုးမဲသုတ်ခွပ်နေလျှင် မြန်မာ နာမည်။ ငြိမ်းငြိမ်းချမ်းချမ်း စိမ်းစိမ်းလန်းလန်းဖြစ်ဖို့လိုသည်။ စုပေါင်းညီညာစွာ တက်ညီလက်ညီလုပ်ကိုင်မှသာလျှင် ကမ္ဘာတွင် မြန်မာပြည်တော်သာယာပါမည်။

အမိမြန်မာနိုင်ငံ၊ အဖမြန်မာနိုင်ငံတော်ကြီးသည် ယနေ့ယခုအခါတွင် ထဖို့၊ ကြွဖို့၊ နိုးကြားဖို့လိုနေပါပြီ။ တည်ဆောက်ပြုပြင် မြန်မာပြည်တစ်ခွင်ကို လူသယံဇာတနှင့် အဓိကပြောင်းလဲပစ်ဖို့လိုသည်။ ညီညွတ်မှ ပြည်သစ်ပါမည်။ ညီညာမှ ပြည်သာပါမည်။ စည်းလုံးညီညာ အောင်ကြောင်းဖြာဖို့ဆိုရာတွင် ဆွေးနွေးတွေ့ဆုံ မေးမြန်းစုံစမ်းအဖြေရှာတည်ဆောက်ကြရပါမည်။ နိုင်ငံတော်တစ်ခုကို တည်ဆောက်ပြုပြင်ရာတွင် ပြည်သူလူထုအားကို အများကြီးလိုပါသည်။ မေတ္တာသစ္စာနိုင်ငံတော်ဖြစ်မှ ပြည်သူလူထု ကျန်းမာချမ်းသာပါမည်။

မြန်မာ့အရေးကို မြန်မာများကပင်လျှင် အမြန်မနှေးဘဲ ဆောင်ရွက်ဖို့လိုသည်။ မြန်မာသည် ကမ္ဘာတွင် အညီအမီလိုက်နိုင်ရန်မှာ တံခါးဖွင့်ဝါဒကို လက်ကိုင်ထားရပါမည်။ ပွင့်လင်းမြင်သာလွတ်လပ်မှုသည် အရေးပါသည်။ မြန်မာတိုးတက်အောင်မြင်ဖို့ဆိုလျှင် ထိုင်နေလို့က ဘာမှဖြစ်မလာနိုင်ပါပေ။ သို့ဖြစ်ရာ **“ထလော့မြန်မာ- မြန်မာထလော့”** ဟူ၍ တပ်လှန့်နှိုးဆော်လိုက်ရပါသည်။

နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ။

**အမိမြန်မာနိုင်ငံ၊ အဖမြန်မာနိုင်ငံတော်ကြီးသည် ယနေ့ယခုအခါတွင် ထဖို့၊ ကြွဖို့၊ နိုးကြားဖို့လိုနေပါပြီ။ တည်ဆောက်ပြုပြင် မြန်မာပြည်တစ်ခွင်ကို လူသယံဇာတနှင့် အဓိကပြောင်းလဲပစ်ဖို့လိုသည်။ ညီညွတ်မှ ပြည်သစ်ပါမည်။ ညီညာမှ ပြည်သာပါမည်။ စည်းလုံးညီညာ အောင်ကြောင်းဖြာဖို့ဆိုရာတွင် ဆွေးနွေးတွေ့ဆုံ မေးမြန်းစုံစမ်းအဖြေရှာ တည်ဆောက်ကြရပါမည်။ နိုင်ငံတော်တစ်ခုကို တည်ဆောက်ပြုပြင်ရာတွင် ပြည်သူလူထုအားကို အများကြီးလို...**

# CB ဘဏ်မှ Demand Loan စနစ်ဖြင့် သိန်းပေါင်း ၄၆၀၀ ထုတ်ချေး

**ရန်ကုန် နိုဝင်ဘာ ၂၄**

သက်တံရောင်စဉ် မြန်မာ့ရတနာအနုပညာလက်ရာပစ္စည်းနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းလီမိတက်မှ အသင်းသူ အသင်းသားများကို သမဝါယမဘဏ်လီမိတက် (CB Bank)က သိန်းပေါင်း ၄၆၀၀ ထုတ်ချေးကြောင်း အဆိုပါအသင်း၏ အထွေထွေအတွင်းရေးမှူး ဦးသန်းဝင်းက ပြောသည်။

“ပြီးခဲ့တဲ့ နှစ်လလောက်ထဲက CB ဘဏ်နဲ့ချိတ်ပြီးတော့ အသင်းသူ အသင်းသားတွေကို သူတို့ရဲ့စီးပွားရေးတွေ ပိုပြီးတိုးတက်လုပ်ကိုင်နိုင်အောင် ချေးငွေထုတ်ပေးချင်တဲ့အတွက် အခုလိုဆောင်ရွက်တာပါ။ တစ်ဦးကို သိန်း ၂၀၀ ထုတ်ချေးပါတယ်”ဟု ဦးသန်းဝင်းက ပြောသည်။

အဆိုပါ ချေးငွေကို ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ဆရာစံပလာဇာတွင် မြန်မာ့လက်မှုပစ္စည်းများနှင့် ပြည်တွင်းထွက်ရတနာများ ရောင်းချသည့် အသင်းသူ အသင်းသားများ၏ ဆိုင်ခန်းပေါင်း ၂၄ ခန်းအနက် ၂၃ ခန်းအား ချေးယူသုံးစွဲခွင့်ပြုခဲ့ပြီး ဆိုင်ခန်းတစ်ခန်းမှာ ချေးငွေမယူကြောင်း သိရသည်။

“ချေးငွေရတဲ့အတွက် ဝမ်းသာတယ်။ အတိုးနှုန်းက နည်းတယ်လေ။ ကျပ် ၁၀၀ မှ တစ်ကျပ် ပြား ၂၀ ပဲပေးရတယ်။ ဘယ်မှာမှမပေးတဲ့အတိုးနှုန်းနဲ့ ပေးထားတယ်။ အရင်တုန်းက ပိုင်ဆိုင်မှုပြရသေးတယ်။ အခုပြစရာမလိုဘူး။ အရင်ထက်အများကြီးရင်းထားလို့ရတယ်။ ကိုယ့်ဆီမှာ ပစ္စည်းစုံတဲ့အတွက် နိုင်ငံခြားသားတွေလည်း ပိုလာတယ်”ဟု အသင်းသားတစ်ဦးက ပြောသည်။

အတိုးနှုန်းအနေဖြင့် အသင်းသားတစ်ဦး၏ ချေးငွေအဖြစ်ရရှိသော ငွေကြေးတန်ဖိုး၏ တစ်နှစ်စာအတိုးနှုန်းမှာ ဘဏ်သို့ပေးချေရမည့် တစ်နှစ်စာ အတိုးနှုန်း ၁၃ ရာခိုင်နှုန်းနှင့်အသင်းသို့ ရန်ပုံငွေအဖြစ် တစ်နှစ်အတိုးနှုန်း နှစ်ရာခိုင်နှုန်း ပေးချေရမည်ဖြစ်ပြီး ချေးငွေသက်တမ်းမှာ တစ်နှစ်ဖြစ်ကြောင်း သိရသည်။

**(ဇာနည်မောင်)**

# ဘာကြောင့် ဒေါ်လာဈေးမငြိမ်သလဲ

## သက်ဇင်မိုး

ပြီးခဲ့သည့် အောက်တိုဘာလ ၃ ရက်က ၁၂၇၈ ကျပ်ရှိခဲ့သော ဒေါ်လာဈေးသည် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ၁၃၂၃ ကျပ် ဖြစ်လာခဲ့သည်။ ဆက်မတက် ဘူးဟု ပြော၍မရ။ ဟိုးတုန်းက ဘယ်လောက်ထိတက်ဖူး လဲဟု ပြန်မေးမိသည်။ မှတ်တမ်းမှတ်ရာများအရ ၂၀၀၇ ခုနှစ်တွင် ၁၃၇၈ ဒသမ ၅၃ ကျပ်အထိ တက်ခဲ့ဖူးသည်ကို တွေ့ရသည်။

### နှုန်းရှင်ငွေလဲလှယ်နှုန်းစနစ်

ယခုအခြေအနေအရ နိုင်ငံခြားငွေလဲလှယ်နှုန်း မတည်ငြိမ်ဟုပြောနိုင်သည်။ မြန်မာနိုင်ငံ၏နိုင်ငံခြား ငွေလဲလှယ်နှုန်းစနစ်မှာ ထိန်းကျောင်းမှုရှိသည့်နှုန်းရှင် ငွေလဲလှယ်နှုန်းစနစ် (Managed Floating Exchange Rate Regime) ဖြစ်သည်။ ဤစနစ်မတိုင်မီက တစ်နည်း အားဖြင့် ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်မတိုင်မီကစနစ်မှာ နိုင်ငံခြားငွေလဲလှယ်နှုန်း အမျိုးမျိုးစနစ် (Multiple Exchange Rate Regime) ဖြစ်သည်။ တရားဝင် သတ်မှတ်သည့်လဲလှယ်နှုန်း ၆ ကျပ်နှင့် ပြင်ပပေါက်ဈေး နိုင်ငံခြားငွေလဲလှယ်နှုန်း ၈၀၀ ကျပ် ကျော်သည် အဆများစွာကွာခြားနေသည့်အပြင် ပို့ကုန်ရငွေဖြစ် သော နိုင်ငံခြားငွေ၏ ဈေးနှုန်း၊ ရွှေက်စိမ်းဈေးနှုန်း၊ စာရင်း ပြောင်းရောင်းဝယ်သောဈေးနှုန်း၊ ဟွန်ဒီဈေးနှုန်းစသည် ဖြင့် လဲလှယ်နှုန်း အမျိုးမျိုးရှိနေသည့်စနစ်ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ (IMF) သို့ ၁၉၅၂ ခုနှစ်တွင် ဝင်ရောက်နိုင်ခဲ့သော မြန်မာနိုင်ငံ သည် IMF အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အားလျော်စွာ နိုင်ငံခြားငွေလဲလှယ်နှုန်း အမျိုးမျိုးဖြစ်နေသည့် စနစ် အစား နိုင်ငံခြားငွေလဲလှယ်နှုန်း နှုန်းရှင်တစ်မျိုးတည်း ထားရှိကျင့်သုံးသည့်စနစ်ကို ဖော်ဆောင်ရန်၊ နိုင်ငံခြား ငွေဈေးကွက်များ ဖွံ့ဖြိုးတိုးတက်အောင်ဖော်ဆောင်ရန်၊ အစိုးရ၏သတ်မှတ်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းသည် ဈေးကွက်ပေါက်ဈေးနှင့် အနီးစပ်ဆုံးအခြေအနေတွင် ရှိနေရန်၊ နိုင်ငံပိုင်နိုင်ငံခြားသီးသန့်ရန်ပုံငွေလုံလောက် စွာ ရှိနေစေရန်တို့ကို IMF က အစဉ်မပြတ်တိုက်တွန်း ခဲ့သည်။

သို့ဖြစ်၍လည်း ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ အဆမတန်ကွာခြားနေသော တရားဝင်နှုန်းနှင့် ဈေးကွက်နှုန်းတို့ကို တစ်မျိုးတည်းဖြစ်အောင်ပေါင်းစည်း ခြင်း (Exchange Rate Unificate) ကို ဆိုးကျိုး သက်ရောက်မှု အနည်းဆုံးဖြင့် ဆောင်ရွက်ခဲ့သည်။ ထိုအချိန်မှစ၍ Official rate နှင့် Market rate တို့ သည် များစွာမကွာခြားတော့ချေ။

### နိုင်ငံ့စီးပွားရေးထိခိုက်စေ

သို့ရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းကို ရှိသင့် ရှိထိုက်သည့် နှုန်းတွင်ရှိရေး၊ တည်ငြိမ်ရေးတို့မှာ မေခရို စီးပွားရေး တည်ငြိမ်ရေးအတွက် အစဉ်အဆက်မပြတ် သတိပြု ထိန်းသိမ်းဆောင်ရွက်ရမည့်အလုပ်များဖြစ်သည်။ နိုင်ငံခြားငွေလဲလှယ်နှုန်းတည်ငြိမ်လျှင် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှု မြန်ဆန်ကောင်းမွန်ပြီး တည်ငြိမ်မှုမရှိလျှင် ပို့ကုန်၊ သွင်းကုန်အပေါ် အကျိုးသက်ရောက်မှုများရှိခြင်း၊ ဈေးနှုန်းမြင့်မားလာခြင်း၊ ကြိုတင်တွက်ဆနိုင်ခြင်းမရှိသော အခက်အခဲများ အကျပ်အတည်းများရင်ဆိုင်ရပါက ထိန်းသိမ်းရန် ခက်ခဲခြင်းစသည်တို့ကြောင့် နိုင်ငံ၏စီးပွား ရေးဖွံ့ဖြိုးမှုကိုပါထိခိုက်စေသည်။

ကျပ်နှင့်နိုင်ငံခြားငွေလဲလှယ်နှုန်းသည် ၂၀၁၂ ခုနှစ် ဧပြီလ ၁ ရက်နေ့ နိုင်ငံခြားငွေလဲလှယ်နှုန်းစနစ် စတင် ပြောင်းစဉ်က အမေရိကန် ၁ ဒေါ်လာလျှင် ၈၂၀ ကျပ်ရှိ ခဲ့ရာမှ ၂၀၁၃ ခုနှစ်တွင် ၈၅၄ ကျပ်မှ ၉၈၇ ကျပ်အတွင်း၊ ၂၀၁၄ ခုနှစ်တွင် ၉၈၇ ကျပ် မှ ၁၀၂၆ ကျပ် အတွင်း၊ ၂၀၁၅ ခုနှစ်တွင် ၁၀၂၅ ကျပ်မှ ၁၃၀၉ ကျပ်အတွင်း၊ ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ နိုဝင်ဘာလ ၁၈ ရက်အထိ ၁၃၀၇ ကျပ်မှ ၁၃၂၃ ကျပ်အတွင်းသို့ ရောက်ရှိလာခြင်းဖြစ်သည်။

### စဉ်းစားရန်နှစ်ခု

ဤနေရာတွင် အဓိကအားဖြင့် စဉ်းစားရန် နှစ်ခုရှိ သည်။ တစ်ခုမှာ မည်သည့်ပမာဏသည် အသင့်လျော်ဆုံး နှုန်းဖြစ်မည်လဲဟူသည့်အချက်ဖြစ်သည်။ ၁၀၀၀ သည် အသင့်တော်ဆုံးလား၊ ၁၁၀၀ လား၊ ၁၂၀၀ လား၊ ၁၂၅၀ လား၊ ၁၃၀၀ လား မေးရန်ရှိသည်။ နိုင်ငံခြားငွေလဲလှယ်နှုန်း တည်ငြိမ်သည်ဆိုသော နိုင်ငံဆိုပါစို့ ဥပမာ စင်ကာပူ၊ အမေရိကန် ဒေါ်လာနှင့် စင်ကာပူဒေါ်လာလဲလှယ်နှုန်းမှာ ၂၀၁၆ ခု နှစ်နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ၁ ဒသမ၄၂၅၆ မျှ ရှိသည်။ ၎င်းနှုန်းသည် လွန်ခဲ့သော ၂၀၁၅ ခုနှစ်နိုဝင်ဘာလ က လည်း ၁ ဒသမ ၄၁၀၄ ဖြစ်၍ ဤနှုန်းပင်ဖြစ်သည်။ အလွန် ဆုံး အတက်အကျရှိလျှင် ဒသမ ၁၊ ဒသမ ၂ ခန့်အထက် အောက်သာရှိသည်။ ဤသို့ဆိုလျှင် အမေရိကန် ၁ ဒေါ်လာ နှင့်ညီမျှသော စင်ကာပူဒေါ်လာ ၁ ဒသမ ၄ ဆိုသော လဲလှယ်နှုန်းသည် ၎င်းနိုင်ငံအတွက် သင့်လျော်သောနှုန်း ဟုဆိုရမည်။ ဆိုလိုသည်မှာ နိုင်ငံခြားငွေအမေရိကန် ဒေါ်လာ ကိုသုံးစွဲ၍ပေးချေရမည့်အလုပ်များကို စိတ်ချ လက်ချ လုပ်ကိုင်နိုင်သည်။ ကြိုတင်ခန့်မှန်းတွက်ချက်၍ရသည်။

### သင့်လျော်သောနှုန်း

ကုန်သည်ပွဲစားဖြစ်စေ၊ လခစားဖြစ်စေ၊ လုပ်ငန်းရှင်ဖြစ်စေ၊ ခရီးသွားဖြစ်စေ၊ ပညာသင်သွားသူ ဖြစ်စေ၊ဆေးကုသွားသူဖြစ်စေ မည်သူမဆို လွယ်လင့်တကူ လဲလှယ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ငွေရေးကြေးရေး အဖွဲ့အစည်းများကလည်း လက်ခံဆောင်ရွက်ပေးမည် ဖြစ်သည်။ သင့်လျော်သောနှုန်းဆိုသည်မှာ ပစ္စည်းဝယ်ယူ ရာတွင် မည်သည့်နေရာမှာမဆို ရနိုင်သောပစ္စည်းတစ်ခု ဆိုပါစို့၊ ၎င်းကိုဝယ်ယူရာ၌ သုံးစွဲရသော ငွေချင်းနှိုင်းယှဉ် ရမည်ဖြစ်သည်။ ဥပမာရေသန့်ဘူးဆိုပါစို့၊ မြန်မာနိုင်ငံတွင် ရေသန့်တစ်ဘူးကို ၃၀၀ ကျပ်၊ ၁၂၀၀ ကျပ်ဆိုလျှင် ရေသန့် လေးဘူးရမည်။ ၁ ဒေါ်လာလျှင် ၁၂၀၀ ကျပ်ဖြစ်ပါက ၁ ဒေါ်လာလျှင် ၄ ဘူးရမည်။အမေရိကန်နိုင်ငံမှာ သို့မဟုတ် ဥရောပနိုင်ငံတစ်ခုခုမှာဆိုလျှင် ရေသန့်ဘူးကို ၁ ဒေါ်လာ နှင့်မရပါ။ ထားပါတော့ ၁ ဘူး ၁ ဒေါ်လာ၊ ဤသို့ဆိုလျှင် ၁ ဒေါ်လာသည် ၃၀၀ ကျပ်နှင့် ညီမျှသည်ဟုပင်ဆိုနိုင် သည်။ ရေသန့်မဟုတ်သော အခြားကုန်စည်များကိုကြည့်ပါ က ဥပမာ ဆန်၊ အဝတ်အထည်၊ ဆေး၊ ဘိလပ်မြေ၊ ကား၊ ရွှေ၊ စက်သုံးဆီ စသည်ဖြင့် ဈေးနှုန်းအမျိုးမျိုးအဖုံဖုံ ထွက်လာလိမ့်မည်။

သို့ရာတွင် ငွေတန်ဖိုးဆိုသည်မှာ သူ့နိုင်ငံ မှာသူ့စီးပွားရေးနှင့်သူ့ဈေးဖြစ်သည်။ ကိုယ့်နိုင်ငံမှာကိုယ့် စီးပွားရေးနှင့် ကိုယ့်ဈေးဖြစ်သည်။ သင့်လျော်သော ဈေးနှုန်းဆိုသည်ကို ဈေးကွက်လိုအပ်ချက်အပေါ် မူတည် ၍ ရှာဖွေရမည်ဖြစ်သည်။မိမိငွေတန်ဖိုးကို မိမိနိုင်ငံကသာ ထိန်းသိမ်းရမည်ဖြစ်သည်။

စဉ်းစားရန်နောက်တစ်ခုမှာ စီးပွားရေးဈေးကွက် ဆိုသည်မှာ ကြီးမားကျယ်ပြန့်သည်နှင့်အမျှ ငွေဈေးနှုန်း အပြောင်းအလဲ အတက်အကျရှိမှုများ ကြုံရမည်သာဖြစ် သည်။ ငွေဈေးနှုန်းနှင့်ပတ်သက်၍ သင့်လျော်သော Bench-mark နှုန်း တစ်ခုကို အခြေခံရမည်။ ဈေးကွက် သီအိုရီအရ ဈေးနှုန်းကိုဝယ်လိုအား (Demand) နှင့် ရောင်းလိုအား (Supply) က ပြဋ္ဌာန်းပေးခြင်းဖြစ်ရာ ဝယ်လို အားနှင့်ရောင်းလိုအား အပေါ် မူတည်၍ ဈေးနှုန်းတက် ခြင်း၊ ကျခြင်းသည်ဖြစ်ပေါ်သည်။ ဝယ်လိုအားနှင့်ရောင်းလို အားမျှနေလျှင် ဈေးနှုန်းတည်ငြိမ်မည်ဖြစ်သည်။ ဝယ်လို အားက သာလွန်နေလျှင် ဈေးနှုန်းတက်လာလိမ့်မည်။ ရောင်းလိုအားက သာလွန်နေလျှင် ဈေးနှုန်းကျလာလိမ့် မည်။ အချိန်တစ်ချိန်တွင်ဖြစ်ပေါ်နေသောဈေးနှုန်းသည် ၎င်းအချိန်တွင်ရှိနေသည့် နိုင်ငံခြားငွေနှင့်ညီမျှသည့်မြန်မာ ကျပ်ငွေ၏တန်ဖိုးကိုပြဆိုသည်။ တစ်နည်းအားဖြင့် ဒေါ်လာ ဈေးနှုန်းတက်နေခြင်းသည် မြန်မာငွေတန်ဖိုးကျနေခြင်း ကိုပြဆိုသည်။ ထိုအချိန်မျိုးတွင် နိုင်ငံခြားငွေရမည့်သူ ရှု့ထောင့်ကကြည့်လျှင် မြတ်သည်၊ ကောင်းသည်။ ပိုမို မြတ်လာသည်ဟုတွေ့နိုင်ပြီး နိုင်ငံခြားငွေပေးရမည့်သူ ရှုထောင့်ကကြည့်လျှင် ရှုံးသည်၊ စရိတ်ပိုမိုလာသည်၊ မကောင်း ဟုတွေ့နိုင်သည်။

ပို့ကုန်စီးပွားရေးလုပ်ငန်း တစ်ခုအနေနှင့် ကြည့်ပါက နိုင်ငံခြားငွေဈေးတက်၍ မြတ်သည်ဟုဆိုသော်လည်း တစ်ဖက်တွင် နိုင်ငံခြားငွေသုံးရမည့် အရင်းအနှီးများရှိပါ က စရိတ်ပိုမိုလာမည်ဖြစ်ရာ ရေရှည်အတွက်ကြည့်ပါက မကောင်းချေ။ ခဏသာမြတ်နိုင်သည်။ ရေရှည်တက်နေ ခြင်းဖြစ်ပါက စီးပွားရေးကို ဆုတ်ယုတ်လာစေမည်ဖြစ် သည်။ ရေရှည်အတွက်ကြည့်ပါက ဈေးနှုန်းတက်ခြင်း၊ ကျခြင်း၊ ကြီးမားစွာဖြစ်ပေါ်ခြင်းကို မလိုလားအပ်ဘဲ ဈေးနှုန်း တည်ငြိမ်ခြင်းကိုသာ လိုလားအပ်သည်။ တည်ငြိမ်ပြီး သင့်လျော်သောနှုန်းဖြစ်ခြင်းကိုအားလုံးကလိုလားသည်။

### အကြောင်းရင်းများစွာ

ဤနေရာတွင် နိုင်ငံခြားငွေလဲလှယ်နှုန်းကို ပြောင်းလဲစေသော နောက်ခံအကြောင်းအရာမှာ တစ်ခု၊ နှစ်ခုတည်းမဟုတ် အကြောင်းရင်းများစွာရှိသည်။ အဓိကကျသော အကြောင်းများမှာ ကုန်သွယ်ရေး အခြေအနေ၊ နိုင်ငံခြားငွေ စီးဝင်စီးထွက်မှုအခြေအနေ၊ နိုင်ငံခြားငွေဈေးကွက် အရောင်းအဝယ်အခြေအနေ၊ ဈေးကစားသူများ၏လှုပ်ရှားမှု၊ဘဏ်များ၏လုပ်ဆောင် ချက်များ၊ ငွေဖောင်းပွမှုအခြေအနေ စသည်တို့ဖြစ်သည်။ ထို့ပြင် နိုင်ငံရေးအခြေအနေ၊ အခြားနိုင်ငံများ၏မူဝါဒ များအပေါ် မူတည်၍ ပြောင်းလဲခြင်းများလည်းရှိသည်။ ပတ်ဝန်းကျင်နိုင်ငံများ၊ ကုန်သွယ်ဖက်နိုင်ငံများ၏ စီးပွားရေး အခြေအနေအရ ပြောင်းလဲခြင်းလည်းရှိသည်။

### ဒေါ်လာဈေးမြင့်တက်မှု

ဤနည်းတူ မြန်မာနိုင်ငံတွင် ယနေ့ဖြစ်နေသော ဒေါ်လာဈေးမြင့်တက်နေမှုသည်လည်း တစ်ခုတည်း ကြောင့်မဟုတ်ပေ။ အကြောင်းတရားများစွာ၏ အကျိုး ဆက်ဖြစ်သည်။ လေ့လာသိရှိရသမျှ အောက်ပါအချက် များကြောင့်ဖြစ်သည်ကို တွေ့ရှိရသည်-

(က) အမေရိကန်ဗဟိုဘဏ်၏ အတိုးနှုန်းမူဝါဒအရ ဒေါ်လာငွေတန်ဖိုး ခိုင်မာလာခြင်း
(ခ) ဗြိတိန်နိုင်ငံ ဥရောပသမဂ္ဂမှခွဲထွက်မှု၏ အကျိုး သက်ရောက်မှုအဖြစ် အမေရိကန်ဒေါ်လာငွေ တန်ဖိုးခိုင်မာလာခြင်း
(ဂ) မြန်မာနိုင်ငံ၏ အဓိကကုန်သွယ်ဖက် တရုတ် နိုင်ငံစီးပွားရေးကျဆင်းမှုရှိခြင်း
(ဃ) ပို့ကုန်ကနည်း၍ သွင်းကုန်ကပိုမိုသဖြင့် ကုန်သွယ် ရေးလိုငွေပြခြင်း
(င) အစိုးရဘတ်ဂျက်လိုငွေဖြစ်ပေါ်ခြင်း၊ သုံးငွေက ရငွေထက်များသဖြင့် ငွေကြေးပမာဏကို တိုးစေခြင်း
(စ) လက်ရှိဘဏ္ဍာရေးနှစ်တွင် ငွေဖောင်းပွမှုနှုန်း မြင့်တက်လာခြင်း
(ဆ) ပြောင်းလဲလာသည့် ခေတ်ကာလအခြေအနေ အရ နိုင်ငံခြားသို့ သွားရောက်၍ ပညာသင် ခြင်း၊ ဆေးကုသခြင်း၊ ဈေးဝယ်ထွက်ခြင်း စသည်တို့အတွက် နိုင်ငံခြားငွေလိုအပ်မှု ယခင် ကထက်ပိုမိုလာခြင်း
(ဇ) မော်တော်ယာဉ်တင်သွင်းခွင့်ပေးသည့် မူဝါဒ များအရ နိုင်ငံခြားငွေလိုအပ်ချက်ပိုမိုလာခြင်း
(ဈ) မကြာသေးမီက ပြီးစီးခဲ့သော အမေရိကန် သမ္မတ ရွေးကောက်ပွဲအပြီး နိုင်ငံတကာဈေးကွက် အပေါ် အကျိုးသက်ရောက်မှုများရှိခဲ့ခြင်း
(ည) မကြာသေးမီကဖြစ်ခဲ့သော အိန္ဒိယ၏ ရူပီး ငွေကိစ္စ အကျိုးသက်ရောက်မှုများရှိခြင်း
(ဋ) အချို့ နိုင်ငံခြားငွေပေးချေမှု၊ ရရှိမှုများကို ဘဏ်လမ်းကြောင်းကိုမသုံးဘဲ အခြားလမ်း ကြောင်းများကိုသုံး၍ဆောင်ရွက်ခြင်း
(ဌ) ပို့ကုန်/သွင်းကုန်အခြေအနေအရကုန်သွယ်မှု တန်ဖိုးကျဆင်းမှုကို ကာကွယ်နိုင်ရန် Reexport များခွင့်ပြုလျက်ရှိရာ နိုင်ငံခြား ငွေရရှိမှု၊ သုံးစွဲမှုများကို စိစစ်ရန်လိုအပ်ခြင်း
(ဍ) အကောက်ခွန်က အလိုအလျောက်ကုန်စည် ရှင်းလင်းရေးစနစ် စတင်ကျင့်သုံးနေပြီဖြစ်၍ ဈေးကွက်အပေါ် သက်ရောက်မှုများရှိခြင်း
(ဎ) ပို့ကုန်ရငွေအားလုံး အပြည့်အဝ ပြန်လည် ဝင်ရောက်မှု ရှိ၊ မရှိကိုစိစစ်ရန်လိုခြင်း
(ဏ) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ခန့်မှန်းသကဲ့သို့ ဝင်ရောက်မလာသေးခြင်း
(တ) မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံထားသော နိုင်ငံခြားကုမ္ပဏီများက ရရှိသည့်ကျပ်ငွေများ ကိုနိုင်ငံခြားသို့ပြန်လည်ပေးပို့နိုင်ရန် ဒေါ်လာ လိုအပ်ချက်ရှိခြင်း
(ထ) လက်ရှိဖြစ်ပေါ်သော တရုတ်နယ်စပ် အခြေ အနေအရ နယ်စပ်ကုန်သွယ်ရေး ရပ်တန့် နေခြင်း

ဆက်လက်ဖော်ပြပါမည် »

# ၂၀၁၆ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ဆက်လက်ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၂၄**

၂၀၁၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့နံနက်ပိုင်းတွင် မဏိရတနာကျောက်စိမ်း ခန်းမ၌ ဆက်လက်ကျင်းပရာ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးအုန်းဝင်း လာရောက်ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကျင်းပရာ မဏိရတနာ ကျောက်စိမ်းခန်းမသို့ရောက်ရှိလာပြီး ခန်းမအတွင်း လက်ဝတ်ရတနာဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်း ဆိုင်များ ဖွင့်လှစ်ရောင်းချနေမှု၊ ရတနာကုန်သည်များ ဈေးနှုန်းတင်သွင်းလွှာများတွင် အချက်အလက်များ ဖြည့်စွက်ရေးသားအဆိုပြု၍ သက်ဆိုင်ရာ တင်ဒါပုံးများ အတွင်း ထည့်သွင်းနေမှု၊ ကော်မတီအလိုက်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် သဘာပတိအဖွဲ့ လုပ်ငန်းဆောင်ရွက် နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုရာ ပြပွဲဗဟို ကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ပြပွဲပဉ္စမနေ့တွင် အခြေခံဈေး ယူရိုငွေ ၄၀၀၀ မှ ၂၀၀၀၀၀ ထိ တန်ဖိုးသတ်မှတ်သည့် ကျောက်စိမ်းအတွဲ များနှင့် အခြေခံဈေး ယူရိုငွေ ၁၀၀၀ မှ ၂၀၀၀၀၀ ထိ တန်ဖိုးသတ်မှတ်ထားသည့် အချောထည်ကျောက်စိမ်းအတွဲ စုစုပေါင်း အတွဲ ၁၂၀၀ အား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ထပ်မံရောင်းချပေးလျက်ရှိသည်။

ယနေ့တွင် နံနက် ၈ နာရီမှစ၍ ပြည်တွင်း၊ ပြည်ပမှ ရတနာကုန်သည်များသည် အိတ်ဖွင့်တင်ဒါစနစ်၊ ဈေးပြိုင် စနစ်တို့ဖြင့် ရောင်းချရန် ဧရိယာအလိုက် ခင်းကျင်းပြသ ထားသည့် ကျောက်စိမ်းအတွဲများနှင့် အချောထည် ကျောက်စိမ်းအတွဲများအား မိမိတို့စိတ်ကြိုက် လွတ်လပ်စွာ လှည့်လည်ကြည့်ရှု ရွေးချယ်မှတ်သားခြင်း၊ ဈေးနှုန်းတင်သွင်း လွှာများတွင် အချက်အလက်များ ဖြည့်စွက်ရေးသား အဆိုပြု၍ သက်ဆိုင်ရာတင်ဒါပုံးများအတွင်း ထည့်သွင်း ခြင်းတို့ကို ဆောင်ရွက်ကြရာ ပြပွဲဗဟိုကော်မတီအဖွဲ့ဝင် များနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို လိုက်လံ ကြီးကြပ် ကူညီဆောင်ရွက်ပေးကြသည်။

ယခုပြပွဲ၌ နိုဝင်ဘာ ၂၅ ရက်တွင် ကျောက်စိမ်းအတွဲ ၁၂၀၀၊ နိုဝင်ဘာ ၂၆ ရက်တွင် ကျောက်စိမ်းအတွဲ ၁၂၀၀၊ နိုဝင်ဘာ ၂၇ ရက်တွင် ကျောက်စိမ်းအတွဲ ၁၁၂၂ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် လည်းကောင်း၊ နိုဝင်ဘာ ၂၈ ရက်တွင် ကျောက်စိမ်း အတွဲ ၃၅ တွဲနှင့် နိုဝင်ဘာ ၂၉ ရက်တွင် ကျောက်စိမ်းအတွဲ ၃၁ တွဲ စုစုပေါင်း ကျောက်စိမ်း အတွဲ ၆၆ တွဲကို ဈေးပြိုင်စနစ်ဖြင့် လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြ ပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ နိုဝင်ဘာ ၂၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး နေ့စဉ် နံနက် ၈နာရီမှ ညနေ ၅ နာရီခွဲအထိ ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ် ကြောင်း သိရသည်။

**မော်စီ(သတင်းစဉ်)**

# လူတွေအုပ်ချုပ်တာကနေပြီး စနစ်ကအုပ်ချုပ်တဲ့ပုံစံမျိုးသွားရမှာပါ

**မြန်မာနိုင်ငံ၏ လူဦးရေအများဆုံးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့ရာ အဆိုပါကိစ္စနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်တို့အား တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်ဖော်ပြလိုက်ရပါသည်-**

## ဦးဖြိုးမင်းသိန်း (ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်)

**မေး။ ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးလုပ်ဆောင်မယ့် အစီအစဉ်လေးတွေ သိပါရစေ။**

ဖြေ။ ရန်ကုန်မြို့တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးလုပ်ဆောင်မယ့် အစီအစဉ်ကတော့ အများပြည်သူသယ်ယူပို့ဆောင်ရေးကို ဦးစားပေးလုပ်ဆောင်သွားမယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရန်ကုန်မှာ အများပြည်သူသယ်ယူပို့ဆောင်ရေးကိစ္စရပ်တွေက အခက်အခဲတော်တော်ကြုံပါတယ်။ အခုတော့ ယာဉ်လိုင်းတွေက တစ်ဦးချင်းပိုင်၊ တစ်ယောက်ချင်းပိုင်၊ ဘတ်စ်ကားတစ်ဦးချင်းပိုင် လုပ်ဆောင်နေကြတာဖြစ်တဲ့အတွက် ဒီမှာ ပြေးဆွဲနေကြတဲ့ကားတွေက အခက်အခဲတော်တော်ရှိပါတယ်။ ဒါကြောင့် အများပြည်သူဝန်ဆောင်မှုပုံစံမျိုးဖြစ်ဖို့အတွက် အများပိုင်ကုမ္ပဏီရှစ်ခုလောက် ထူထောင်ပြီး ဘတ်စ်ကားလိုင်းတွေကို စတင်ပြေးဆွဲနိုင်ဖို့ ကြိုးစားသွားပါမယ်။ ဒါနဲ့အတူ ရန်ကုန်မြို့မှာ အများပြည်သူသယ်ယူပို့ဆောင်ရေးစင်တာတစ်ခု ထားပါမယ်။ ဒ့ါအပြင် Traffic Control Center တစ်ခုကိုလည်း ဖွင့်လှစ်ပြီးဆောင်ရွက်သွားဖို့ ကျွန်တော်တို့ ကြိုးစားဆောင်ရွက်နေပါတယ်။

**မေး။ ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အသစ်ပြန်လည်ရေးဆွဲမယ်ဆိုတာ သိရပါတယ်။ အဲဒီအခြေအနေလေးလည်း သိပါရစေ။**

ဖြေ။ ကျွန်တော်တို့ဟာ ရန်ကုန်မြို့ကို ရှေးဟောင်းအမွေအနှစ်တွေနဲ့ စိမ်းလန်းပြီး နေချင်စဖွယ်ဖြစ်တဲ့ စီးပွားရေးမြို့တော်ကြီးအဖြစ်နဲ့ တည်ဆောက်သွားဖို့ ရှိပါတယ်။ ဒီတည်ဆောက်မှုဟာ အရင်တုန်းက တိုင်းဒေသကြီးလွှတ်တော်မှာ အတည်ပြုခဲ့တာရှိပါတယ်။ ရန်ကုန်မြို့တော်စီမံကိန်းဆိုပြီးတော့ ၂၀၄၀ ခုနှစ်အထိ ရည်ရွယ်ပြီး ရေးဆွဲထားတာရှိပါတယ်။ အခုတော့ နောင်အနှစ် ၅၀ လောက်အထိ ကျွန်တော့်ရဲ့ မျှော်လင့်ချက်တွေ၊ မျှော်မှန်းချက်တွေအတွက်၊ နောင်မျိုးဆက်သစ်တွေအတွက် Master Plan တစ်ခုကို စနစ်တကျပြန်ဖြစ်ဖို့ ရေးဆွဲသွားပါမယ်။ ဒီတည်ဆောက်မှုမှာ ပြင်သစ်နဲ့ အင်္ဂလန်နိုင်ငံက ပညာရှင်တွေရဲ့ အကူအညီတွေနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့က တာဝန်ယူပြီး ရေးဆွဲဆောင်ရွက်သွားမှာပါ။ ဒါကို စည်ပင်သာယာက လွှတ်တော်မှာတင်ပြပြီး ပိုမိုကောင်းမွန်တဲ့ ရန်ကုန်မြို့ပြစီမံကိန်း အသစ်တစ်ခုဖြစ်အောင် ကြိုးစားသွားဖို့ ရှိပါတယ်။

**မေး။ မြို့ပြစီမံကိန်းကို ဘယ်လိုနေရာမျိုးတွေမှာ အဓိကဦးစားပေးအနေနဲ့ ချဲ့ထွင်သွားဖို့ရှိပါသလဲ။**

ဖြေ။ မြို့ပြစီမံကိန်းကို ရန်ကုန်မြို့ရဲ့ အရှေ့ဘက်၊ အနောက်ဘက်၊ တောင်ဘက်တွေအားလုံးကို မျှတအောင် ချဲ့ထွင်တည်ဆောက်သွားပါမယ်။ ရန်ကုန်မြစ်ဟာ ရန်ကုန်မြို့ရဲ့ အလယ်မှာရှိတဲ့ မြစ်ကြီးအဖြစ်ရှိသွားအောင် ကြိုးစားသွားပါမယ်။ ရန်ကုန်မှာ စီးပွားရေးစကြံ့နှစ်ခုရှိပါတယ်။ တစ်ခုကတော့ ရန်ကုန် သီလဝါကနေ ဟံသာဝတီလေဆိပ်အသစ်တည်ဆောက်မယ့် စီးပွားရေးစကြံ့ရယ်၊ တွံတေး၊ ကွမ်းခြံကုန်း၊ ကော့မှူးဘက်ကနေ ဟံသာဝတီဘက်ကို ဦးတည်သွားမယ့်စီးပွားရေးစကြံ့ရယ် ဆိုပြီးတော့ နှစ်ခုရှိပါတယ်။ ဒီနှစ်ခုစလုံးကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့ဟောင်းကိုတော့ ရှေးမူမပျက်ဘဲ နိုင်ငံခြားသားခရီးသည်တွေ ဆွဲဆောင်မှုရှိဖို့၊ ဆိပ်ကမ်းတွေကို စနစ်တကျဖြစ်စေဖို့၊ ဆိပ်ကမ်းတွေမှာလည်း အများပြည်သူ အပန်းဖြေအနားယူနိုင်တဲ့ နေရာတွေဖြစ်ဖို့အတွက် ကြိုးပမ်းသွားပါမယ်။ မြို့သစ်စီမံကိန်းကြီးတွေကိုတော့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ပုံသဏ္ဌာန်တွေနဲ့ တည်ဆောက်သွားမှာပါ။



ဦးဖြိုးမင်းသိန်း
(ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်)



ဦးဝင်းခိုင် (ဆောက်လုပ်ရေး
ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး)

**မေး။ ရန်ကုန်မြို့မှာ ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့ဖို့ ဘယ်လိုစီမံဆောင်ရွက်သွားမလဲဆိုတာသိချင်ပါတယ်။**

ဖြေ။ ရန်ကုန်မြို့မှာ အများပြည်သူသယ်ယူပို့ဆောင်ရေးကို ပြင်ဆင်လိုက်ခြင်းအားဖြင့် ယာဉ်တွေနဲ့ ပတ်သက်ပြီးတော့ ဘတ်စ်ကားယာဉ်လိုင်းတွေ စနစ်တကျဖြစ်သွားမယ်။ နောက်တစ်ချက်ကတော့ ကားတွေကို တင်သွင်းတဲ့နေရာမှာလည်း စနစ်တကျတင်သွင်းဖို့ ဆောင်ရွက်ပါမယ်။ ကားအသစ်တွေကို တင်သွင်းနိုင်ဖို့နဲ့ မြန်မာနိုင်ငံမှာ ထုတ်လုပ်တဲ့ကားတွေကို နိုင်ငံတွင်း ပြည်သူတွေအသုံးပြုနိုင်ဖို့အတွက် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ ရန်ကုန်မြို့လယ်မှာရှိတဲ့ လမ်းဘေးဈေးသည်တွေအတွက် ပြန်လည်နေရာချထားပေးလိုက်တဲ့အတွက် ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့ပေးနိုင်ပါလိမ့်မယ်။ ပလက်ဖောင်းတွေပေါ်မှာလည်း လူတွေလမ်းလျှောက်ဖို့ အဆင်ပြေနိုင်ပါလိမ့်မယ်။

## ဦးဝင်းခိုင်(ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး)

**မေး။ ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီနေ့အစည်းအဝေးမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ ဘာတွေ ဆွေးနွေးခဲ့ပါသလဲ။**

ဖြေ။ မြန်မာနိုင်ငံရဲ့ လူဦးရေအများဆုံးမြို့တော်ဖြစ်တဲ့ ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒီနေ့အစည်းအဝေးပွဲကို ကျင်းပရခြင်းဖြစ်ပါတယ်။ ရန်ကုန်မြို့ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာကလည်း ဟန်ချက်ညီညီဖြစ်အောင်လုပ်တာပါ။ ရန်ကုန်ပြည်သူလူထုရဲ့လိုလားချက်၊ မျှော်လင့်ချက်တွေလည်းရှိပါတယ်။ ဒီနေ့ ကျွန်တော်တို့ ရန်ကုန်မြို့ပြစီမံကိန်းကို ဟန်ချက်ညီညီ လုပ်တဲ့အထဲမှာကတော့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့နဲ့ လျှပ်စစ်ပိုင်းဆိုင်ရာတွေ ဒီထက်ပိုပြီး ဖြည့်ဆည်းပေးဖို့ အဓိကထား ဆွေးနွေးခဲ့ပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ကတော့ ရန်ကုန်မြို့မှာ ပြည်သူ့အိမ်ရာနဲ့ ပတ်သက်တာတွေ ဆွေးနွေးခဲ့ပါတယ်။ ပြည်သူ့အိမ်ရာကတော့ အိမ်ရာနဲ့မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အိမ်ရာတွေကို အဓိကဖော်ထုတ်တာပါ။ ဒီဘက်အစိုးရလက်ထက်မှာလည်း နှစ်နှစ်အတွင်း အိမ်ခန်း ၈၀၀၀၊ ငါးနှစ်အတွင်း အိမ်ခန်း နှစ်သိန်းနဲ့ ၁၅ နှစ်အတွင်း အိမ်ခန်း တစ်သန်း ဖော်ထုတ်ပေးနိုင်ဖို့ ရည်ရွယ်ထားပါတယ်။ တခြားစီမံချက်တွေလည်း ရှိပါတယ်။ အိမ်ခန်းတွေကလည်း သိန်း ၁၀၀ အောက်မှာပဲပေးရဖို့ ကျွန်တော်တို့ ဆောင်ရွက်ပေးသွားမှာပါ။ ဆောင်ရွက်တဲ့အခါမှာလည်း ပြည်သူလူထု အိမ်ရာပိုင်ဆိုင်မှု စနစ်တစ်ခုဖြစ်သွားအောင် အိမ်ရာဝယ်တဲ့အခါမှာ Down Payment တစ်ခုတော့ ပေးရမယ်။ အဲဒါပြီးရင်တော့ အရစ်ကျစနစ်နဲ့ ရှစ်နှစ်တန်သည်၊ ၁၅ နှစ်တန်သည် ပေးချေရမှာပါ။ အနည်းဆုံးတော့ နေထိုင်လို့ သင့်တင့်မျှတတဲ့ အိမ်တစ်ခုဖြစ်သွားမှာပါ။ အခု ဒီစနစ်ကို စတဲ့အချိန်မှာ အလွန်ကောင်းတဲ့အိမ်ကြီး မဟုတ်ပေမယ့်လည်း သိန်း ၁၀၀ အောက်မှာ မိသားစု လေးငါးယောက်လောက် ကောင်းကောင်းနေထိုင်လို့ရတဲ့ အိမ်မျိုးကို ရှစ်နှစ်၊ ၁၅ နှစ်အတောအတွင်းမှာ ရရှိတဲ့ ဘဏ်ချေးငွေအပေါ် မူတည်ပြီး အိမ်ပိုင်ဖြစ်အောင် ဆောင်ရွက်ပေးသွားမှာပါ။ အိမ်ဆိုတာကလည်း အိမ်ဖြစ်ရင်ပြီးရောမဟုတ်ပါဘူး။ သင့်တင့်လျောက်ပတ်တဲ့ ပတ်ဝန်းကျင်၊ မိမိကလေးတွေအတွက် လုံခြုံစိတ်ချရတဲ့ အနေအထားလေးတွေဖြစ်အောင် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့မှာ နောင် ၂၀၄၀ ခုနှစ်လောက်မှာ လူဦးရေက ၁၂ သန်းလောက်ဖြစ်မှာဆိုတော့ ဒါတွေကို ကျွန်တော်တို့ ကြိုတင်မစီစဉ်လို့မရပါဘူး။ ဒါတွေအကုန်လုံးကိုလည်း မြို့ထဲမှာ ထားလို့မရပါဘူး။ ဒါကြောင့် မြို့သစ်တွေတည်ဖို့၊ တိုးချဲ့ဖို့ကိစ္စတွေကို ဆွေးနွေးခဲ့ပါတယ်။ နောက်ပြီး မြို့နေလူထုရဲ့ လူနေမှုအဆင့်၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအတွက် အကုန်လုံးကို ဟန်ချက်ညီညီလုပ်သွားမှာပါ။ ရန်ကုန်မြို့မှာ ခုတင်(၅၀၀)ဆံ့ ဆေးရုံသစ်တွေ အများကြီးဆောက်ဖို့လည်း ဆွေးနွေးခဲ့ပါတယ်။

**မေး။ ရန်ကုန်မြို့မှာ ဆောက်လုပ်ဆဲလုပ်ငန်းတွေ ခေတ္တရပ်ဆိုင်းခဲ့တဲ့အတွက် ဝေဖန်မှုတွေရှိခဲ့ပါတယ်။ အဲဒီအတွက် ဘယ်လိုရှေ့ဆက်ဆောင်ရွက်သွားမလဲဆိုတာ သိချင်ပါတယ်။**

ဖြေ။ အရင်တုန်းက လုပ်နေတဲ့ ဆောက်လုပ်ရေးလုပ်ငန်းစနစ်က တော်တော်လေးကို အခြေမကျပါဘူး။ အခုအစိုးရသစ်လက်ထက်မှာတော့ စည်းနဲ့ကမ်းနဲ့ လုပ်ဖို့လိုပါတယ်။ ဒါတွေကို ပြန်လည်စိစစ်တာပါ။ ဘာတွေမှားခဲ့လဲ၊ ဘာတွေက ပြန်ပြီးပြုပြင်ဖို့လိုလဲ ဒီအမှားမျိုးကို နောက်အစိုးရအနေနဲ့ ဆက်လျှောက်ဖို့ဆိုတာ အများကြီးခက်ပါတယ်။ တစ်ခုခုမှားခဲ့ရင်လည်း ကျွန်တော်တို့ ပြန်ပြုပြင်သွားမယ်။ ဘယ်သူမှ နစ်နာစေချင်လို့တော့ မဟုတ်ပါဘူး။ အခြေခံအဆောက်အအုံတွေ တည်ဆောက်တဲ့နေရာမှာလည်း စနစ်တွေ မှန်ရမယ်။ လူတွေအုပ်ချုပ်တာကနေပြီး စနစ်က အုပ်ချုပ်တဲ့ ပုံစံမျိုးသွားရမှာပါ။ ဒီလူ့ကို တစ်မျိုး၊ ဟိုလူ့ကို တစ်မျိုး၊ ခင်ရင်တစ်မျိုး၊ မခင်ရင်တစ်မျိုးဆိုပြီး အဆောက်အအုံတွေ ဆောက်လုပ်ခွင့်ပေးတာမျိုးကို ပြုပြင်ဖို့လိုပါတယ်။ ဒါတွေကို ပြန်စိစစ်လိုက်တဲ့အခါ နောက်ပိုင်းအဆင်ပြေစေဖို့ လေး ငါး ခြောက်လလောက် ပြန်ပြီးသုံးသပ်ရမယ်။ ယခုနှစ်ဘတ်ဂျက်နဲ့ဆောက်တဲ့ အဆောက်အအုံတွေကိုတော့ စနစ်တကျပြုလုပ်ထားပါတယ်။ ဥပမာ ကျောင်းဆိုရင်လည်း တစ်ကျပ်ပေးရင် တစ်ကျပ်တန် ထွက်ရမယ်။ လမ်းဆိုရင်လည်း တစ်ရာတန်ပေးရင် တစ်ရာတန်လမ်းတော့ ထွက်ရမယ်။ ဒီလိုဟာတွေဖြစ်ဖို့က အခြေခံတွေ အကုန်လုံးကို စနစ်တွေ ပြန်ပြီးတော့ ရေးဆွဲရပါတယ်။ အခုတော့ ဘာပဲဖြစ်ဖြစ် ပုံသေကားချပ် လုပ်ထားတဲ့အတွက် ပိုပြီးတော့ တာဝန်ခံမှုရှိပါတယ်။ လုပ်တဲ့သူမှာလည်း စံချိန်စံညွှန်းတွေနဲ့ တိတိကျကျလုပ်နိုင်တဲ့အတွက် တာဝန်ယူရပါတယ်။ ရှေ့လျှောက် ဆောက်လုပ်ရေးလုပ်ငန်းတွေ အများကြီးရှိလာတော့မှာပါ။ ဒါကြောင့် ကျွန်တော်တို့အစိုးရဌာနတိုင်းမှာရှိတဲ့ တာဝန်ရှိသူတွေကတော့ ပြည်သူလူထုအတွက် ဘာတွေကောင်းအောင်လုပ်ပေးရမလဲဆိုတာကိုပဲ စဉ်းစားနေတာပါ။

**(တွေ့ဆုံမေးမြန်း-ကိုမင်း၊ အေးအေးမြင့်)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော နိုဝင်ဘာ ၁၅ ရက်မှ ၂၂ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁။ | ဖြိုးခိုင်လတ် | လစ်ဘရယ်ဝါဒ | ၅၀၀ | MKS |
| ၂။ | အောင်ရင်ငြိမ်း | အမှောက်ခေတ်အလွန်အရှူးခေတ်ထဲသို့ ၉. ၆၉ စင်တီမီတာ | ၂၀၀၀ | PICA |
| ၃။ | ကိုသန်းထွန်း | ရေခဲမိုးတိမ်ကဗျာ | ၁၅၀၀ | PICA |
| ၄။ | ကြည်ရွှန်း | အလေ့အကျင့်၏ပါဝါစွမ်းအား | ၂၀၀၀ | Wisdom house |
| ၅။ | ဇန်းမော်တင်အောင် | ပုဂံရွှေပြည် | ၃၀၀၀ | ကံ့ကော်ဝတ်ရည်စာပေ |
| ၆။ | ခင်နှင်းယု | ဦးဆောက်ပန်း | ၂၆၀၀ | ကံ့ကော်ဝတ်ရည်စာပေ |
| ၇။ | ဦးမိုးယံ(လယ်ဝန်) | သင့်မြေသင်အမှန်တကယ်ပိုင်ပြီလားနှင့် အခြားမြေယာဆိုင်ရာဆောင်းပါးများ | ၂၅၀၀ | ကမ္ဘာစိမ်းမြစာပေ |
| ၈။ | မြတ်ငြိမ်း | ဖိလစ်ပိုင်အမျိုးသားအာဇာနည် ဒေါက်တာရီဇော် | ၆၀၀၀ | ကိုနေမန်းစာပေ |
| ၉။ | မောင်သီဟိုဠ်(မင်းကင်း) | လေးနိုင်ငံခြားမှာနေတဲ့ကျုပ် | ၁၅၀၀ | ချန့်ချန်စာပေ |
| ၁၀။ | မင်းခိုက်စိုးစန် | ချစ်သူရဲ့ပါးတစ်ဖက်ကိုခိုးဝှက်သွားတဲ့တစ္ဆေ | ၂၅၀၀ | စိတ်ကူးချိုချို |
| ၁၁။ | | ခင်မောင်တိုး(မိုးမိတ်)ငယ်ရွယ်သူဘဝအတွက်စမ်းရေလိုအေးတဲ့စာစုများ | ၂၇၀၀ | စိတ်ကူးချိုချို |
| ၁၂။ | လှသမိန် | ဟောနည်းပြောနည်း | ၁၅၀၀ | စိတ်ကူးချိုချို |
| ၁၃။ | လင်းယုန်သစ် | လွင်လောက၏အမှန်တရားကိုရှာဖွေသူ | ၃၀၀၀ | စိတ်ကူးချိုချို |
| ၁၄။ | ကလောင်စုံ | ဇော်ဂျီ၏စာရှုခင်း (၅) | ၈၀၀၀ | စိတ်ကူးချိုချို |
| ၁၅။ | ဥဒ္ဒသသ ဏမေ့ | နှလုံးသားကုန်တိုက်ကြီး | ၄၅၀၀ | စိတ်ကူးချိုချို |
| ၁၆။ | တက္ကသိုလ်မလေးခိုင် | နှင်းဆီပန်းထဲကနတ်သူငယ်လေးနှင့်အခြားပုံပြင်များ | ၄၀၀၀ | တူဒေးစာအုပ်တိုက် |
| ၁၇။ | လယ်တွင်းသားစောချစ် | ချစ်သူရင်ခွင်မှာ လှိုင်းအိလေးများသာရှိသည် | ၂၅၀၀ | ပန်းမြိုင်လယ်စာပေ |
| ၁၈။ | ဖြိုးသုတ | (၃)စိတ်အာဟာရအတွက် အတွေးလက်ဆောင်များ | ၂၅၀၀ | ပန်နိုရားမားစာပေ |
| ၁၉။ | ကလောင်စုံ | ရိုးမအလင်္ကာဝတ္ထုတိုစုစည်းမှု(၂) | ၂၀၀၀ | ဘဝပင်လယ်စာပေ |
| ၂၀။ | ဦးဖြိုးကြွယ်မြင့် | ခေတ်မီရုံးလုပ်ငန်းစီမံခန့်ခွဲမှုပညာ | ၂၀၀၀ | မဇ္ဈိမစာပေ |
| ၂၁။ | ပါရဂူ | နှလုံးအိမ်ထဲကငြိမ်းချမ်းရေး | ၃၂၀၀ | မိုးကျော်ကွန်စာပေ |
| ၂၂။ | မင်းသိင်္ခ | ဆားပုလင်းနှင်မောင်နှင်ဗိုက်ပူသူတော် | ၈၀၀၀ | မျက်ပွင့်စာပေ |
| ၂၃။ | အောင်ကျော်ဗိုလ် ဗညားဦးကောင် | အကြီးကြီးတွေမပြောကြေးကဗျာစုစည်းမှု | ၁၅၀၀ | ယဉ်မျိုးစာပေ |
| ၂၄။ | သခင်မြသန်း | ထိပ်ဆုံးကလူ | ၃၅၀၀ | ပြုံးစာပေ |
| ၂၅။ | ရည်မွန်အောင် | လူရည်ချွန်တစ်ဦး၏ခယောင်းလမ်း | ၁၀၀၀ | ရန်အောင်စာပေ |
| ၂၆။ | ထွန်းအောင်ကျော် | တော်လှန်သမားတစ်ဦးရဲ့တော်လှန်အတွေးအမြင်ဆောင်းပါးပေါင်းချုပ် | ၄၀၀၀ | လွင်ဦးစာပေ |
| ၂၇။ | မောင်မင်းဟန် | ဝံပုလွေ လူသား၏စွန့်စားခန်းများ | ၇၀၀ | သဇင် |
| ၂၈။ | မောင်သန်းဆွေ(ထားဝယ်) | နန်းမတော်မယ်နုရှင်းတမ်း | ၂၅၀၀ | အားမာန်သစ်စာပေ |
| ၂၉။ | ကိုမျိုး(မြန်မာစာ) | တို့ခေါင်းဆောင်တို့ပြည်ထောင်စု ယုံကြည်မှုပြည်ထောင်စု | ၂၅၀၀ | ကောင်းကင်သစ်စာပေ |
| ၃၀။ | အရှင်ခေမာစာရ | ဟောရေးပြောရေးကုသိုလ်ရေး (တရားတော်များ) | ၁၀၀၀ | ကောင်းထွဋ်စာပေ |
| ၃၁။ | ကျော်လှိုင် | ပဋ္ဌိပတ်ကျင့်စဉ် | ၁၅၀၀ | ကောင်းထွဋ်စာပေ |
| ၃၂။ | အရှင်မာနိတာလင်္ကာရ | ဗုဒ္ဓအလိုတော်ကျဘဝကူးကောင်းလိုသော | ၁၀၀၀ | ကောင်းထွဋ်စာပေ |
| ၃၃။ | ကောင်းဆက်နိုင် | အာဏာလမ်းခွဲ | ၂၅၀၀ | ကောင်းဆက်နိုင် |
| ၃၄။ | စိုင်းဝင်းမြင့်နှင့် ဟန်ဝေထွန်း | လမ်း | ၄၀၀၀ | ကျော်မွှေးစာပေ |

# မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်ရေး မကြာမီ ကောင်းလာမည်ဟု မျှော်လင့်နေကြ

**မောင်တော နိုဝင်ဘာ ၂၄**

မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှု ပိတ်ထားခြင်းမရှိသော်လည်း နယ်မြေအခြေအနေအရ ကုန်သွယ်မှု ခေတ္တရပ်တန့်နေကြောင်း၊ မကြာမီ ကောင်းလာလိမ့်မည်ဟု မျှော်လင့်ရကြောင်း မောင်တောကုန်သွယ်ရေးစခန်းကို အမှီပြုလုပ်ကိုင်နေသူများက ဆိုသည်။

အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် အောက်တိုဘာ ၉ ရက်မှ ၁၃ ရက်အထိ မောင်တော၊ ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှု ခေတ္တရပ်ဆိုင်းခဲ့သော်လည်း အောက်တိုဘာ ၁၄ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ နယ်စပ်ကုန်သွယ်မှု ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိလာပြီး နိုဝင်ဘာ ၃ ရက်မှ ယနေ့အချိန်အထိ နယ်စပ်ကုန်သွယ်မှု ခေတ္တရပ်တန့်သွားကြောင်း မောင်တောကုန်သွယ်ရေးစခန်းမှ ဦးစီးအရာရှိ ဦးခင်ကျော်မြင့်က ပြောသည်။

မောင်တော - ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်မှုမှာ သာမန်အခြေအနေတွင် မောင်တောမှ ဘင်္ဂလားဒေ့ရှ်ဘက်သို့ ရေငန်ပုစွန်၊ ငါးခြောက်၊ ဝါးနှင့်တခြားပစ္စည်း ပို့ကုန် ၉၀ရာခိုင်နှုန်းရှိသော်လည်း ဘင်္ဂလားဒေ့ရှ်ဘက်မှ မောင်တောသို့ သွင်းကုန်မှာ ဘိလပ်မြေ၊ ဒန်အိုးဒန်ခွက်နှင့်အဝတ်အထည် ပို့ကုန် ၁၀ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

"တခြားနယ်စပ်တွေနဲ့ ဘင်္ဂလားဒေ့ရှ်နယ်စပ်ကုန်သွယ်မှုက မတူဘူး။ ထိုင်း၊ တရုတ်နိုင်ငံနယ်စပ်တွေမှာ အဲဒီဘက်က မြန်မာနိုင်ငံဘက်ကို သွင်းကုန်အနေနဲ့ တင်သွင်းမှုများတယ်။ ဘင်္ဂလားဒေ့ရှ်မှာက အထည်ချုပ်လုပ်ငန်းပဲများတော့ ပို့ကုန်အနေနဲ့ ဆောင်ရွက်တာ နည်းတာကို တွေ့ရတယ်။ ဘင်္ဂလားဒေ့ရှ်ဘက်က ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ သွင်းကုန်အနေနဲ့ ဒေါ်လာခြောက်သောင်းကျော်ပဲရှိတယ်"ဟု ဦးခင်ကျော်မြင့်က ပြောသည်။

"နယ်စပ်တွေမှာက ကုန်သည်အချင်းချင်း နားလည်မှုနဲ့ အရောင်းအဝယ် လုပ်ကြတာ။ ကုန်ပစ္စည်းရောင်းပြီးမှ ငွေချေကြတာ။ ဒီဘက်က နယ်မြေအခြေအနေကြောင့် ဘင်္ဂလားဒေ့ရှ်ဘက်က ကုန်သည်က ဒီဘက်ကို ပစ္စည်းပို့လိုက်ရင် ဆုံးမလားဆိုတဲ့ စိုးရိမ်စိတ်ဖြစ်နေတယ်။ ဒါကြောင့် ဒီဘက်ကို ကုန်ပစ္စည်းမပို့ဖြစ်တာ"ဟု ဦးအောင်မြင့်သိန်းက ပြောသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကုန်ပစ္စည်းများမှာ စစ်တွေနှင့် မောင်တောမြို့တို့မှ အဓိက ဝင်ရောက်သည်။ မောင်တောမြို့မှာ ဘင်္ဂလားဒေ့ရှ်နှင့် အဓိကကုန်သွယ်မှုပြုရာ နယ်စပ်ဂိတ်ဖြစ်သည်။

မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှုတွင် ၂၀၁၄-၂၀၁၅ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး ဒေါ်လာ ၇ ဒသမ ၆၆၉ သန်း၊ သွင်းကုန်တန်ဖိုး ဒေါ်လာ သုည ဒသမ ၁၀၆ သန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး ဒေါ်လာ ၅ ဒသမ ၃၆၉ သန်း၊သွင်းကုန်တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၆၆ သန်းနှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ပို့ကုန်တန်ဖိုး ဒေါ်လာ ၂ ဒသမ ၉၄၂ သန်း၊ သွင်းကုန်တန်ဖိုး ဒေါ်လာ သုည ဒသမ ၀၂၇ သန်း ရှိခဲ့ကြောင်း သိရသည်။


ဓာတ်ပုံ-နေလင်း

မောင်တော ကုန်သွယ်ရေးဆိပ်ကမ်းမှ ကုန်တင်ကုန်ချလုပ်သား ဦးမာမက်က "အလုပ်ရှိရင်တော့ တစ်နေ့ ကျပ်ငါးထောင်လောက်ရတယ်။ ဟိုဘက်ဒီဘက် ကုန်ပစ္စည်းပို့တာမရှိတော့ အလုပ်လည်းမရှိဘူး။ ဝင်ငွေလည်း မရှိဘူး။ မကြာခင် ကုန်သွယ်မှုပြန်ကောင်းလာမယ်လို့တော့ ထင်ပါတယ်"ဟု ပြောသည်။

နယ်မြေအခြေအနေအရ မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှု ခေတ္တရပ်တန့်နေခြင်းကြောင့် မောင်တော ကုန်သွယ်ရေးဆိပ်ကမ်းတွင် ဘင်္ဂလားဒေ့ရှ်သို့ ဝါးများတင်ပို့ရန် အခက်အခဲဖြစ်နေပြီး ကုန်သည်များအနေဖြင့် ဆုံးရှုံးနစ်နာမှုများရှိနေကြောင်း မောင်တောမြို့ ရွှေရတနာမြေကုမ္ပဏီမှ သိရသည်။

မောင်တော-ဘင်္ဂလားဒေ့ရှ် နယ်စပ်ကုန်သွယ်မှု တိုးမြှင့်ရန်အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ငွေကျပ်သန်း ၆၀၀ ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက ထည့်ဝင်ငွေကျပ်သန်း ၄၀၀ စုစုပေါင်း ငွေကျပ်သန်း၁၀၀၀ ဖြင့် မောင်တောမြို့ ကညင်ချောင်းတွင် ကုန်သွယ်ရေးဇုန်တစ်ခုတည်ဆောက်နေပြီး လက်ရှိအချိန်တွင် ပင်မရုံး၊ ကုန်လှောင်ရုံ၊ ဆိပ်ခံတံတားနှင့်ရုံးခန်းတချို့ ဆောက်လုပ်ပြီးစီးနေပြီဖြစ်ကြောင်း မောင်တောကုန်သွယ်ရေးစခန်းမှ သိရသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)နှင့်အောဝမ်းစိုး**



# မောင်တောမီးလင်းရေး တစ်ရက်လျှင် စက်သုံးဆီ ၁၇၅ ဂါလန် ပိုမိုသုံးစွဲနေရ

**မောင်တော နိုဝင်ဘာ ၂၄**

မောင်တောခရိုင်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီးနောက် လုံခြုံရေးအခြေအနေအရ လျှပ်စစ်မီးပေးချိန်တိုးမြှင့်ထားရ၍ စက်သုံးဆီသုံးစွဲမှုမှာ တစ်ရက်လျှင် ဆီဂါလန် ၁၇၅ ဂါလန်ပိုမိုသုံးစွဲနေရကြောင်း ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူး ဦးသန့်ဇင်ထွန်းက ပြောသည်။

"မောင်တောခရိုင်မှာ အကြမ်းဖက်မှုမဖြစ်ပွားမီ မီးပေးတဲ့အခြေအနေကတော့ ပြည်နယ်အစိုးရရဲ့ အထောက်အပံ့နဲ့ တစ်ညကို လေးနာရီ၊ မီးလင်းရေးကော်မတီရဲ့ အထောက်အပံ့နဲ့ပေးတာက တစ်နာရီ စုစုပေါင်း ငါးနာရီပေးပါတယ်။ အောက်တိုဘာ ၉ ရက်က စပြီး ပုံမှန်ပေးနေတဲ့ ငါးနာရီအပြင် လုံခြုံရေးအခြေအနေအရ မီးပေးချိန်ကို နောက်ထပ်လေးနာရီခွဲ ထပ်မံတိုးမြှင့်ပေးလိုက်တဲ့အတွက် တစ်ညကို ဆီဂါလန် ၁၇၅ ဂါလန်ပိုပြီး သုံးစွဲနေရပါတယ်"ဟု ဦးသန့်ဇင်ထွန်းက ပြောသည်။

ရခိုင်ပြည်နယ်အစိုးရက ပုံမှန်အားဖြင့် မောင်တောခရိုင်မီးလင်းရေးအတွက် လစဉ် စက်သုံးဆီ ဒီဇယ်ဂါလန် ၄၇၀၆ ဂါလန် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ မီးလင်းရေးကော်မတီကလည်း လစဉ် ဂါလန် ၂၀၀၀ ခန့် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ယင်းပုံမှန် ထောက်ပံ့ပေးနေသည့်အခြေအနေမှ လုံခြုံရေးအခြေအနေကြောင့် တစ်ရက် စက်သုံးဆီ ဂါလန် ၁၇၅ ဂါလန်တိုးမြှင့်၍ ထောက်ပံ့ပေးနေရကြောင်း သိရသည်။

"ဒီအခြေအနေတိုင်းဆိုရင် မောင်တောခရိုင်အတွက် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် မျှော်မှန်းထားတာထက်စောပြီး ရရှိအောင် တွန်းအားပေးဆောင်ရွက်ဖို့ လိုအပ်မှာဖြစ်ပါတယ်"ဟု ဦးသန့်ဇင်ထွန်းက ဆိုသည်။

မောင်တောခရိုင်တွင် ၂၀၁၇- ၂၀၁၈ ဘဏ္ဍာနှစ်အတွင်း မဟာဓာတ်အားလိုင်းမှ လျှပ်စစ်ဓာတ်အားရရှိရန် မျှော်မှန်းထားပြီး ပုဏ္ဏားကျွန်း- ရသေ့တောင်- ဘူးသီးတောင်- မောင်တော ၆၆ KV ဓာတ်အားလိုင်းသွယ်တန်းရယူရန် ဆောင်ရွက်လျက်ရှိပြီး တစ်ချိန်တည်းမှာပင် ဓာတ်အားခွဲရုံလေးခုကိုလည်း တည်ဆောက်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**သတင်း- မြင့်မောင်စိုး**

**ဓာတ်ပုံ- အောဝမ်းစိုး (ကြေးမုံ)**

# မောင်တောခရိုင်ရှိ မြင်းလွတ်နှင့် ခမောင်းဆိပ်တို့ကို မြို့အဖြစ် တိုးချဲ့ဖွဲ့စည်းမည်

**မောင်တော နိုဝင်ဘာ ၂၄**

မောင်တောခရိုင်တွင် မောင်တောမြို့၊ ဘူးသီးတောင်မြို့၊ တောင်ပြိုလက်ဝဲမြို့တို့အပြင် မြင်းလွတ်နှင့် ခမောင်းဆိပ်တို့ကို မြို့အဖြစ် တိုးချဲ့ဖွဲ့စည်းရန် စီစဉ်ဆောင်ရွက်နေကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ သိရသည်။

"မောင်တောက လူဦးရေများတော့ မြို့အုပ်ချုပ်ရေးအတွက် လက်လှမ်းမီဖို့လိုတယ်။ မြို့ကိုလည်း တရားဥပဒေစိုးမိုးရေးတွေရအောင် မြို့တွေတိုးချဲ့ဖွဲ့စည်းဖို့ လိုအပ်တယ်။ ခမောင်းဆိပ်မြို့နဲ့ မြင်းလွတ်မြို့က မြို့ဖွဲ့စည်းပုံလည်း ကျထားပြီးပြီ"ဟု ရခိုင်ပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာက ပြောသည်။

ဒေါက်တာချမ်းသာက "မြို့ဖြစ်လာတဲ့အခါ ဖွံ့ဖြိုးမှုအပိုင်းလည်း ပိုကောင်းလာမယ်။ ဆေးရုံ၊ စာသင်ကျောင်းနဲ့ အစိုးရအဆောက်အအုံတွေ ပေါ်လာမယ်။ လမ်းပန်းဆက်သွယ်ရေးလည်း ကောင်းလာမယ်။ အရင်ကထက် ပိုဖွံ့ဖြိုးလာမယ်"ဟုပြောသည်။

မောင်တောခရိုင်သည် မြစ်ချောင်းနှင့် တောင်ကုန်းတောင်တန်း ပေါ်များသော ဒေသတစ်ခုဖြစ်ပြီး နတ်မြစ်၊ မေယုမြစ်နှင့် မြောက်မှတောင်သို့ သွယ်တန်းနေသည့် မေယုတောင်တန်းတို့မှာထင်ရှားလှသည်။ မောင်တောခရိုင်သည် တောတောင်ရေမြေ သဘာဝကောင်းမွန်ပြီး မြစ်ချောင်းပေါ်များခြင်းကြောင့် စိုက်ပျိုးရေး၊ ငါးပုစွန်မွေးမြူခြင်းနှင့် ငါးဖမ်းခြင်းလုပ်ငန်းများ အထူးအောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဒေသတစ်ခုဖြစ်ကြောင်း သိရသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်သစ်တောသတ္တုတွင်းဝန်ကြီး ဦးကျော်လွင်က " မြို့နှစ်မြို့ကို ပြည်ထောင်စုက အတည်ဖြစ်ပြီဆိုတာနဲ့ အဲဒီဒေသမှာ မြေလွတ်ရှိမရှိ ကြည့်မယ်။ စိုက်ပျိုးရေးလုပ်လို့ရမယ့် မြေလွတ်တွေ ဖော်ထုတ်လို့ရရင် ဒေသခံတိုင်းရင်းသားတွေကို ဦးစားပေး ချပေးသွားမယ်"ဟု ပြောသည်။

မောင်တောခရိုင်တွင် လူဦးရေ ရှစ်သိန်းကျော်ရှိပြီး အများစုမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကိုအဓိကလုပ်ကိုင်လျက်ရှိသည်။

မောင်တောခရိုင်သည် အရှေ့ဘက်တွင် ကျောက်တော်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ချင်းပြည်နယ် ပလက်ဝမြို့နယ်၊ တောင်ဘက်တွင် ရသေ့တောင်မြို့နယ်၊ အနောက်ဘက်နှင့် မြောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နိမိတ် ထိစပ်လျက်ရှိသည်။ **မင်းသစ်(သတင်းစဉ်)**

# ကျီးကန်းပြင် နယ်ခြားစောင့်ရဲဌာနချုပ် အကြမ်းဖက်စီးနင်းမှု သံသယရှိသူများ ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂၄**

အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုဌာနချုပ်(ကျီးကန်းပြင်)ကို အကြမ်းဖက် စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်သည်ဟု သံသယရှိသူ ၁၃ ဦးအား ယနေ့ နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝါးပိတ်ကျေးရွာနှင့် ဦးရှည်ကျကျေးရွာများမှ ဖမ်းဆီးရမိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

မောင်တောမြို့နယ်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များ နယ်မြေရှင်းလင်းရေးဆောင်ရွက်စဉ် ကျီးကန်းပြင် ရဲစခန်းအား အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်တွင် ပါဝင်သည်ဟု သံသယရှိသူ ဝါးပိတ်ကျေးရွာမှ အီနူနှင့် အာယုတို့အား ယနေ့ နံနက် ၇ နာရီခန့်တွင် လည်းကောင်း**(ယာပုံ)**၊ ဦးရှည်ကျ ကျေးရွာမှ ရှားအာလောင် အပါအဝင် ၁၁ ဦးအား ၈ နာရီခွဲခန့်တွင်လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိသူများအား သက်ဆိုင်ရာ နယ်ခြားစောင့်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# မောင်တောမြို့နယ်မြောက်ပိုင်းရှိ ဒေသခံများ၏ စိတ်ချလုံခြုံမှုရှိစေရေး ဖြည့်ဆည်းပေးရန်လိုအပ်

**ရန်ကုန် နိုဝင်ဘာ ၂၄**

မိမိတို့သတင်းအဖွဲ့သည် နိုဝင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် မောင်တောမြို့နယ် မြောက်ပိုင်းနှင့် တောင်ပိုင်းရှိ ကျေးရွာများသို့ ရောက်ရှိစဉ် ဒေသအခြေအနေနှင့် ဒေသခံများ၏ လိုအပ်မှုများကို မေးမြန်းခဲ့သည်။ တိုင်းရင်းသားများက ၎င်းတို့ကျေးရွာများတွင် စိတ်လုံခြုံမှုရှိစေရန် လုံခြုံရေးတိုးမြှင့်ချထားပေးစေလိုပြီး စပါးများအချိန်မီရိတ်သိမ်းနိုင်ရေးအတွက် ကူညီပေးရန်၊ ပညာရေး၊ ကျန်းမာရေး ကူညီစောင့်ရှောက်မှုများ ပိုမိုဆောင်ရွက်ပေးရန် လိုလားနေကြသည်။

မောင်တောမြို့ မြောက်ပိုင်းကျေးရွာရှိ ဖားဝပ်ချောင်းကျေးရွာ အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဦးက "ရွာကလူတွေ တော်တော်များများက စိုးရိမ်စိတ်တွေ ရှိနေကြပါတယ်။ ကျွန်တော်တို့ရွာမှာ ပညာသင်ကြားမှု မစတင်နိုင်သေးတဲ့အတွက် ပညာရေး အခက်အခဲရှိပါတယ်။ ဆရာ ဆရာမတွေကလည်း စိုးရိမ်ပြီး ကိုယ်ရပ်ကိုယ့်ရွာ ပြန်သွားကြပါတယ်။ ကျန်းမာရေးကတော့ ကျေးလက်ကျန်းမာရေးဆေးခန်းရှိတဲ့အတွက် အဆင်ပြေနေပါတယ်။ ကျွန်တော်တို့ရွာက မိသားစု ခုနစ်စုလောက်ကတော့ ဘူးသီးတောင်ကို တိမ်းရှောင်သွားပါတယ်။ အခုရွာမှာက စားရေးသောက်ရေးလည်း အခက်အခဲဖြစ်တယ်။ လုံခြုံရေးအင်အား တိုးမြှင့်ပေးထားရင်တော့ ကျွန်တော်တို့က ဒီရွာမှာပဲ နေချင်တယ်။ စွန့်ခွာပြီးတော့ မသွားချင်ပါဘူး"ဟု ပြောသည်။

ခြံပြင်ကျေးရွာနေ ဒေသခံပြည်သူတစ်ဦးဖြစ်သူ ဦးသာထွန်းက "ကျွန်တော်တို့ရွာက နဂိုကတည်းက ရှိတဲ့ရွာပါ။ ကျွန်တော်တို့ရွာမှာ ပုစွန်ကန်နဲ့ လယ်ယာမြေတွေ ပိုင်ဆိုင်မှုရှိပါတယ်။

စားဝတ်နေရေးတော့ လက်ရှိ အခက်အခဲရှိပါတယ်။ စပါးစိုက်ထားတာမှာလည်း အခုအလုပ်သမားက ရှာမရဘူး။ တစ်ပိုင်တစ်နိုင်ပဲရိတ်သိမ်းနေရပါတယ်။ နောက် ကျွန်တော်တို့မှာ ပုစွန်ကန်၊ ငါးကန်တွေ ရှိတယ်။ အခု အဲဒီပတ်ပတ်လည်မှာ ဆားငန်ရေတွေ ဝိုင်းထားတော့ ဟင်းသီးဟင်းရွက်လည်း စိုက်မရပါ။ အခြားနေရာကလည်း ဝယ်စားလို့မရပါ။ ငါးတို့ ဘာတို့က ရှာစားလို့ရပေမယ့် ဆီတို့၊ တခြား ကုန်ခြောက်ပစ္စည်းတွေ အကုန်ရှားသွားပါတယ်။ ဈေးကလည်း ဈေးကြီးပေးဝယ်နေရပါတယ်။ စပါးကို အလုပ်သမားတွေနဲ့ ကောင်းကောင်းမွန်မွန် ရိတ်သိမ်းချင်ပါတယ်။ အလုပ်သမားမရှိတော့ စပါးရိတ်မရဘူး။ စပါးတွေကလည်း အမှည့်လွန်နေပါပြီ။ ရှေ့နှစ်ကို မျိုးစပါးနဲ့ ဝမ်းစာစပါး ဘယ်လိုရနိုင်မလဲဆိုတာတော့ မပြောတတ်တော့ဘူး။ ဆေးခန်းရှိတယ်။ သားဖွားဆရာမ ဒီမှာချပေးပါလို့ ကျန်းမာရေးအတွက် ဝန်ကြီးချုပ်ကို တင်ပြထားပါတယ်"ဟု ပြောသည်။

ခြံပြင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးကျော်မင်းသန်းက "ကျွန်တော်တို့ရွာမှာ အခက်အခဲက ခြံပြင်ရွာသားတွေက လယ်ယာမြေစိုက်ပျိုးပြီး



ဦးသာထွန်း





ဦးကျော်မင်းသန်း

စားသောက်နေတာပါ။ အခု အခြေအနေအရ စပါးတွေ မရိတ်သိမ်းဖြစ်သေးဘူး။ စားရေး၊ နေရေးက တကယ့်ကို အခက်အခဲရှိပါတယ်။ ရွာမှာ လုံခြုံရေးတပ်ဖွဲ့တွေ လာနေမယ်ဆိုရင် အများကြီး စိတ်လုံခြုံမှုရှိပါမယ်။ အလုပ်အကိုင်လည်း လုပ်နိုင်ပါမယ်။ ကျွန်တော်တို့အနေနဲ့ ဈေးဝယ်၊ ဈေးသွားဖို့ ကားတစ်စီးလောက် လိုချင်ပါတယ်။ တစ်ပတ်ကို နှစ်ခါလောက် လုံခြုံရေးကားပေးပြီးတော့ မောင်တောမြို့မှာ ဈေးဝယ်ခွင့်ရချင်ပါတယ်"ဟု ပြောသည်။

ရေမျက်တောင်ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးမြတ်အောင်ကျော်က "၁၉၉၃ ခုနှစ် စက်တင်ဘာ ၃ ရက်မှာ ရေမျက်တောင်ကျေးရွာကို တည်ထောင်ပါတယ်။ နိုင်ငံတော်ကပေးတဲ့ လယ်ယာမြေ တစ်အိမ်ထောင်ကို သုံးဧကရပါတယ်။ ကိုယ့်ရဲ့ လယ်ယာမြေတွေကို ကိုယ်တိုင်မလုပ်နိုင်ဘူး။ ကိုယ်တိုင်လုပ်ချင်ပေမယ့် သူတို့တွေကိုပဲ သီးစားအဖြစ် အငှားပြန်ပေးထားရတယ်။ ကျွန်တော်တို့ရွာရဲ့ အဓိက စီးပွားရေးက ကဏန်းရှာတာပါ။ ဒါပေမယ့် အခုမရှာနိုင်ပါဘူး။ သွားရလာရ အဆင်မပြေပါဘူး။ ရွာမှာ ကျန်းမာရေး ဆရာမတစ်ယောက်ရှိပေမယ့် တစ်လလောက်နေလိုက် ပြန်သွားလိုက်ဆိုတော့ အဆင်မပြေပါဘူး။ ပညာရေးကလည်း အလယ်တန်းဆို ငါးခူရကျေးရွာမှာ သွားတက်ရတယ်။ ကလေးတွေက မိုးရွာရွာ၊ နေပူပူ သွားတက်နေရတော့ အခက်အခဲ နည်းနည်းရှိပါတယ်။ ကျောင်းသား ၃၅ ယောက်လောက်သွားတက်နေပါတယ်။ လက်ရှိတော့ ကျောင်းက ပိတ်ထားပါတယ်။ နောက်တစ်ခုက လမ်းပန်းဆက်သွယ်ရေး မကောင်းဘူး။ ပြဿနာတစ်စုံတစ်ရာ ဖြစ်ပြီဆို ကျွန်တော်တို့ရွာက အထီးကျန်သလိုဖြစ်ပြီး ကျန်ခဲ့ပါတယ်"ဟု ပြောသည်။

လောင်းဒုံကျေးရွာအုပ်စု ဖော်ကီတောင်ကျေးရွာမှ ရပ်မိရပ်ဖ ဦးကျော်သန်းက "အိမ်ထောင်စု ၁၇ စုနဲ့ နိုဝင်ဘာ ၁၃ ရက်က ကြိမ်ချောင်းကျေးရွာကို ရောက်လာတာပါ။ ကျွန်တော်တို့ လောင်းဒုံက တိုင်းရင်းသားတွေအားလုံး ဒီကိုထွက်လာကြတာပါ။ ၁၂ ရက်နေ့ညက ရွာသားတစ်ဦး ဓားနဲ့ အခုတ်ခံရပါတယ်။ အေးချမ်းသွားရင်တော့ ရွာကိုပြန်ချင်ပါတယ်။ ကျောင်းတက်နေတဲ့ ကလေး ၁၄ ဦးလောက်ပါလာပါတယ်" ဟု ပြောသည်။

လောင်းဒုံကျေးရွာအုပ်စု ဖော်ကီတောင်ကျေးရွာနေ မရမာကြီးတိုင်းရင်းသား ဦးရွှေမောင်က "ကျွန်တော်နေတာက စိုက်ပျိုးရေးရုံးမှာပါ။ ၁၈ နှစ်ရှိပါပြီ။ နိုဝင်ဘာလ ၁၂ ရက် နံနက် ၅ နာရီခွဲလောက်မှာ ကျွန်တော်တို့နားကရွာမှာ မိုင်းတစ်လုံးကွဲပါတယ်။ ကျွန်တော့်စိတ်ထဲမှာ တိုက်ပွဲဖြစ်နေတယ်လို့ ထင်တာနဲ့ အဲဒီရွာကိုသွားမေးပါတယ်။ သူတို့က မင်းမပူနဲ့၊ ငါတို့ခေါ်သွားမယ်။ အိမ်မှာလိုက်နေဆိုပြီး ခေါ်သွားပါတယ်။ ည ၁၀ နာရီကျော်တော့ ကျွန်တော်နေလို့ မဖြစ်ဘူး။ သွားမယ်ဆိုတော့ ငါတို့ပြေးရင်လည်း မင်းကိုလည်း ခေါ်သွားမယ်ပြောတယ်။ ကျွန်တော်က နေလို့မရဘူးဆိုပြီး ရွာလူကြီးကိုပြောတယ်။ ကျွန်တော်ပြန်မယ်ဆိုတော့ ကျွန်တော့်ကို လူ ခုနစ်ယောက်၊ ရှစ်ယောက်လောက် ဝိုင်းထားပါတယ်။ အဲဒီအဖွဲ့ထဲက တစ်ယောက်က သူခါးကပါတဲ့ ဓားနဲ့ ကျွန်တော့်ကိုခုတ်ပါတယ်။ နောက်တော့ သူတို့ထွက်ပြေးသွားပါတယ်။

"ကျွန်တော်က စနေနေ့ ည ၁၂ နာရီလောက်မှာ အခုတ်ခံရပါတယ်။ တနင်္ဂနွေနေ့ နံနက် ကြိမ်ချောင်းကို ရောက်ပါတယ်။ ဆေးရုံမှာ ဆရာ ဆရာမတွေမရှိလို့ တပ်ကခေါ်သွား



ဦးကျော်သန်း



ဦးကျော်ဆွေ(ခေါ်)အဒူဟာဖီး

ပါတယ်။ သူ့တို့ဆီမှာ ဆေးကုပေးပါတယ်။ စားဖို့ သောက်ဖို့ကော ဆေးကုတာကော အကုန်အဆင်ပြေအောင် လုပ်ပေးပါတယ်။ ဒီနေ့မနက်လည်း တပ်ကပြောပါတယ်။ စားဖို့ သောက်ဖို့နဲ့ ဆေးကုတာအပါအဝင် ကူညီပေးမယ်။ မပူပါနဲ့လို့ပြောပါတယ်။ ရွာမှာတော့နေဖို့ အဆင်သင့်မဖြစ်ပါဘူး။ ကျွန်တော်တို့ရွာမှာက လူနည်းနည်းပဲရှိတာပါ။ သူတို့က ရန်မူရင် ကျွန်တော်တို့တွေ အသက်အန္တရာယ် စိုးရိမ်ရပါတယ်"ဟု ပြောသည်။

ထိုနေ့က မောင်တောမြို့ အရေးပေါ် ကူညီထောက်ပံ့ရေးကော်မတီက ဖားဝပ်ချောင်းနှင့် ကြိမ်ချောင်းကျေးရွာရှိ တိုင်းရင်းသားများအား ဆန်၊ ဆီတို့ကို ပေးအပ်လှူဒါန်းခဲ့သည်။ ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်မှ ရဟန်းရှင်လူများ ထောက်ပံ့လှူဒါန်းသည့် တစ်အိမ်ထောင်လျှင် ငွေကျပ် နှစ်သောင်းနှုန်း လှူဒါန်းငွေများကိုလည်း အလှူရှင်များကိုယ်စား မောင်တောမြို့ အရေးပေါ် ကူညီထောက်ပံ့ရေးကော်မတီက ကပ္ပကောင်း၊ ရေမျက်တောင်နှင့် ကြိမ်ချောင်းကျေးရွာတို့တွင် ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

မောင်တောမြို့ တောင်ပိုင်း မြင်းလွတ်မြို့(၁)ရပ်ကွက်နေ ဦးကျော်ဆွေ(ခေါ်)အဒူဟာဖီးက "ကျွန်တော်တို့က အားလုံးနဲ့ပူးပေါင်းပြီး ဥပဒေဘောင်အတွင်းမှာ နေထိုင်ပါတယ်။ အကြမ်းဖက်မှုနဲ့ ဆူပူသောင်းကျန်းမှုကို ကျွန်တော်တို့ ရှုတ်ချပါတယ်။ ကိုယ့်အလုပ်ကိုယ်လုပ်ပြီး အေးအေးဆေးဆေး နေချင်ပါတယ်။ ရပ်ရွာတည်ငြိမ်အေးချမ်းရေးကိုပဲ ပိုပြီးလိုချင်ပါတယ်။ အစွန်းရောက်သမားတွေရှိရင်လည်း ဝိုင်းဝန်းပြီးဖော်ထုတ်ပေးကြဖို့ ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိပါတယ်။ ကျွန်တော်တို့ ဒီမြေပေါ်မှာပဲနေတယ်။ ဒီက အစာကိုပဲစားတယ်။ ဒီနယ်မြေက အရင်က အမည်းရောင်နယ်မြေပါ။ အဖြူရောင်နယ်မြေဖြစ်အောင် ကျွန်တော်တို့ လုပ်ဆောင်ခဲ့တာပါ။ ဒီနယ်မြေကို အပြစ်လုပ်ရင် လုံးဝမခံချင်ပါဘူး။ သူတို့ကို ဥပဒေအရ ထိထိရောက်ရောက် အရေးယူပါ။ အားလုံးမှာ တာဝန်ရှိပါတယ်။ ကောလာဟလသတင်းတွေကြောင့် လူကောင်းတွေမှာလည်း စိုးရိမ်စိတ်တွေ များနေပါတယ်။ အစွန်းရောက် အကြမ်းဖက်သမားတွေကို လုံးဝမလိုလားပါ။ ပြည်သူတွေလည်း မလိုလားပါဘူး။ ရိုးရိုးသားသားပြောပြရရင် လူကောင်းရှိသလို လူဆိုးလည်း ရှိနိုင်ပါတယ်" ဟု ပြောသည်။

ဥဒေါင်းစံပြကျေးရွာမှ မူလတန်းကျောင်းအုပ် ဦးထွန်းလင်းက "မောင်တောမြို့နယ်မှာရှိတဲ့ ကျေးရွာအချို့မှာ ကျောင်းတွေပိတ်ထားပေမယ့် ဥဒေါင်းစံပြတိုင်းရင်းသားကျေးရွာမှာတော့ စာသင်ကြားလျက်ရှိပါတယ်။ ဆရာ ဆရာမ ငါးဦးရှိပါတယ်။ ကျောင်းသား ကျောင်းသူ ၅၇ ဦးရှိပါတယ်။ ကျောင်းသားတွေ အားလုံးနီးပါးရောက်ပြီး သုံးဦးပဲ မရောက်သေးတာ။ မောင်တောနဲ့ ဘူးသီးတောင်ရောက်နေလို့ သိရပါတယ်"ဟု ပြောသည်။

ဥဒေါင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်မောင်က "အခုဆို ထင်းခွေ၊ ရေခပ်၊ ဖားရှာ၊ ငါးရှာမသွားရဲဘူး။ ရွာမှာပဲ အပိတ်ခံနေရသလိုဖြစ်နေကြပါတယ်။ လိုအပ်ချက်က လုံခြုံရေးနဲ့ စားဝတ်နေရေးဖြစ်ပါတယ်။ ရပ်ရွာကနေ ထွက်ခွာသွားသူတွေ အားလုံးပြန်လာနေပါပြီ။ လုံခြုံရေးကို မှီခိုအားထားပြီးနေရတာမို့ လုံခြုံရေးပိုင်းကို တင်းတင်းကျပ်ကျပ် လုပ်ပေးစေလိုပါတယ်။ ဒီမှာ အဓိက အသက်မွေးဝမ်းကျောင်းက လယ်ယာလုပ်ငန်းပါ။ တံငါလုပ်ငန်းရှိပေမယ့် သိပ်မလုပ်ကြဘူး။ အရောင်းအဝယ်လည်း လုပ်ကြပါတယ်"ဟု ပြောသည်။

ဂေါ်ဒူသာရ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်အောင်က "ဒီရွာကတော့ သရေကုန်းဘောင်ရွာပါ။ ဒီရွာမှာ ရှိတဲ့လူတွေက လယ်လုပ်တယ်။ အချို့က ဥယျာဉ်ခြံမြေလုပ်တယ်။ အချို့ကတော့ တစ်နိုင်တစ်ပိုင် နွားလေး၊ ဆိတ်လေးတွေ မွေးတယ်။ ပိုက်ဆံအနည်းအကျဉ်း ရှိသူတွေကတော့ ကားထောင်တယ်။ အများစုကတော့ လယ်လုပ်တာပါ။ ဒေသခံတွေ ကြုံတွေ့ရတာက အမြဲပြေးလွှားနေရတော့ စိတ်ကမလုံခြုံဘူးပေါ့။ ဒီမြေအပေါ်မှာ ခင်တွယ်တဲ့ စိတ်နည်းလာတယ်။ ဒီတော့ ကျွန်တော်က ကောင်းတဲ့ဘက်က ရပ်တည်ပြီး ပျော်ပျော်ပါးပါးဖြစ်အောင် လုပ်ပေးတယ်။ ဘယ်ကိုမှ မသွားကြနဲ့။ ဒီနားမှာ တပ်တွေရှိတယ်။ တစ်ခုခုဖြစ်ရင် ဖုန်းသာဆက် ငါးမိနစ်မကြာဘူး ရောက်လာမှာဆိုပြီး ပြောထားရတယ်။ နောက်လုံခြုံရေးတွေလည်း မကြာမကြာ ရွာထဲရောက်လာပါတယ်။ ကျွန်တော်တို့ရွာကို ကျွန်တော်တို့ ကာကွယ်ချင်တယ်လေ။ ဒါကြောင့် အစည်းအဝေးတွေ ခဏခဏလုပ်တယ်။ ကိုယ့်ရွာကို တတ်နိုင်သလောက် ကာကွယ်မယ်။ ယုံပေးကြပါဆိုပြီးတော့ပေါ့။ ကျွန်တော်တို့က နိုင်ငံတော်အတွက် အလုပ်လုပ်နေတာပါ။ လူဆိုး၊ လူမိုက်တွေ ဘယ်နေရာမှာရှိတယ်ဆိုတာကိုရှာဖွေပြီး သတင်းပို့ရမှာက ကျွန်တော်တို့ အလုပ်တစ်ခုပဲလေ"ဟု ပြောသည်။

မောင်တောတောင်ပိုင်းဒေသများသည် လမ်းပန်းဆက်သွယ်ရေးနှင့် စီးပွားရေး အတော်အသင့်ကောင်းမွန်ပြီး အေးချမ်းစွာနေထိုင်လျက်ရှိသည်ကို မြင်တွေ့ခဲ့ရပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

**သတင်းဆောင်းပါး - ရဲခေါင်ညွန့်**
**ဓာတ်ပုံ - ဖိုးထောင်နှင့် မင်းထက်**

■



ဥဒေါင်းစံပြကျေးရွာတွင် စာသင်ကြားနေသော ကလေးငယ်များကို တွေ့ရစဉ်။



မောင်တောမြို့နယ်၌ စပါးများ ခြွေလှေ့နေသည်ကို တွေ့ရစဉ်။

# မူဆယ်မြို့ စစ်ဘေးရှောင်စခန်းများရှိ ဒေသခံပြည်သူများအား နယ်စပ်ရေးရာဝန်ကြီးဌာနက ဆန်၊ ဆီ၊ ဆား၊ ပဲ နှင့် ခြုံစောင်များ ထောက်ပံ့



**နေပြည်တော် နိုဝင်ဘာ ၂၄**

နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(မြောက်ပိုင်း)၊မူဆယ်မြို့စစ်ဘေးရှောင်စခန်းများရှိ ဒေသခံပြည်သူများနှင့် ဝန်ထမ်းမိသားစုများ စုစုပေါင်းအိမ်ထောင်စု ၁၀၀၀၊ လူဦးရေ ၃၄၆၀ အတွက် ဆန်အိတ် ၂၈၄ အိတ်၊ ဆီ ၅၄၅ ပိဿာ၊ ကုလားပဲ ၁၂၁၁ ပိဿာ၊ ဆား ၁၂၂ ပိဿာနှင့် ခြုံစောင်အထည် ၁၀၀၀ တို့ကို ထောက်ပံ့ပေးခဲ့ရာ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် အထွေထွေ အုပ်ချုပ်ရေးမှူးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကယ်ဆယ်ရေးစခန်းများသို့ သွားရောက် လွှဲပြောင်း ပေးအပ်ခဲ့သည်။

မူဆယ်ဒေသတွင် လတ်တလောဖြစ်ပွားခဲ့သော တိုက်ပွဲများကြောင့် စစ်ဘေးရှောင် ဒေသခံတိုင်းရင်းသားပြည်သူများအား မူဆယ်မြို့ရှိ မဟာဝန်(မြောက်)ဘုန်းကြီးကျောင်း၊ ဇေတဝန်ကမ္မဋ္ဌာန်းကျောင်း၊ အောင်မင်္ဂလာဘုန်းကြီးကျောင်း၊ နမ့်ခွမ်ဘုန်းကြီးကျောင်း၊ ဟိုမွန်ရပ်ကွက် ကချင်နှစ်ခြင်း ခရစ်ယာန်ကျောင်း၊ စိမ့်ပီတာခရစ်ယာန်ကျောင်း၊ ဂေါ်ရခါးသာရေးနာရေးလူငယ်အသင်းတို့တွင် လည်းကောင်း၊ ဝန်ထမ်းမိသားစုများအား အထက(၂)နှင့် အမက(၄)တို့တွင်လည်းကောင်း ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ လိုအပ်သော ကူညီစောင့်ရှောက်မှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




# RCSS နှင့် TNLA တိုက်ပွဲတွင် တံတားတစ်စင်း ပျက်ဆီးခံရ

**နေပြည်တော် နိုဝင်ဘာ ၂၄**

RCSS နှင့် TNLA လက်နက်ကိုင် အဖွဲ့များ နမ္မတူမြို့နယ် မိုင်းဆင်ကျေးရွာအနီး၌ ယမန်နေ့ မွန်းလွဲပိုင်းက တိုက်ပွဲဖြစ်ပွားစဉ် မိုင်းဆင်တံတားဖျက်ဆီးခံခဲ့ရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

နိုဝင်ဘာ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲတွင် နမ္မတူမြို့နယ် မိုင်းဆင်ကျေးရွာအနီး RCSS နှင့် TNLA လက်နက်ကိုင်အဖွဲ့တို့ တိုက်ပွဲဖြစ်ပွားပြီး မိုင်းဆင်တံတား ဖျက်ဆီးခံရကြောင်း သတင်းရရှိသဖြင့် တပ်မတော်နှင့် ရဲတပ်ဖွဲ့က သွားရောက်စစ်ဆေးခဲ့ရာ နမ္မတူ-မုံဝီးသွားကားလမ်း မိုင်တိုင်အမှတ်(၄/၄ ဒသမ ၅)အကြား မိုင်းဆင်ဘေလီတံတား၏ အလယ်ကြမ်းခင်းအချို့ မီးလောင်ပျက်စီးနေသည်ကို တွေ့ရကြောင်း သိရသည်။

ထို့ပြင် တံတားအနီးတွင် TNLA အဖွဲ့မှ ကျန်ရစ်ခဲ့သည့် အစိမ်းရောင် ကျောပိုးအိတ်တစ်လုံး၊ ပြောက်ကျားလွှာထိုး ဦးထုပ်တစ်လုံး၊ မိုင်းခွဲရာတွင် အသုံးပြုသည့် ၁၂ ဗို့ဆိုင်ကယ်ဘက်ထရီခြောက်တစ်လုံး၊ ပေ ၅၀ အရှည်ခန့်ရှိ အစိမ်းရောင် ဝါယာကြိုးပျော့နှစ်ချောင်း တွေ့ရှိခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



# လက်နက်ကိုင်အဖွဲ့ များပစ်ခတ်လိုက်သည့် လက်နက်ကြီးကျည်ဆန် ကျရောက်ပေါက်ကွဲသဖြင့် အပြစ်မဲ့ပြည်သူ နှစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**နေပြည်တော် နိုဝင်ဘာ ၂၄**

နမ့်ခမ်းမြို့နယ် ဟိုနားကျေးရွာတွင် ယမန်နေ့ညနေပိုင်းက KIA၊ TNLAနှင့် MNDAA လက်နက်ကိုင်အဖွဲ့များ ပစ်ခတ်လိုက်သော လက်နက်ကြီး ကျည်ဆန်ကျရောက်ပေါက်ကွဲသဖြင့် အပြစ်မဲ့ပြည်သူ နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ယမန်နေ့ ညနေ ၄ နာရီခန့်က နမ့်ခမ်းမြို့နယ် ကောင်းကတ်ကျေးရွာအုပ်စု ဟိုနားကျေးရွာမှ ဦးပီကိုင်းရှော့နှင့် ၎င်း၏သားများဖြစ်သော ပီကျုံးကိုင်းနှင့် ပီကပ်စော တို့သည် နေအိမ်၌ရှိစဉ် KIA၊TNLAနှင့် MNDAA လက်နက်ကိုင်အဖွဲ့များ ပစ်ခတ်လိုက်သော လက်နက်ကြီးကျည်ဆန် နေအိမ်ခေါင်မိုးပေါ် ကျရောက်ပေါက်ကွဲခဲ့သဖြင့် ဦးပီကိုင်းရှော့နှင့် ပီကပ်စောတို့ သေဆုံးခဲ့ပြီး ပီကျုံးကိုင်းမှာ ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဒဏ်ရာရရှိသူ ပီကျုံးကိုင်းအား ကောင်းကတ်ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အဖွဲ့က နမ့်ခမ်းပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးပြီး ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# KIA လက်နက်ကိုင်အဖွဲ့ ၏ ပြည်ထောင်စုလမ်းမကြီးအားပိတ်ဆို့မှု တပ်မတော်က ရှင်းလင်း၊ ယာဉ်တန်းများသွားလာနိုင်ပြီ

**နေပြည်တော် နိုဝင်ဘာ ၂၄**

မူဆယ်မြို့နယ် ကောင်းခါးရွာအနီး ပြည်ထောင်စုလမ်းမကြီးအား ယနေ့နံနက်ပိုင်းတွင်KIAလက်နက်ကိုင်အဖွဲ့က ယာဉ်များကန့်လန့်ဖြတ်ရပ်ကာ လမ်းပိတ်ဆို့ထားသဖြင့် တပ်မတော်စစ်ကြောင်းက သွားရောက်ရှင်းလင်းခဲ့ရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံးသတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

မူဆယ်မြို့ အရှေ့တောင်ဘက် ၁၆ မိုင်ခန့်အကွာ မော်တောင်းကျေးရွာနှင့် နမ့်အွန်ကျေးရွာအကြား ကောင်းခါးရွာအနီး ပြည်ထောင်စုလမ်းမကြီးပေါ်တွင် ယနေ့နံနက် ၉နာရီ ၄၅ မိနစ်ခန့်က KIA လက်နက်ကိုင်အဖွဲ့က တွဲကားယာဉ်များကို အတင်းအကျပ်ရပ်တန့်စေပြီး ကန့်လန့်ဖြတ်ပိတ်ကာ ယာဉ်သွားလာမှုအား ပိတ်ဆို့ထားသဖြင့် တပ်မတော်စစ်ကြောင်းက ရှင်းလင်းခဲ့ရာ ၁၀ နာရီခွဲခန့်တွင် ရှင်းလင်းနိုင်ခဲ့ပြီး ပိတ်ဆို့နေသည့် ခရီးသည်ယာဉ်နှင့် ကုန်တင်ယာဉ်များ သွားလာနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

ထို့အပြင်KIA၊ TNLAနှင့်MNDAAလက်နက်ကိုင်အဖွဲ့များသည် မူဆယ်မြို့ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အနီးရှိ တပ်မတော်စခန်းတစ်ခုအား ယနေ့နံနက် ၆ နာရီခွဲခန့် က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်းလည်း သိရသည်။

**(သတင်းစဉ်)**

# TNLA လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့ က ခရီးသွားယာဉ်များကို ပစ်ခတ်ဖျက်ဆီး

**နေပြည်တော် နိုဝင်ဘာ ၂၄**

မူဆယ်မှ ကွတ်ခိုင်သို့ ကုန်စည်များ တင်ဆောင်မောင်းနှင်လာသည့် ခြောက်ဘီးယာဉ်တစ်စီးအား ယနေ့နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်က မိုင်တိုင်အမှတ် (၂၃၃) အနီးတွင် TNLA လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်တိုက်ခိုက်ခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့်အသက်(၄၅)နှစ်ခန့်ရှိ ယာဉ်နောက်လိုက် တစ်ဦးမှာ ဦးခေါင်းတွင် ကျည်ထိမှန်သေဆုံးခဲ့ပြီး ယာဉ်မောင်းမှာ ထွက်ပြေးလွတ်မြောက်သွားကြောင်း သိရသည်။

ထို့အတူ နိုဝင်ဘာ ၂၂ ရက် နံနက် ၁၀နာရီခွဲခန့်တွင် ခြောက်ဘီးယာဉ်တစ်စီးသည် နမ့်ကွတ်မှ ကွတ်ခိုင်သို့ မောင်းနှင်လာပြီး မိုင်တိုင်အမှတ် (၂၂၄) အနီးသို့ရောက်ရှိစဉ် TNLA လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့က ယာဉ်အား လမ်းပိတ်ဆို့စေပြီး လမ်းပေါ် ကန့်လန့်ဖြတ်ရပ်တန့်စေကာ ယာဉ်မောင်း ဇာနည်စိုးနှင့် ယာဉ်နောက်လိုက် သူရမောင်တို့အား မောင်းထုတ်၍ မော်တော်ယာဉ်ကို လက်နက်ငယ်များ၊ လက်ပစ်ဗုံးများဖြင့် ပစ်ခတ်ဖျက်ဆီးခဲ့ကြောင်း ကကပြည်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကွတ်ခိုင်မြို့ အတွင်းသို့ လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့ က လက်နက်ကြီးများဖြင့် ထပ်မံပစ်ခတ်

**နေပြည်တော် နိုဝင်ဘာ ၂၄**

ကွတ်ခိုင်မြို့အတွင်း ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် လက်နက်ကိုင်အဖွဲ့ တစ်ဖွဲ့က လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်သဖြင့် တပ်မတော်စစ်ကြောင်းက လက်နက်ကြီးဖြင့် ပြန်လည်ပစ်ခတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ရန်သူပစ်ခတ်လိုက်သည့် ဗုံးသီးများမှာ ကွတ်ခိုင်မြို့သုသာန်နေရာနှင့် အိုရီယမ်တယ် တိုးဂိတ်ကုမ္ပဏီအနီးသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုမရှိကြောင်း ကကပြည်မှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# တေးဂီတလောကမှ ခေတ္တအနားယူတော့မယ့် အဒဲလ်




ဂရမ်မီဆုများရှင် ဗြိတိန်ပေါ့ပ်အဆိုတော် အဒဲလ်ဟာ တေးဂီတနဲ့ပတ်သက်တဲ့ သူ့ရဲ့လှုပ်ရှားမှုတွေကို ခေတ္တရပ်ဆိုင်းထားမှာဖြစ်တယ်လို့ သူ့ရဲ့နယ်လှည့် ဖျော်ဖြေရေးခရီးစဉ်အတွင်း ထုတ်ဖော်ပြောကြားခဲ့ကြောင်း ဖောက်ဇ်နယူးစ် ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

အသက် (၂၈)နှစ်အရွယ် တေးသံရှင်က သူ့ရဲ့ မြောက်အမေရိကနယ်လှည့် ဖျော်ဖြေရေးခရီးစဉ်တွေအနက် ပြီးခဲ့တဲ့ တနင်္လာနေ့ ညပိုင်းမှာ အရီဇိုးနားပြည်နယ် ဖီးနစ်ဇ်မှာ ကျင်းပခဲ့တဲ့ ဖျော်ဖြေပွဲအတွင်း ယခုလိုထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ အဒဲလ်ဟာ လာမယ့်နှစ်အတွင်း နယူးဇီလန်နဲ့ ဩစတြေးလျတို့မှာ သွားရောက်ဖျော်ဖြေဖို့ စီစဉ်ထားခဲ့ပေမယ့် အဆိုပါဖျော်ဖြေပွဲတွေကိုလည်း ရပ်နားခဲ့တာဖြစ်ပြီး ယခုတစ်ကြိမ်အနားယူမှုဟာ အချိန်အတော်အတန်ကြာမြင့်မှာဖြစ်ကြောင်းလည်း သိရပါတယ်။

အဒဲလ်က "ကျွန်မကျန်ရှိနေတဲ့ ဖျော်ဖြေရေးခရီးစဉ်တွေကို စွန့်လွှတ်လိုက်ပါပြီ။ ကျွန်မတို့နောက်တစ်ကြိမ်ပြန်တွေ့ကြတာပေါ့။ နောက်နှစ်နှစ်လောက် အကြာမှာတော့ ပရိသတ်တွေရှေ့အရောက်ပြန်လာမှာပါ။ ပရိသတ်တွေကလည်း ကျွန်မကို မေ့မပစ်လိုက်ကြပါနဲ့"လို့ ပြောကြားခဲ့ပါတယ်။

ဒီလိုအနားယူခဲ့ရတာနဲ့ပတ်သက်ပြီးအဒဲလ်က သူ့မှာ ဒုတိယမြောက်ရင်သွေးလေးရှိနေတာကြောင့်ဖြစ်ကြောင်းလည်း ဖွင့်ဟခဲ့ပါတယ်။ အဒဲလ်မှာ အတူနေချစ်သူ ဆိုင်မွန်ကိုနက်ကီနဲ့ ရရှိထားတဲ့ အသက်လေးနှစ်အရွယ်သားလေး အန်ဂျလိုလည်း ရှိပါတယ်။

ယခုနှစ်ရဲ့ အသက် (၃၀)အောက် ဗြိတိန်အနုပညာရှင်တွေအနက် ဝင်ငွေအကောင်းဆုံးဖြစ်တဲ့ ပေါ့ပ်ကြယ်ပွင့်အဒဲလ်ဟာ ပြီးခဲ့တဲ့ ၁၀ လအတွင်း နယ်လှည့်ဖျော်ဖြေပွဲပေါင်း ၁၀၇ ပွဲကို ပြုလုပ်ခဲ့ကြောင်းလည်း သိရပါတယ်။



## ဟောင်ကောင်မှာ အတူတွဲတွေ့ခဲ့ရတဲ့ လီဒါဟေးနဲ့ se7en

မြန်မာရုပ်ရှင်ချစ်ပရိသတ်တွေက "ချိုဝမ်"လို့ စတင်သိကျွမ်းခဲ့ရတဲ့ မင်းသမီး လီဒါဟေးဟာ သူ့ရဲ့ချစ်သူ အဆိုတော် se7enနဲ့ ဟောင်ကောင်မှာ ပျော်ပျော်ပါးပါးအလည်အပတ်ထွက်နေတာကို တွေ့ခဲ့ရတယ်လို့ ဟန်စင်းနီးမား ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

စတင်လက်တွဲခဲ့တာတစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်တဲ့ သူတို့ချစ်သူနှစ်ဦးဟာ အခြားသောတောင်ကိုရီးယားကြယ်ပွင့်စုံတွဲတွေလို သူတို့နှစ်ဦးရဲ့ ဆက်ဆံရေးကို ကွယ်ဝှက်ထားလိုတဲ့ ဆန္ဒမရှိဘဲ တရားဝင်တွေ့ဆုံလေ့ရှိကြတဲ့ စုံတွဲတစ်တွဲဖြစ်ပါတယ်။

လတ်တလောမှာ se7en ဟာ သူ့ရဲ့မီနီတေးအယ်လ်ဘမ်သစ် "I am se7en"အတွက် ထိုင်ဝမ်နဲ့ ဟောင်ကောင်ကိုရောက်ရှိနေတာဖြစ်ပြီး လီဒါဟေးလည်း သူနဲ့အတူ လာရောက်နေထိုင်လျက်ရှိပုံရပါတယ်။ လီဒါဟေးရဲ့ ဖျော်ဖြေရေးအေဂျင်စီကလည်း လတ်တလောမှာ လီဒါဟေးဟာ တောင်ကိုရီးယားနိုင်ငံမှာ မရှိကြောင်း အတည်ပြုပြောကြားခဲ့ပါတယ်။

**အေးပြည့် - ရေးသားသည်**

## ကြေးမုံ ရုပ်ရှင်အညွှန်း

# ယခုတစ်ပတ်တွင် မြန်မာဟာသဇာတ်ကားသစ်နှင့် ဒဏ္ဍာရီဇာတ်ကားသစ်ကို ခံစားကြရမည်ဖြစ်

တစ်ပတ်အတွင်း အသစ်ထွက်ရှိမယ့် ပြည်တွင်းပြည်ပဇာတ်ကားသစ်တွေကို မိတ်ဆက်ပေးနေတဲ့ ကြေးမုံရုပ်ရှင်အညွှန်းကဏ္ဍမှ ယခုတစ်ပတ်တွင်လည်း အသစ်ရုံတင်ပြသမယ့် မြန်မာဇာတ်ကားသစ်နဲ့ နိုင်ငံခြားဇာတ်ကားသစ်တွေကို အမြည်းမိတ်ဆက်တင်ပြပေးသွားပါ့မယ်။

ဒီတစ်ပတ်မှာ မြန်မာဇာတ်ကားသစ်နှစ်ကားကို အသစ်ကြည့်ရှုရမှာဖြစ်ပါတယ်။ ဟာသသရုပ်ဆောင်ပိုင်းမှာလည်း လူကြိုက်များလာပြီဖြစ်တဲ့ သရုပ်ဆောင်မြင့်မြတ်၊ ကျော်ကျော်ဗိုနဲ့ မင်းသမီး သင်ဇာဝင့်ကျော်တို့ ခေါင်းဆောင်ပါဝင်ထားတဲ့ "မင်းလည်းဘိုကေ ငါလည်းဘိုကေ" ဟာသဇာတ်ကားနဲ့ ဒါရိုက်တာ ပန်းချီစိုးမိုး ပုံဖော်ဖန်တီးထားတဲ့ "ကျွန်တော့်ရည်းစားဘုရားမှာနေသည်"လို့အမည်ရတဲ့ ဘဝခြားတဲ့ချစ်သူနှစ်ဦးအကြောင်းကို ပုံဖော်ထားတဲ့ဒဏ္ဍာရီဇာတ်ကားသစ်တွေကို ကြည့်ရှုကြရမှာဖြစ်ပါတယ်။

အောင်တိုင်းကျော် ရုပ်ရှင်ထုတ်လုပ်ရေးရဲ့ စတုတ္ထမြောက်ခြေလှမ်းလို့ပြောလို့ရတဲ့ "မင်းလည်းဘိုကေ ငါလည်းဘိုကေ" ကို ဇာတ်ညွှန်း စွမ်းပိုင်နဲ့ ဒါရိုက်တာပြည်ဟိန်းသီဟက ပုံဖော်ထားပြီး ဝါရင့်ဇာတ်ပို့များဖြစ်ကြသည့် ခင်လှိုင်၊ ဒိန်းဒေါင်၊ ဇော်ဝင်းနိုင်၊ ကျော်ထူး၊ ငြိမ်းချမ်း၊ တက္ကသိုလ်ဂွမ်းပုံ၊ ဂွမ်းပုံကြီးတို့ ပါဝင်သရုပ်ဆောင်ထားပါတယ်။

ဒီဇာတ်ကားကို လာမယ့် နိုဝင်ဘာ ၂၅ ရက်မှာ ရန်ကုန်မြို့ရှိ သမ္မတ၊ သွင်၊ မင်္ဂလာ (သိမ်ကြီးဈေး)၊ မင်္ဂလာစံပြ(ဘုန်းကြီးလမ်း)၊ Top Royal (ပါရမီ)၊ ဂမုန်းပွင့်(စံရိပ်ငြိမ်)၊ JCGV Maw Tin၊ JCGV (Square)၊ပြည်မြို့ရှိ မင်္ဂလာထွန်းသီရိရုပ်ရှင်ရုံ၊ မန္တလေးမြို့ရှိ ဝင်းလိုက်၊ မြို့မ၊ JCGV၊ ပုသိမ်မြို့ရှိ ရွှေပြည်တော်ရုပ်ရှင်ရုံ၊ နေပြည်တော်ရှိ JCGV၊ အောင်သပြေ၊ ဇေယျာသီရိရုပ်ရှင်ရုံ၊ ထားဝယ်မြို့ အောင်မင်္ဂလာရုပ်ရှင်ရုံ၊ မြဝတီမြို့ရှိ သွန်းရွှေစင်ရုပ်ရှင်ရုံ၊ ဘားအံမြို့ရှိ တက်နေဝင်းရုပ်ရှင်ရုံ၊ မော်လမြိုင်မြို့ရှိ JCGV ရုပ်ရှင်ရုံ၊ လားရှိုးမြို့ရှိ သီတာအေး၊ သိန်းထိုက်၊ အောင်သီရိရုပ်ရှင်ရုံ၊ ပြင်ဦးလွင်မြို့ရှိ ချယ်ရီလွင်၊ Movie Planet ရုပ်ရှင်ရုံ၊ တောင်ကြီးမြို့ရှိ မြသုခရုပ်ရှင်ရုံ၊ ဗန်းမော်မြို့ရှိ စတားရုပ်ရှင်ရုံ၊ ရေနံချောင်းမြို့ရှိ ရတနာရုပ်ရှင်ရုံ၊ ပခုက္ကူမြို့ရှိ သီဟရုပ်ရှင်ရုံ၊ တောင်ငူမြို့ရှိ New 3D Cinema ရုပ်ရှင်ရုံ၊ ပဲခူး- Icon (Mingalar Cinema) ရုပ်ရှင်ရုံနှင့် မြိတ်မြို့ရှိ မင်္ဂလာရုပ်ရှင်ရုံတို့တွင် ရုံတင်ပြသသွားမှာဖြစ်ပါတယ်။



"ကျွန်တော့်ရည်းစားဘုရားမှာနေသည်" ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခု။

ဒါ့အပြင်Studio 35 ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ပြီး ဒါရိုက်တာ ပန်းချီဦးစိုးမိုးရဲ့လက်ရာသစ် ဒဏ္ဍာရီဇာတ်ကားသစ် 'ကျွန်တော့်ရည်းစားဘုရားမှာနေသည်' ဇာတ်ကားမှာ သိုက်နန်းစောင့်မြစိမ်းနွယ်အဖြစ် မိုးယုစံ၊ နန်းဦးအဖြစ် စိုးရန်အောင်နဲ့ နန်းဦးရဲ့ဇနီးအဖြစ် ခင်ဝင့်ဝါတို့အပြင် ခင်ဇာခြည်ကျော်၊ ရဲအောင်၊ သိဂီထွန်း၊ ရတနာထက်ခိုင်နဲ့ သရုပ်ဆောင်များစွာက ပါဝင်အားဖြည့်ပေးထားပါတယ်။ ဒီဇာတ်ကားဟာ ပခုက္ကူမြို့နယ်၊ ရေစကြိုမြို့နယ် ပခန်းကြီးဒေသက နာမည်ကျော်ဒဏ္ဍာရီတစ်ပုဒ်ဖြစ်တဲ့ သိုက်နန်းစောင့် မြစိမ်းနွယ်နဲ့ ၎င်းနဲ့ချစ်ကြိုက်မိသူ လူသားတစ်ဦးဖြစ်သူ နန်းဦးတို့ဟာ တစ်ဦးကိုတစ်ဦး နှစ်နှစ်ကာကာ ချစ်ခင်စွဲလမ်းစိတ်နဲ့ ဘဝတစ်ခုမှာ ချစ်ခဲ့ကြပြီး အတိတ်ဘဝက အကြောင်းကြောင်းကြောင့် နှစ်ကိုယ်တူပေါင်းဖက်ခွင့်မရဘဲ သေကွဲကွဲခဲ့ရပါတယ်။ ဘဝခြားနေလို့ ပေါင်းဖက်ခွင့်မရနိုင်တော့တဲ့ သူတို့နှစ်ဦးဟာ လက်ရှိဘဝမှာသာ အလျှုအတန်းတွေ၊ ကုသိုလ်တရားတွေနဲ့ အကောင်းဆုံးနေထိုင်ဖို့ ဆုံးဖြတ်ချက်ချခဲ့ရင်း ချစ်သူနှစ်ဦးဝေးကွာခဲ့ရပုံကို ရင်နင့်ဖွယ်ပုံဖော်ထားတဲ့ ဒဏ္ဍာရီဇာတ်ကားတစ်ကားဖြစ်ပါတယ်။ ဒီဇာတ်ကားကို လာမယ့် နိုဝင်ဘာ ၂၅ ရက်(သောကြာနေ့)မှ စတင်ကာ ရန်ကုန်မြို့ရှိ မင်္ဂလာဝဇီရာ(လှိုင်သာယာ)ရုပ်ရှင်ရုံမှာ စတင်ရုံတင်ပြသသွားမှာဖြစ်ပါတယ်။

ဒါ့အပြင် ယခုတစ်ပတ်မှာ အသစ်ရုံတင်ပြသမယ့် နိုင်ငံခြားဇာတ်ကားတွေကတော့ ပျော်ရွှင်စွာနေတတ်တဲ့ သေးငယ်တဲ့မှင်စာလေးတွေအကြောင်း စိတ်ဝင်စားဖွယ်ရိုက်ကူးထားတဲ့ အန်နီမေးရှင်းသရီးဒီဇာတ်ကားသစ် Trolls၊ ဒရမ်မာအက်ရှင်ဇာတ်ကားသစ် Shivaay၊ မှော်ဆန်ဆန်အက်ရှင်ဇာတ်ကား Doctor Strange၊ တိုက်ပွဲများအကြောင်း စိတ်ဝင်စားတဲ့ပရိသတ်တွေအတွက် တိုက်ခိုက်တဲ့ဇာတ်ဝင်ခန်းတွေကို စိတ်ကူးယဉ်ဆန်ဆန် ခမ်းနားစွာရိုက်ကူးထားတဲ့ L.O.R.D Legend of Ravaging Dynasties သရီးဒီဇာတ်ကားနဲ့ Allied အက်ရှင်ဇာတ်ကားသစ်တို့ကို ကြည့်ရှုခံစားကြရမှာဖြစ်ပါကြောင်း ကြေးမုံရုပ်ရှင်အညွှန်းကဏ္ဍမှ တင်ဆက်လိုက်ရပါတယ်။

**ဖြိုးစန္ဒာမြင့်**

# မြန်မာကင်းထောက်ရာပြည့်အထိမ်းအမှတ်အကြိုအခမ်းအနားတွင် ကင်းထောက်မောင်မယ်များ ဖျော်ဖြေမည်

**ရန်ကုန် နိုဝင်ဘာ ၂၄**

မြန်မာကင်းထောက်ရာပြည့် အထိမ်းအမှတ် အကြိုအခမ်းအနားဖွင့်ပွဲကို နိုဝင်ဘာ ၂၇ ရက်တွင် ရန်ကုန်တက္ကသိုလ်စိန်ရတုခန်းမရှေ့၌ ကျင်းပမည်ဖြစ်ရာ ကင်းထောက်မောင်မယ်များက တေးသီချင်းများ၊ ရိုးရာအကများ၊ သံစုံတီးဝိုင်းများ၊ အငြိမ့်နှင့် တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။

ယင်းနေ့ နံနက်ပိုင်းတွင် အထက (၂) လသာ ကင်းထောက်မောင်မယ်များက ဘင်ခရာပန်းဖွားသရုပ်ဖော်နှင့် တက္ကသိုလ် ကင်းထောက်များက ကြံ့ခိုင်မှုစွမ်းရည်လေ့ကျင့်မှု သရုပ်ပြကြမည်ဖြစ်သည်။ ထို့နောက် ရန်ကုန်တက္ကသိုလ် စိန်ရတုစည်းဝေးခန်းမ၌ ကျင်းပမည့် ကင်းထောက်ကြီးများ တွေ့ဆုံပွဲကို အထက(၁) ဒဂုံမှ "ပြည်သူ့အတွက် အစဉ်အသင့်" တေးသီချင်းဖြင့် ဖွင့်လှစ်မည်ဖြစ်ပြီး အထက (၁)ဒဂုံမှ သံစုံတီးဝိုင်း၊ အထက(၆) ဗိုလ်တထောင်မှ မြန်မာဆိုင်းဝိုင်းနှင့် အထက(၁)လသာမှ "ကင်းထောက်များ၏ ရှေ့သို့ခြေလှမ်း" တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးမှ တာဝန်ရှိသူများ၊ ကမ္ဘာ့ကင်းထောက်အဖွဲ့နှင့် အာရှပစိဖိတ်ဒေသ ကင်းထောက်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်မည့် မြန်မာကင်းထောက်ရာပြည့်အထိမ်းအမှတ် အကြိုအခမ်းအနားတွင် အလင်္ကာကျော်စွာ ဟသ်ာတမြင့်ငွေ (ရိုဗာကင်းထောက်ကြီး)က ဂုဏ်ပြုစပ်ဆိုသည့် "ကင်းထောက်ဂုဏ်ရည်" တေးသီချင်းကို မြန်မာတို့၏ တိုင်းရင်းသားရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ထူးချွန်ဆုရ ကင်းထောက်မောင်မယ်များက သီဆိုပြီး အထက(၁)၊ အထက (၂)လသာမှ "ကမ္ဘာ့ကင်းထောက်" သီချင်း၊ တက္ကသိုလ်ကင်းထောက်များက "ငြိမ်းချမ်းရေးတမာန်" တေးသီချင်းများကို ဂုဏ်ပြုသီဆိုကြမည်ဖြစ်သည်။

ညနေပိုင်းတွင် ကင်းထောက်များ၏ ဂီတသရုပ်ပြဖျော်ဖြေပွဲ ကျင်းပမည်ဖြစ်ရာ အခြေခံပညာအထက်တန်းကျောင်း ၁၈ ကျောင်းနှင့် ပုဂ္ဂလိကကျောင်း တစ်ကျောင်းမှ ကင်းထောက်လူငယ်မောင်မယ်များက ကင်းထောက်တေးသီချင်းများ၊ ခေတ်ဟောင်းတေးသီချင်းများ၊ တေးသရုပ်ဖော်များ၊ ယိမ်းအကများ၊ တိုင်းရင်းသားရိုးရာအကများနှင့် အထက(၂) ကမာရွတ်မှ ကင်းထောက်လူငယ်မောင်မယ်များက "ကင်းစတားအငြိမ့်"တို့ဖြင့် သီဆိုဖျော်ဖြေကြမည် ဖြစ်သည်။

**ကိုလတ် (သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၂၅-၁၁-၂၀၁၆(သောကြာနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၁၅ | မေတ္တာပို့ |
| ၇း၂၅ | ဓမ္မပူဇာတေး |
| ၇း၃၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၇း၄၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၃၅ | နှစ်(၈၀)ကျော်ကြားတေးများ |
| ၉း၀၀ | မြဝတီနေ့စဉ်သတင်း |
| ၉း၂၀ | အမှတ်တရနေ့ရက်လေးများ |
| ၉း၅၀ | ရင်မှာစွဲလမ်းတော်ဝင်ပန်း |
| ၁၀း၀၀ | တစ်ပတ်အတွင်းစီးပွားရေးသတင်း |
| ၁၀း၁၅ | Books Guide |
| ၁၀း၂၅ | မြဝတီရုပ်မြင်သံကြားမဂ္ဂဇင်းကဏ္ဍ |
| ၁၀း၄၅ | သီချင်းလက်ဆောင် |
| ၁၁း၀၀ | နိုင်ငံတကာသတင်း |
| ၁၁း၁၀ | ဘောလုံးကန်ကြမယ် |
| ၁၁း၂၀ | မြန်မာ့ရှုခင်း |
| ၁၁း၃၅ | Sportcast |
| ၁၁း၅၅ | ဇာတ်လမ်းတို |
| ၁၂း၁၀ | မြန်မာသံစဉ်ချိုနားဝင် |
| ၁၂း၂၅ | Cooking Art |
| ၁၂း၃၅ | DVD Hits |
| ၄း၀၆ | တစ်ပတ်အတွင်းစာပေနှင့်အနုပညာသတင်း |
| ၄း၁၅ | မျိုးချစ်တပ်မတော် |
| ၄း၂၅ | ခံစားနားဆင်လင်္ကာဝတ်ရည်တေးသံစဉ် |
| ၅း၃၅ | ရောင်စုံဖြာဝေဂျပန်မြေ |
| ၆း၁၀ | ရှုမောဖွယ်ရာရွှေရုပ်လွှာ |
| ၆း၃၀ | "ရွာ"ဟာသဇာတ်လမ်းတွဲ ဒါရိုက်တာ မိုးဇော်ကို |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သံသရာတစ်ကွေ့ဝယ် အပိုင်း(၃) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း<br>နိုင်ငံတကာသတင်း<br>မိုးလေဝသသတင်း<br>သံစဉ်များနှင့်ကမ္ဘာ<br>ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင် |

## အာဆင်နယ်ရဲ့ ရာသီအစဟန်ချက်ညီမှုနှင့် လွှမ်းမိုးနိုင်စွမ်းတို့ ပျောက်ဆုံးသွားပြီဖြစ်

အာဆင်နယ်သည် ရာသီအစ ဟန်ချက်ညီမှုနှင့် လွှမ်းမိုးကစားနိုင်မှုတို့ဖြင့် အကောင်းဆုံး ကစားဟန်ကို ပိုင်ဆိုင်ခဲ့သော်လည်း ယခုအခါ အဆိုပါ အရည်အသွေးများ လုံးဝပျောက်ဆုံးသွားပြီဖြစ်ကြောင်း ဘောလုံးရေးရာကျွမ်းကျင်သူ ချာလီနီကိုးလပ်စ်က ဝေဖန်ပြောကြားလိုက်သည်။ နီကိုးလပ်စ်က အာဆင်နယ်သည် ပီအက်စ်ဂျီအသင်းကို အိမ်ကွင်း၌ ဧည့်ခံကစားခဲ့ရသော်လည်း နှစ်ဂိုးစီသရေကျခဲ့ခြင်းမှာ ဗာရက်တီ၏ လက်ဆောင်ဂိုးကြောင့် ကံကောင်းသွားခြင်းဖြစ်ကြောင်း ဆိုခဲ့သည်။

အာဆင်နယ်သည် ပီအက်စ်ဂျီ တိုက်စစ်မှူး ကာဗာနီ၏ သွင်းဂိုးကြောင့် ဦးဆောင်ဂိုးပေးခဲ့ရသော်လည်း ပင်နယ်တီ ရရှိခဲ့ပြီး ဂီရော့ဒ်က ချေပဂိုးအဖြစ်ပြောင်းလဲကာ ပထမပိုင်းတွင် တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။ ယင်းနောက် ပီအက်စ်ဂျီ ကွင်းလယ်လူ ဗာရက်တီက ကိုယ့်ဂိုးကိုယ်သွင်းယူမိပြီး အာဆင်နယ် နှစ်ဂိုး-တစ်ဂိုးဖြင့် ဦးဆောင်ခဲ့သေးသည်။ သို့သော် ပွဲချိန် ၇၇ မိနစ်အရောက်တွင် ပီအက်စ်ဂျီမှ လူးကပ်စ်၏ ခေါင်းတိုက်ချက်ကို အီဝိုဘီဖျက်ထုတ်ရင်း ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့သောကြောင့် နှစ်ဂိုးစီ သရေကျခဲ့ခြင်းဖြစ်သည်။

အီဝိုဘီ၏ ကိုယ့်ဂိုးကိုယ်သွင်းယူမိမှုသည် ပီအက်စ်ဂျီအသင်း နည်းစနစ်ကျကျ ကစားမှုမှ ရရှိသည့် သေချာပေါက်ဂိုးပေးရမည့် အခွင့်အရေးကိုတားဆီးရင်း ဂိုးပေးလိုက်ရခြင်းဖြစ်သော်လည်း အာဆင်နယ်ရရှိခဲ့သည့် ဂိုးနှစ်ဂိုးစလုံးမှာ ပင်နယ်တီနှင့် ဗာရက်တီ လက်ဆောင်ဂိုးသာဖြစ်ရာ တစ်ပွဲလုံးခြုံ၍ သုံးသပ်လျှင် အာဆင်နယ် အိမ်ကွင်း၌ပင် ရှုံးနိမ့်သင့်ကြောင်း နီကိုးလပ်စ်က ထောက်ပြသည်။ နည်းပြ ဝင်းဂါးက အဆိုပါပွဲစဉ်တွင် ဂီရော့ဒ်ကို ဗဟိုတိုက်စစ်နေရာတွင် နေရာချကစားစေခဲ့သော်လည်း ဂီရော့ဒ်က ဗဟိုတိုက်စစ်နေရာလား၊ ဆန်းချက်ဇ်က ဗဟိုတိုက်စစ်နေရာလားဆိုသည်ကိုပင် အဖြေရှာရန်ခက်အောင် လူထပ်နေသလို ဝဲလ်ကော့မှာလည်း ညာတောင်ပံတိုက်စစ်ကို အရှိန်မြှင့်ကစားနိုင်ခြင်းမရှိကြောင်းလည်း ၎င်းကပင် မှတ်ချက်ပြုခဲ့သည်။

နီကိုးလပ်စ်က "အာဆင်နယ် အရင်တုန်းက ကစားခဲ့တဲ့ပုံစံကောင်းနေပေမယ့် ရမ်ဆေး၊ ဂီရော့ဒ်တို့ ပြန်ကစားနိုင်ချိန်မှာ သူတို့ကို နေရာရှာပေးတဲ့ ဝင်းဂါးရဲ့ ဗျူဟာကြောင့် ကစားပုံသိပ်အလုပ်မဖြစ်တော့ပါဘူး။ အာဆင်နယ် ဒီပွဲရောက်မှ ကစားပုံကျလာတာ မဟုတ်ဘဲ လွန်ခဲ့တဲ့ သုံးပတ်လောက်ကစပြီး သူတို့ရဲ့ အရည်အသွေးတွေကို မမြင်ရတော့တာဖြစ်ပါတယ်" ဟု သုံးသပ်ခဲ့ခြင်းဖြစ်သည်။






## ဒေါသပေါက်ကွဲခဲ့တဲ့ ကာဗာနီအပေါ် ရမ်ဆေးအခွင့်အရေးယူခဲ့သလား

မေလဲ့သင်း ရေးသားသည်

ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီဟာ ပွဲချိန် ၄၅ မိနစ်ကျော် အာဆင်နယ်ဘက်ကို ဒိုင်လူကြီးက ပင်နယ်တီကန်ဖို့ ခွင့်ပြုခဲ့ရာမှာ ဘောလုံးကို သွားယူပြီး မိုက်မိုက်မဲမဲ တုံ့ပြန်ခဲ့ပါတယ်။ အဲဒီအချိန်မှာ အာဆင်နယ် ကွင်းလယ်ကစားသမား ရမ်ဆေးက ကာဗာနီထံ သွားရောက်ပြီး အခြေအနေကို ရှင်းပြဖို့ ကြိုးပမ်းခဲ့ရာမှာ ဒေါသပေါက်ကွဲနေတဲ့ ကာဗာနီက ရမ်ဆေးကိုတွန်းထိုးပြီး ရမ်းဆေးရဲ့ ဝမ်းဗိုက်နားကို လက်သီးရွယ်ခဲ့ပေမယ့် ဒိုင်ဖြစ်သူက ဒီဆူပွက်နေတဲ့အခြေအနေကို ထိန်းဖို့ ကာဗာနီကို အနီကတ်ပြသမှုမရှိခဲ့ပါဘူး။

အာဆင်နယ် ကစားသမားဟောင်း အားကစားသုံးသပ်သူ အီယန်ရိုက်ကတော့ ကာဗာနီအနေနဲ့ အနီကတ်ပြသမခံရတာ ကံကောင်းလို့ ဖြစ်ပြီး ဒါဟာ ပင်နယ်တီကန်ဖို့ အသင့်ဖြစ်နေတဲ့ ဂီရော့ဒ်ကို အပြုအမူနဲ့ ဖိအားပေးဖို့ ကြိုးပမ်းခဲ့တာလို့ ဝေဖန်ခဲ့ပါတယ်။ အီယန်ရိုက်ရဲ့အမြင်ကို မိုက်ကယ်အိုဝင်ကလည်း ထောက်ခံခဲ့ပြီး သေချာပေါက် အနီကတ်ပြသင့်တယ်လို့ ဆိုပါတယ်။

ဒါပေမယ့် သူတို့နှစ်ဦးရဲ့ အမြင်ကို ဖာဒီနန်က ဆန့်ကျင်ခဲ့ပြီး "ကျွန်တော့်အမြင်အရဆိုရင်တော့ ရမ်ဆေးအပြုအမူက လိုတာထက်ပိုတဲ့ပုံစံဖြစ်နေတာကြောင့် နိုင်ငံခြားကစားသမားတွေကတော့ ဒီလိုပဲ တုံ့ပြန်မိမှာပဲလေဗျာ"လို့ ပြောပါတယ်။ ဂျာရတ်ကတော့ "ကာဗာနီရဲ့ အပြုအမူဟာ စိတ်အနှောင့်အယှက် ဖြစ်စရာကောင်းတယ်။ ဒါပေမယ့်လည်း ရမ်ဆေးကလည်း ပွဲကို ပိုပြီးခက်သွားအောင် လုပ်လိုက်သလိုပဲ" လို့ သူ့အယူအဆကို ပြောပါတယ်။

အီယန်ရိုက်၊ မိုက်ကယ်အိုဝင်၊ ရီယိုဖာဒီနန်နဲ့ စတီဗင်ဂျာရတ်တို့ဟာ BT Sport ရုပ်သံလိုင်းအတွက် အားကစားပွဲစဉ်တွေကို ပွဲပြီးသုံးသပ်ချက်တင်ဆက်ခဲ့ရာမှာ အထက်ပါအတိုင်း အမြင်တစ်မျိုးစီကို ပြောကြားခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် အားကစားမီဒီယာတွေကတော့ ဒီနေ့မော်ဒန်ဘောလုံးလောကမှာ ကိုယ့်ရဲ့ ရင်ဘတ်နဲ့ ဝမ်းဗိုက်ကို လက်သီးနဲ့ ရွယ်တဲ့ ပြိုင်ဘက်ကို အေးအေးဆေးဆေး တုံ့ပြန်နိုင်တာဆိုလို့ ရမ်ဆေးသာရှိမယ်ဆိုပြီး ချီးကျူးနေကြတာကြောင့် ကာဗာနီ ဒေါသပေါက်ကွဲစဉ် ရမ်ဆေး လူစွမ်းကောင်းဝင်လုပ်ခဲ့တာလားဆိုတာတော့ ကာယကံရှင်ပဲ အသိဆုံးဖြစ်မှာပါ။

## ဆွာရက်ဇ်ကို ကျူးလွန်ခဲ့သည့် ပြစ်ဒဏ်မှာ ပင်နယ်တီ မဟုတ်



ဆဲလ်တစ်နည်းပြ ဘရန်ဒန်ရော်ဂျာက ဆွာရက်ဇ်ကြောင့်ရရှိသည့် ပင်နယ်တီကန်သွင်းခွင့်မှာ ပင်နယ်တီပေးရမည့် ပြစ်ဒဏ်မဟုတ်ကြောင်း ဘာစီလိုနာအား အိမ်ကွင်း၌ နှစ်ဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်အပြီးတွင် ရှင်းလင်းပြောကြားခဲ့သည်။

ဒုတိယပိုင်းစပြီး ၁၀ မိနစ်အကြာ ဆွာရက်ဇ် ဆဲလ်တစ်အသင်း ပင်နယ်တီဧရိယာအတွင်းရှိနေစဉ် အီမီလီယိုက ဆွာရက်ဇ်ခြေထဲမှ ဘောလုံးကို လုယူဖို့ ကြိုးစားရင်း တိုက်မိခဲ့သော်လည်း ယင်းဖြစ်ရပ်မှာ ပင်နယ်တီပေးရမည့် ပြစ်ဒဏ်မဟုတ်ကြောင်း ရော်ဂျာက ယုံကြည်သည်။ ပထမပိုင်း ၂၄ မိနစ်တွင် နေမာ၏ ဖြတ်တင်ပေးပို့မှုကို တိုက်စစ်မှူး လီယွန်နယ်မက်ဆီက မြေမကျကန်သွင်း၍ ဘာစီလိုနာအသင်းအတွက် အဖွင့်ဂိုးအဖြစ် ပြောင်းလဲပေးခဲ့သည်။ ဆဲလ်တစ်အသင်းမှာ ချေပဂိုးရရန် တိုက်စစ်ဖွင့်ကစားခဲ့သော်လည်း တိုက်စစ်မှူးဒမ်ဘီလီ ခေါင်းတိုက်ချက် ဂိုးပေါက်လွဲချော်ခဲ့သလို အခြားသော အခွင့်အရေးမြောက်မြားစွာကို ဂိုးအဖြစ်မပြောင်းလဲနိုင်၍သာ ဆဲလ်တစ်အသင်းဦးဆောင်နိုင်ခွင့် ဆုံးရှုံးခဲ့ခြင်းဖြစ်သည်။

ပင်နယ်တီပေးခဲ့ရခြင်းကြောင့် ပွဲအဖြေကို အပြောင်းအလဲဖြစ်စေခဲ့ပြီး ဆွာရက်ဇ် ပင်နယ်တီတောင်းခဲ့သည့်ဖြစ်ရပ်ကို ဒိုင်ဖြစ်သူက ခွင့်ပြုခဲ့သဖြင့် ဆဲလ်တစ်အသင်းနစ်နာခဲ့ကြောင်း ရော်ဂျာက ဆိုသည်။ ရော်ဂျာနှင့် ဆွာရက်ဇ်တို့သည် လီဗာပူးတွင် လက်တွဲခဲ့ဖူးသူများဖြစ်ပြီး ဆွာရက်ဇ် ဘာစီလိုနာသို့ ထွက်ခွာသွားသည့်နောက်ပိုင်း လီဗာပူးအသင်းလည်း ရလဒ်ပိုင်းယိမ်းယိုင်သွားခဲ့ရာ ရော်ဂျာလည်း ထုတ်ပယ်ခံခဲ့ရပြီးနောက် ဆဲလ်တစ်နည်းပြအဖြစ် ဆောင်ရွက်နေခြင်းဖြစ်သည်။

## ဘိုင်ယန်ရဲ့ အရှုံးအတွက် အကြောင်းပြချက်ပေးစရာမရှိဟု ဖိလစ်လမ်းဆို

ဘိုင်ယန်မြူးနစ်အသင်း နောက်ဆုံးသုံးပွဲတွင်နှစ်ပွဲအထိအရေးနိမ့်ပြီး နိုင်ပွဲလုံးဝပျောက်ဆုံးနေခဲ့ရာ ယင်းရလဒ်များအတွက် အကြောင်းပြချက်ပေးနေမည် မဟုတ်သော်လည်း အသင်းအတွင်းစည်းတွင် အကျပ်အတည်းဆိုက်နေခြင်း မဟုတ်ကြောင်း ဘိုင်ယန်အသင်းခေါင်းဆောင် ဖိလစ်လမ်းက ရော့စ်တော့ဗ်အား ရှုံးနိမ့်ခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်အပြီးတွင် ပြောကြားလိုက်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် နည်းပြ အန်စလော့တီလက်အောက်တွင် ရလဒ်ပိုင်း ယိမ်းယိုင်နေပြီး ချန်ပီယံလိဂ်တွင် အက်သလက်တီကိုအား အရေးနိမ့်ပြီးဖြစ်သလို ယခုပွဲစဉ်(၅)တွင် မျက်နှာသစ် ရော့စ်တော့ဗ်အား အံ့အားသင့်ဖွယ် သုံးဂိုး-နှစ်ဂိုးဖြင့် ထပ်မံအရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ဖိလစ်လမ်းက "ကျွန်တော်တို့အသင်းဟာ ဘိုင်ယန်ပါ။ ဒါကြောင့် ပွဲတိုင်းကို အနိုင်ကစားဖို့လိုပါတယ်။ ဒါပေမယ့် သတိမမူတဲ့အမှားတွေကြောင့် အခုလို ပေးဆပ်ခဲ့ရတာဖြစ်ပါတယ်။ ပွဲတစ်ပွဲကို ကောင်းကောင်းမကစားနိုင်ရင် ရှုံးနိမ့်မှာဖြစ်ပေမယ့် အကျပ်အတည်းဆိုက်နေတယ်လို့တော့ ပြောလို့မရပါဘူး"ဟု ပွဲအပြီးတွင် ပြောကြားခဲ့သည်။

ဘိုင်ယန်နည်းပြ အန်စလော့တီကမူ ကစားကွက် ခင်းကျင်းမှုအသစ်ကို ကစားသမားများ အံဝင်အောင် မကစားနိုင်သေးသဖြင့် ယခုကဲ့သို့ ရလဒ်များ ဆိုးရွားနေခြင်းဖြစ်ကြောင်း ဆိုခဲ့သည်။ ဘိုင်ယန်မြူးနစ်သည် ရော့စ်တော့ဗ်အား အိမ်ကွင်းတွင် ဧည့်ခံကစားခဲ့ရစဉ်က ငါးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သော်လည်း ယခုပွဲစဉ်တွင် မထင်မှတ်ဘဲ သုံးဂိုး-နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။



## လီဗာပူးရဲ့ အစ္စတန်ဘူလ်အောင်ပွဲအတိုင်း ဘီဆိတပ်စ် လုပ်ဆောင်နိုင်ခဲ့ဟု ဟာမန်းချီးကျူး

ချန်ပီယံလိဂ်ပွဲစဉ်(၅)တွင် ဘီဆိတပ်စ်အသင်းသည် ဘင်ဖီကာအား သုံးဂိုးပြတ်ရှုံးနိမ့်နေခဲ့ရာမှ ချေပဂိုးများ ပြန်သွင်းကာ သုံးဂိုးစီ သရေရလဒ်ထွက်ပေါ်အောင် ကစားနိုင်ခဲ့ရာ ၂၀၀၅ ခုနှစ် လီဗာပူးရဲ့ အစ္စတန်ဘူလ်အောင်ပွဲအတိုင်း ဘီဆိတပ်စ်စွမ်းဆောင်ပြနိုင်သည်ဟု လီဗာပူးကစားသမားဟောင်း ဟာမန်းက ချီးကျူးစကားဆိုခဲ့သည်။ ဟာမန်းက ဘီဆိတပ်စ်၏ စွမ်းဆောင်ရည်က လူအများကို လွန်ခဲ့သည့် ၁၁နှစ်က လီဗာပူးရဲ့ အစ္စတန်ဘူလ်အောင်ပွဲကို သတိရစေခဲ့ကြောင်း၊ ဘီဆိတပ်စ်ရလဒ်ပိုင်းအပြောင်းအလဲကို တိုဆန်၏သွင်းဂိုးမှ အစပြုခဲ့ခြင်းဖြစ်ကြောင်း ဆိုသည်။

ဘီဆိတပ်စ်နည်းပြ ဂန်းစ်က ပထမပိုင်းအပြီး ကစားသမားနှစ်ဦး အပြောင်းအလဲလုပ်ထည့်သွင်းခဲ့ရာ လူစားဝင်ကစားသမား တိုဆန်က အဖွင့်ဂိုးကို သွင်းယူပေးနိုင်ပြီးနောက် ကွာရက်စ်မာ၏ ပင်နယ်တီသွင်းဂိုးနှင့် အဘိုဘာကာ သွင်းဂိုးများဖြင့် ဘင်ဖီကာအား သရေကစားနိုင်ခဲ့ခြင်းဖြစ်သည်။ ချန်ပီယံလိဂ်အုပ်စု(B)တွင် ဘင်ဖီကာ၊ နာပိုလီ၊ ဘီဆိတပ်စ်နှင့် ဒိုင်နမိုကိဗ်အသင်းတို့ ပါဝင်နေရာ အခြားအုပ်စု ပွဲစဉ်တွင် နာပိုလီက ဒိုင်နမိုကိဗ်အား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ယူနိုင်ခဲ့ခြင်းကြောင့် ဘီဆိတပ်စ်သာ အရေးနိမ့်လျှင် အုပ်စုတက်ရေး မျှော်လင့်ချက် နည်းပါးသွားမည်ဖြစ်သော်လည်း ယခုကဲ့သို့ သရေတစ်မှတ်ရရှိခြင်းကြောင့် အုပ်စု နောက်ဆုံးပွဲစဉ်အထိ ရှုံးထွက်အဆင့် တက်ရောက်ရေး မျှော်လင့်နိုင်မည်ဖြစ်သည်။

ယင်းအုပ်စုတွင် ဘင်ဖီကာနှင့် နာပိုလီတို့က ရမှတ်ရှစ်မှတ်စီဖြင့် ဦးဆောင်နေပြီး ဘီဆိတပ်စ်က ရမှတ်ခုနစ်မှတ် စုဆောင်းထားနိုင်သည်။

# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အောင်လံမြို့ရှိ စိုက်ပျိုးထုတ်လုပ်သူ၊ ကုန်သည်များနှင့်တွေ့ဆုံ

**အောင်လံ နိုဝင်ဘာ ၂၄**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးနှင့် အောင်လံမြို့နယ်ရှိ စိုက်ပျိုးထုတ်လုပ်သူတောင်သူများ၊ ကုန်သည်လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၁ နာရီက အ-ထ-က(၁) ရွှေရတုခန်းမ၌ကျင်းပခဲ့သည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးမောင်က နှမ်းစိုက်ပျိုးထုတ်လုပ်မှုနှင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်မှုတို့အတွက် ဖြည့်ဆည်းဆောင်ရွက်ရန်လိုအပ်ချက်များကို တင်ပြဆွေးနွေးပြီး မြို့နယ်ကုန်သည်လုပ်ငန်းရှင်များအသင်း ကုန်စည်ပိုင်းဥက္ကဋ္ဌ ဦးသန်းလှိုင်၊ ကုန်သည် ဦးဝင်းစန်းနှင့် ဦးမြင့်ဆွေတို့က စိုက်ပျိုးသီးနှံများ ရောင်းချရမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထုတ်လုပ်သူတောင်သူများဖြစ်ကြသော ရေပေါ်ကျေးရွာမှ ဦးအောင်သိန်း၊ သမ္ဗုလကျေးရွာမှ ဦးမောင်ချို၊ စမြကျေးရွာမှ ဦးမြလွင်၊ ရွှေညောင်ပင်ကျေးရွာမှ ဦးထွန်းလှိုင်တို့မှ သီးနှံစိုက်ပျိုးထုတ်လုပ်မှုနှင့် ကြုံတွေ့ရသောအခက်အခဲများကို တင်ပြကြသည်။ ထို့နောက် စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းဆိုင်ပိုင်ရှင် ဦးစောဝင်းက ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးကာ ပြည်ထောင်စုဝန်ကြီးမှ တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်၊ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွဋ်၊ UNFCCI ဒုတိယဥက္ကဋ္ဌ ဦးသိန်းဟန်၊ မြန်မာနိုင်ငံ ပဲ၊ နှမ်းကုန်သည်များအသင်း အတွင်းရေးမှူး(၁) ဦးစိုးပိုင်၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့်တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဦးညဏ်လွင်နှင့် အမှုဆောင်များ၊ စိုက်ပျိုးထုတ်လုပ်သူ တောင်သူများ၊ စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းဆိုင်ပိုင်ရှင်များ တက်ရောက်ကြသည်။

**သိန်းလွင်(အောင်လံ)**

# မြင်းခြံအကျဉ်းထောင်အတွင်း စာမတတ်သူများအတွက် 'အ' သုံးလုံးသင်တန်းဖွင့်

**မြင်းခြံ နိုဝင်ဘာ ၂၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ အကျဉ်းထောင်အတွင်းတွင် ပြစ်ဒဏ်ကျခံနေသူများမှ စာမတတ်သူများအား စာဖတ်၊ စာရေးတတ်စေရန် 'အ' သုံးလုံးသင်တန်း အမှတ်စဉ် (၁/၂၀၁၆) ကို နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

'အ' သုံးလုံးသင်တန်း ဖွင့်လှစ်ပွဲအခမ်းအနားတွင် မြင်းခြံအကျဉ်းထောင် တာဝန်ခံအရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ဌေးက အမှာစကားပြောကြားရာတွင် မြင်းခြံအကျဉ်းထောင်တွင် စာမတတ်သူပေါင်း ယခုအချိန်ထိ အမျိုးသား ၅၀ နှင့်အမျိုးသမီး ၉၈ ဦးရှိကြောင်း၊ စာမတတ်သူများထဲမှ ယခု သင်တန်းတွင် အမျိုးသား ၅၀ နှင့် အမျိုးသမီး ၅၀ ကို စတင်သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ထိုသူများအား စာကိုရေးတတ်၊ ဖတ်တတ်မှသာ သင်တန်းပြီးဆုံးစေမည်ဖြစ်ကြောင်း၊ ကျန်ရှိနေသော စာမတတ်သူများကိုလည်း 'အ' သုံးလုံးသင်တန်းများ ဆက်လက် သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူးက စာဖတ်သည့်အလေ့အကျင့်ကောင်းကြောင့် လူဆိုးဘဝမှ ချမ်းသာသည့်ပုဂ္ဂိုလ် နာမည်ကျော်စာရေးဆရာဖြစ်သည့် ပခုက္ကူဦးအုံးဖေ အကြောင်းကို ပြောကြားပြီး ထိုသူအား အတုယူ၍ ကြိုးစားသင်ယူကြရန် ပြောကြားခဲ့သည်။

သင်တန်းသို့ ဒုခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးထိုက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့မရဲစခန်းမှူးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ နှစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ဇော်မင်းနိုင် (မြင်းခြံ)**

# စစ်ကိုင်းမှဝါးလက်ခုပ်ပွဲ ရိုးရာဝါးလက်ခုပ်များဖြင့်ဆင်နွှဲ



**စစ်ကိုင်း နိုဝင်ဘာ ၂၄**

တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်က ကျင်းပခဲ့သော အဘယစေတီဘုရားပွဲခေါ် ဝါးလက်ခုပ်ပွဲသည် စစ်ကိုင်းမြို့မှ ကြေးဘုရားကြီးဘဲဥထုပွဲ၊ ငါးထပ်ကြီးဘုရား မုန့်ပေါင်းပွဲ၊ ကောင်းမှုတော်ဘုရားလှည်းပွဲနှင့် မုန့်ဖက်ထုပ်ပွဲတို့ကဲ့သို့ ထင်ရှားသောဘုရားပွဲတစ်ပွဲဖြစ်ကြောင်းသိရသည်။ အဘယစေတီဘုရားပွဲသည် နှစ်စဉ်နှစ်တိုင်း မြန်မာ့ရိုးရာဝါးလက်ခုပ်များကိုအသုံးပြုပြီး ဆိုကြ တီးကြသောကြောင့် ဝါးလက်ခုပ်ပွဲဟူ၍လည်း ခေါ်ကြသည်။

အဘယစေတီဘုရားပွဲ၌ လွန်ခဲ့သောနှစ်များက တဲကြီးတိုက်နယ်ရှိ ရပ်ကွက် ၁၅ ရပ်ကွက်မှ အဆို၊ အကများဖြင့် ကြာသက်နှံးကပ်လာရောက်သည့် အဖွဲ့မှာရှစ်ဖွဲ့၊ ကိုးဖွဲ့ရှိခဲ့ ပြီး ယခုနှစ်ပွဲတော်တွင် ဘုရားအနီးရှိ ကန္တားတော်ရပ်၊ ဂုံညင်းတောင်ရပ်နှင့် ညောင်ကုန်းအရှေ့ရပ်တို့ကသာ အဆို၊ အက၊ အတီး၊ အမှုတ်များဖြင့် ဘုရားသို့ စီတန်းလှည့်လည်ပြီး လာရောက်ကြသည်ဟုဆိုသည်။ ဤသို့ လာရောက်သည့် အဆို၊ အက၊ အတီး၊ အမှုတ်အဖွဲ့များ၌ မိမိတို့ရပ်ထဲရွာထဲမှထွက်ရှိသော ဝါးများဖြင့်ပြုလုပ်သည့် မြန်မာ့ရိုးရာ ဝါးလက်ခုပ်တူရိယာများကို အများဆုံးအသုံးပြုကာ တီးမှုတ်သည့်အလေ့အထမှာ ယခုအချိန်အထိရှိနေဆဲဖြစ်သည်။ ယခုနှစ်မှာ အဆို၊ အတီးများဖြင့် လာရောက်သည့်အဖွဲ့များ နည်းသွားသလို ဝါးလက်ခုပ်အသုံးပြုမှုလည်း နည်းသွားကြောင်း တွေ့ရသည်။

အဆို၊ အက၊ အတီး၊ အမှုတ်နှင့် စီတန်းလှည့်လည်ခြင်းမျိုးမပြုလုပ်သည့် အရပ်များက ဘုရားပွဲ၌ စေတီတော်နှင့် သံဃာတော်များအတွက် လာရောက်လှူဒါန်းမြဲပင်ဖြစ်သည်။ လပြည့်ကျော် ၈ ရက်တွင် ပင့်သံဃာ အပါး ၃၀ ရှိသည့်အနက် မိမိတို့ရပ်ကွက်က မဲပေါက်သည့်ကျောင်းတိုက်မှ သတ်မှတ်သံဃာ အရေအတွက်အတိုင်း လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။ ဘုရားပွဲ၌ ဘုရားပွဲလာဧည့်ပရိသတ်များအား လပြည့်ကျော် ၈ ရက်နှင့် ၉ ရက်ညတို့တွင် ဗလာဇာတ်ဖြင့် ဖျော်ဖြေပြီး ဘုရားအနီးရပ်ရွာများက စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးကြသည်။

အဘယစေတီသည် စကားမပြောနိုင်ဘဲ ဆွံ့အနေသည့် ကလေးငယ်များလာရောက်ပြီး ဆွမ်းတော်တင် ဆုတောင်းကာ ဤဆွမ်းတော်ကို ပြန်စွန့်၍စားလျှင် ဆွံ့အခြင်းများ ပျောက်ကင်းသည်ဟု ယုံကြည်ကြကြောင်း၊ ဆွံ့အကလေးငယ်များအတွက် လာရောက်ကြသည်များလည်း မကြာခဏရှိကြောင်းနှင့် ဆွံ့အဝေဒနာများ အမှန်တကယ်ပျောက်ကင်းသွားသူများရှိကြောင်း ဘုရားဂေါပကအဖွဲ့ဝင်တစ်ဦးက ပြောကြားသည်။

အဘယစေတီသည် စစ်ကိုင်းမြို့အနောက်ပိုင်းငါးထပ်ကြီးဘုရားအနီး ကန္တားတော်ရပ်တွင်တည်ရှိပြီး အင်းဝဒုတိယဘုရင်မင်းခေါင်က ရတနာမဏိဟူသောဘွဲ့တော်ဖြင့် သက္ကရာဇ် ၈၅၃ ခုနှစ်တွင် တည်ထားခဲ့ခြင်းဖြစ်သည်ဟုသိရသည်။

**ဇေယျာနောင်**




၂၀၁၃ ခုနှစ်ကကျင်းပသည့် တတိယအကြိမ်မြောက် နိုင်ငံတကာ ဖိတ်ခေါ်အပျော်တမ်းမာရသွန်နှင့် မီနီမာရသွန်ပြိုင်ပွဲ။

# ပုဂံတွင် နိုင်ငံတကာဖိတ်ခေါ်အပျော်တမ်းမီနီမာရသွန်နှင့် မာရသွန်ပြိုင်ပွဲကျင်းပမည်

**ညောင်ဦး နိုဝင်ဘာ ၂၄**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ၌ ဒိန်းမတ်နိုင်ငံအခြေစိုက် Albatros ကုမ္ပဏီနှင့်Myanmar Voyages International Tourism ကုမ္ပဏီတို့ ပူးပေါင်းစီစဉ်သည့် စတုတ္ထအကြိမ်မြောက် နိုင်ငံတကာ ဖိတ်ခေါ်အပျော်တမ်းမာရသွန်နှင့် မီနီမာရသွန်ပြိုင်ပွဲ (Bagan Temple Marathon) ကို နိုဝင်ဘာ ၂၆ ရက်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမာရသွန်ပြိုင်ပွဲသို့ ဒိန်းမတ်၊ အမေရိကန်နှင့် မြန်မာအပါအဝင် နိုင်ငံပေါင်း ၃၅ နိုင်ငံမှ အားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ ပုဂံဒေသခံ အားကစားသမားများနှင့် မြန်မာ့လက်ရွေးစင်အားကစားသမားများအပါအဝင် အားကစားသမား ၁၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်မည်ဟု သိရသည်။

ပြိုင်ပွဲကို နိုဝင်ဘာ ၂၆ ရက် နံနက် ၇ နာရီတွင် ထီးလိုမင်းလိုဘုရား အရှေ့ဘက်မုခ်ကွင်းပြင်မှ စတင်တာလွှတ်ပေးမည်ဖြစ်ပြီး မာရသွန်နှင့် မီနီမာရသွန်ပြိုင်ပွဲဝင် အားကစားများအတွက် အခက်အခဲမရှိစေရန် ပြေးလမ်းတစ်လျှောက်တွင် အမှတ်အသား ခွဲခြားပြုလုပ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**ရဲသူရအောင်(ညောင်ဦး)**

# လှိုင်ကော်မြို့၌ အစိမ်းရောင်စီးပွားရေးမူဝါဒ၊ မူဘောင်မူကြမ်း ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**လှိုင်ကော် နိုဝင်ဘာ ၂၄**

ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနနှင့် WWF MYANMAR (World Wide Fund For Nature) တို့ ပူးပေါင်း ပြုလုပ်သည့် အစိမ်းရောင်စီးပွားရေးမူဝါဒ မူဘောင်မူကြမ်း ညှိနှိုင်းဆွေးနွေးပွဲကို ကယားပြည်နယ် လှိုင်ကော်မြို့ရှိ ဟိုတယ်လှိုင်ကော်၌ကျင်းပရာ ကယားပြည်နယ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးတီရယ်က အဖွင့်အမှာစကား ပြောကြားရာတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနက ရေးဆွဲသည့် အစိမ်းရောင် စီးပွားရေးမူဝါဒဘောင်၏ ရည်ရွယ်ချက်များမှာ အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှု တိုးပွားလာစေရန်၊ နိုင်ငံအတွင်းမှာရှိနှင့်နေပြီးသားဖြစ်သော အညိုရောင် ရင်းနှီးမြှုပ်နှံမှုများကို ကောင်းစွာစီမံခန့်ခွဲရန်၊ ရေရှည်တည်တံ့သည့် ငွေကြေးရန်ပုံငွေများကို ခိုင်မာအားကောင်းလာစေရန်နှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုကို အားပေးရန်ဖြစ်ကြောင်း၊ မူဘောင်က မြန်မာနိုင်ငံအတွက် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးရေးရည်မှန်းချက်များကို အောင်မြင်အောင် ဆောင်ကြဉ်းပေးနိုင်မှာဖြစ်သလို မြန်မာနိုင်ငံ၏ လက်ရှိမျိုးဆက်များနှင့် နောင်လာမယ့် မျိုးဆက်များ ကောင်းကျိုးကို ဆောင်ကြဉ်းပေးနိုင်မည့် ပိုမိုရေရှည်တည်တံ့သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ကူးပြောင်းရာမှာ များစွာပံ့ပိုးကူညီနိုင်မှာဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွက် အစိမ်းရောင်စီးပွားရေးကို ရွေးချယ်ပြီး ပိုမိုအကျိုးဖြစ်ထွန်းနိုင်သည့် ရင်းနှီးမြှုပ်နှံမှုများ၊ ပိုမိုရေရှည်တည်တံ့သော အလုံးစုံပါဝင်သည့် နိုင်ငံတော်တစ်ရပ်ကို အားလုံးအတူတကွ ဖော်ဆောင်သွားကြရမှာဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ WWF MYANMAR မှ Government Relation and Policy Manager ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး WWF MYANMAR မှ Green Economy Policy Officer ဦးစိုင်းနေဝန်းမြင့်က အစိမ်းရောင်စီးပွားရေးသဘောတရားများနှင့် မူဘောင်ကြမ်းအား Projector ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒေသအတွင်းရှိ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်အခြေအနေများနှင့်ပတ်သက်သည့် ဆန်းစစ်လေ့လာချက်များ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ပတ်သက်၍ဆွေးနွေးခြင်း၊ အဖွဲ့ငယ်များအသီးသီးမှ ဆွေးနွေးချက်များအား ပြန်လည်တင်ပြခြင်း၊ ဒေသအတွင်းရှိ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှ သက်ရောက်မှုများအား ဖြေရှင်းရန်နည်းလမ်းများနှင့်ပတ်သက်၍ အဖွဲ့ငယ်များခွဲကာ ဆွေးနွေးခြင်း၊ အဖွဲ့ငယ်များအသီးသီးမှ မိမိတို့အဖွဲ့၏ ဆွေးနွေးချက်များအား ပြန်လည်တင်ပြခြင်း၊ ဆွေးနွေးချက်များအပေါ် အကျဉ်းချုပ် သုံးသပ်ခြင်းနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးချက်များအား ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုစိုင်း (လှိုင်ကော်)**

# တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေး

**ကော့ကရိတ် နိုဝင်ဘာ ၂၄**
ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပြည်သူတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် ကျန်းမာရေးအသိပညာပေးခြင်းနှင့် တိုင်းရင်းဆေးဖြင့် ဆေးကုသပေးခြင်းများကို နိုဝင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီက ကော့ကရိတ်မြို့နယ် ရန်ကုတ်ကျေးရွာတွင် အခမဲ့ကွင်းဆင်းကုသပေးခဲ့သည်။



ကော့ကရိတ်မြို့နယ် တိုင်းရင်းဆေးမှူး ဒေါ်နွယ်နီထိုက်က အာဟာရရရှိအောင်စားသောက်မှုများ၊ ရာသီအလိုက် ရောဂါဖြစ်ပွားမှု တားဆီးကာကွယ်ရေး၊ အမျိုးသမီးများအတွက် မီးယပ်ရောဂါလက္ခဏာများနှင့် ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုများ၊ အိမ်တွင်းသုံးဆေးဝါးများ၊ တိုင်းရင်းဆေးဝါး၊ ဆေးပင်များ မိမိတို့ပတ်ဝန်းကျင်ရှိ ဆေးဖက်ဝင်အပင်များအကြောင်းကို တက်ရောက်လာကြသူများအား ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဆေးကုသရန်အတွက် ရန်ကုတ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူ ၄၇ ဦးတို့အား ဒုတိုင်းရင်းဆေးမှူး ဒေါ်နှင်းအိအိဖြူနှင့် ဒုလက်ထောက်တိုင်းရင်းဆေးမှူး ဒေါ်ခိုင်မျိုးဦးတို့က ရောဂါများစမ်းသပ်ကာ တိုင်းရင်းဆေးဖြင့် အခမဲ့ ကုသပေးခဲ့သည်။ ဆက်လက်၍ ဒီဇင်ဘာလတွင်လည်း ကျေးလက်နေပြည်သူများအတွက် အခမဲ့ ကွင်းဆင်းကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးထက်အောင်(ကော့ကရိတ်)**



## မွန်ပြည်နယ်မူခင်းလျော့နည်းကျဆင်းရေးအသိပညာပေးရွေ့လျားယာဉ်မှာကျောင်းသား၊ ကျောင်းသူများအားဟောပြောပြသ

**ရေး နိုဝင်ဘာ ၂၄**
မွန်ပြည်နယ် ရေးမြို့နယ် အ-ထ-က (၁) ရေး အ-ထ-က(ဟံဂံ) သို့ နိုဝင်ဘာ ၂၂ ရက် နံနက် ၉ နာရီခွဲက မွန်ပြည်နယ်မူခင်းကျဆင်းလျော့နည်းရေး ရွေ့လျားယာဉ်သည် မူခင်းအန္တရာယ်ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများကို ကာကွယ်သတိပြုရန်ဖြင့် လှည့်လည်ပြသဟောပြောခဲ့ကြောင်းသိရသည်။

အဆိုပါဟောပြောပွဲတွင် ကျောင်းနှစ်ကျောင်းမှကျောင်းသား၊ ကျောင်းသူ ပေါင်း ၂၀၀၀ ကျော်ခန့် တက်ရောက်ကြပါတယ်။ မူခင်းအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး မူးယစ်ဆေးဝါးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးများကို ရဲမှူးမြင့်သော်နှင့် ရဲအရာရှိတာဝန်ရှိသူတို့က ဟောပြောခဲ့ကြကြောင်း သိရသည်။ အဆိုပါရွေ့လျားလှည့်လည်ပြသသော ရွေ့လျားယာဉ်သည် လူစည်းကားရာနေရာများ၊ အစိုးရကျောင်းများမှာ မွန်ပြည်နယ် ၁၀ မြို့နယ်သို့ လှည့်လည်ပြသလျက်ရှိကြောင်း သိရသည်။

**ထွန်းထွန်း (ရေး)**

## တိုက်ကြီး၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်း ဆောင်ရွက်

**တိုက်ကြီး နိုဝင်ဘာ ၂၄**
ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် တာခွကျေးရွာအုပ်စု ကွင်းအမှတ် (၇၀၂ -ခ)ဦးပိုင်အမှတ်(၁၉-က)ရှိ တောင်သူဦးဌေးလွင်၏ လယ်မြေ၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၂၂ ရက်က ပြုလုပ်ခဲ့သည်။

မြေပြင်အခြေအနေ သဲဆန်ကုန်းကြော ဧရိယာအတွင်းမှ စံကွက်အရွယ်အစား (၆၆ ပေ×၆၆ ပေ) ဧရိယာ သုည ဒသမ ၁၀ ဧက ရှိ (ည့်) ကိုယ်စားပြု စံကွက်ရိတ်သိမ်းခဲ့သည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ တိုင်းဒေသကြီး ခရိုင် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးမှူးများနှင့်ဝန်ထမ်းများအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်အားပေးခဲ့ကြသည်။

သုည ဒသမ ၁၀ ဧက စံကွက်ရိတ်သိမ်းရာတွင် မိုးစပါး ဧည့်မထ အထွက်ကောင်း (မနောပြည့်) စပါးမျိုးကို ရိတ်သိမ်းခြွေလှေ့စက်ကြီးဖြင့် ဆောင်ရွက်ခဲ့ရာ (အခြောက်) တစ်ဧကအထွက်နှုန်း (၄၄ ဒသမ ၉၈ တင်း) ထွက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## မင်္ဂလာတောင်ညွန့်မြို့နယ်၌ နောက်ဖေးလမ်းကြားများရှင်းလင်း

**မင်္ဂလာတောင်ညွန့် နိုဝင်ဘာ ၂၄**
မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးတောင်ရပ်ကွက် မြန်မာ့ဂုဏ်ရည် လမ်းအနောက်ခြမ်း လမ်းသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမြင့် (လက်ပံတန်း) အတွင်းရေးမှူး ဦးမြင့်နိုင်၊ ဘဏ္ဍာရေးမှူး ဦးသိန်းတို့သည် ဓမ္မာရုံလမ်းသာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်နိုင်၊ အတွင်းရေးမှူး ဦးအောင်မြတ်ထွဋ်တို့နှင့် ပူးပေါင်းညှိနှိုင်းကာ မိဘပြည်သူများအတွက် သန့်ရှင်းသပ်ရပ်ပြီး ကျန်းမာရေးနှင့် ညီညွတ်စွာနေထိုင်နိုင်ရေးအတွက် မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဓမ္မာရုံလမ်း(ဦးဖိုးကျားလမ်းမှ မန္တလေးလမ်း)အထိ နောက်ဖေးလမ်းကြားများအား အမှိုက်များသယ်ယူကာ စနစ်တကျစွန့်ပစ်ခြင်း၊ ရေဆိုးများစနစ်တကျ စီးဆင်းရန် ရေနုတ်မြောင်းများ ဖော်ခြင်းနှင့် မိလ္လာကန်များ စနစ်တကျ စစ်ဆေးမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း နိုဝင်ဘာ ၂၂ ရက်က တွေ့ရှိရသည်။

"ကျွန်တော်တို့ရဲ့ နောက်ဖေးလမ်းကြားတွေမှာ အနှစ်နှစ်အလလက စည်းကမ်းမဲ့စွန့်ပစ်ထားတဲ့ အမှိုက်တွေက အလွန်များပါတယ်။ ဒီအတိုင်းနေမယ်ဆိုရင် ဒီလမ်းမှာနေကြတဲ့ မိဘပြည်သူမိသားစုတွေပဲ ကျန်းမာရေးနဲ့ပတ်သက်တဲ့ ဆိုးကျိုးတွေကို ခံစားရမှာပါ။ ဒါကြောင့်လမ်းသာယာရေး တာဝန်ရှိသူတွေနဲ့တိုင်ပင်ပြီး ရန်ကုန်မြို့တော်စည်ပင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက စက်သုံးဆီနဲ့ အမှိုက်သယ်ဖို့မော်တော်ယာဉ်တွေအကူအညီရယူပြီး မိမိတို့ရဲ့အစီအစဉ်နဲ့ လုပ်ငန်းဆောင်ရွက်နေတာ နိုဝင်ဘာ ၁၉ ရက် ကစပြီး လုပ်ပေးနေတာပါ" ဟု စည်ပင်သာယာရေးအဖွဲ့ အတွင်းရေးမှူး ဦးမြင့်နိုင်က ရှင်းပြသည်။

မင်္ဂလာတောင်ညွန့်မြို့နယ်အနေဖြင့် နောက်ဖေးလမ်းကြား အမှိုက်ထုတ်ခြင်းမှာ ကန်တော်ကလေးတောင်ရပ်ကွက်သည် ပထမဦးဆုံးဆောင်ရွက်ခြင်းဖြစ်ပြီး ရပ်ကွက်လုံးကျွတ် ဆောင်ရွက်နိုင်ရန် မိဘပြည်သူများနှင့် ညှိနှိုင်းတိုင်ပင်ကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်**



## မီးငြိမ်းသတ်ရန်လိုအပ်သည့် ဆက်စပ်ပစ္စည်းများခင်းကျင်းပြသ

**မော်လမြိုင် နိုဝင်ဘာ ၂၄**
မွန်ပြည်နယ် မော်လမြိုင်မြို့တွင် မီးသတ်ဦးစီးဌာနမှ ၂၀၁၆ ခုနှစ်အတွက် ဘတ်ဂျက်နှင့် ဝယ်ယူထားသည့် မီးသတ်အတွက်လိုအပ်သည့် ဆက်စပ်ပစ္စည်းများ ခင်းကျင်းပြသမှုကို နိုဝင်ဘာ ၂၃ ရက် နံနက် ၉ နာရီက ပြည်နယ်မီးသတ်ဦးစီးဌာန၌ ပြုလုပ်ခဲ့သည်။

ခင်းကျင်းပြသပွဲကို ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းနိုင်ဦးက တက်ရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ပြည်နယ်မီးသတ်ဦးစီးဌာနဝန်ထမ်းများက စက်ပစ္စည်းများအား လက်တွေ့အသုံးပြုမှုများ ပြသခဲ့ကြောင်း သိရသည်။

အဆိုပါခင်းကျင်းပြသရာတွင် မီးငြိမ်းသတ်ယာဉ် သုံးစီး၊ ဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်သုံးစီး၊ လှေကားတင်မီးသတ်ယာဉ်တစ်စီး၊ အုပ်ချုပ်မှုယာဉ် တစ်စီးနှင့် အခြားမီးသတ် ဆက်စပ်ပစ္စည်းမျိုးစုံခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**ပြည်နယ် ပြန်/ဆက်**



ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် ရတနာလမ်းမိသားစုက နိုဝင်ဘာ ၂၀ ရက် ညနေ ၄ နာရီက သတ္တမအကြိမ်မြောက် စတုဒိသာကျွေးမွေးခဲ့ကြောင်း သိရသည်။
သတင်းနှင့်ဓာတ်ပုံ- ကျော်စိုးမိုး

## ၇၅ နှစ်နှင့်အထက်စစ်မှုထမ်းဟောင်းနှင့် သား၊ သမီးများအား ထောက်ပံ့ငွေပေးအပ်

**ရန်ကုန် နိုဝင်ဘာ ၂၄**
မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ တာမွေမြို့နယ်စည်းရုံးရေးကော်မတီမှ အသက် ၇၅ နှစ်အထက်နှင့် မသန်စွမ်းစစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်ခြင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင် သား၊ သမီးများအား ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်ပွဲကို နိုဝင်ဘာ ၂၂ ရက်က ကျင်းပရာ မြို့နယ်စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးမင်းချိုဦး(ငြိမ်း)မှ စစ်မှုထမ်းဟောင်းတစ်ဦးအား ထောက်ပံ့ငွေပေးအပ်ခဲ့သည်။ ၇၅ နှစ်နှင့်အထက် ၁၆ ဦးနဲ့ မသန်စွမ်းစစ်မှုထမ်းဟောင်း နှစ်ဦးအတွက် စုစုပေါင်း ကိုးသိန်းထောက်ပံ့နိုင်ခဲ့ပြီး မူလတန်း၊ အလယ်တန်း၊ အထက်တန်း ကျောင်းသား၊ ကျောင်းသူများအတွက် ကျပ် ၉၅၀၀၀၀ ထောက်ပံ့ပေးခဲ့ပါတယ်" ဟု ဒုတိယဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီး ဝင်းအောင်(ငြိမ်း)က ပြောသည်။

**မောင်မောင်**

## ဇုက္ကလိ-သိမ်ချောင်းနီတိုးတံတားကုန်သွယ်ယာဉ်များ ယာယီသွားလာနိုင်ရေး ဘေလီတံတားအမြန်ဆောက်လုပ်မည်

**ဘီးလင်း နိုဝင်ဘာ ၂၄**
မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးမင်းမင်းဦး၊ ပြည်နယ် ဌာနဆိုင်ရာများ၊ မြို့နယ်ဌာနဆိုင်ရာများနှင့် နိုဝင်ဘာ ၂၂ ရက်က ဘီးလင်းမြို့နယ် ဇုက္ကလိ-သိမ်ချောင်း-နီတိုးကုန်ထုတ်တံတားအခြေအနေအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဆန်စပါးပေါ်ချိန်ကုန်သွယ်ယာဉ်များ အချိန်အခါသင့် သွားလာနိုင်ရန်ယာယီဘေလီတံတားကို အမြန်ဆုံး ဆောက်လုပ်ပေးနိုင်ရန်တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ယင်းတံတားသည် နိုဝင်ဘာ ၂၁ ရက်က ထပ်မံနိမ့်ကျခဲ့ပြီး အန္တရာယ်ကြီးသည့် အခြေအနေသို့ ရောက်ရှိခဲ့သဖြင့် ကုန်သွယ်ယာဉ်များ ဖြတ်သန်းသွားလာမှုကို ယာယီပိတ်ထားလျက်ရှိပြီး အဆိုပါတံတားမှ ဆန်၊ စပါးကုန်သွယ်မှုစပါး စိုက်ဧက ၁၁၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

အီတလီစီးရီးအေရင်ခုန်သံ-၁၄

# အင်တာမီလန်ကိုအနိုင်ရယူနိုင်ဖို့ခက်တဲ့ ဖီအိုရင်တီးနား

အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ်-၁၄ ကိုလာမယ့် နိုဝင်ဘာလ ၂၆၊ ၂၇၊ ၂၈၊ ၂၉ ရက်နေ့တွေမှာဆက်လက်ကျင်းပသွားဖို့ရှိနေပါတယ်။ အဆိုပါ ပွဲစဉ်မှာတော့ အင်တာမီလန်ဟာ ဖီအိုရင်တီးနားနဲ့ ဆုံတွေ့နေတာကြောင့်နိုင်ပွဲရယူနိုင်မှာလား ဆိုတာကိုစိတ်ဝင်တစား စောင့်ကြည့်ရဖို့သာရှိပါတယ်။

ရှိုင်း မင်း မင်း

| ထိပ်တန်းဂိုးသွင်းရှင်များ | |
|---|---|
| အစ်ကာဒီ(အင်တာမီလန်) | - ၁၀ ဂိုး |
| ဇက်ကို(ရိုးမား) | - ၁၀ ဂိုး |
| ဘာလော့တီ(တိုရီနို) | - ၁၀ ဂိုး |
| အင်မိုဘို(လာဇီယို) | - ၉ ဂိုး |
| မိုဟာမက်ဆာလာ(ရိုးမား) | - ၈ ဂိုး |



### အီတလီစီးရီအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ဂျူဗင်တပ် | ၁၃ | ၁၁ | ၀ | ၂ | ၂၈ | ၉ | ၁၉ | ၃၃ |
| ၂ | ရိုးမား | ၁၃ | ၈ | ၂ | ၃ | ၃၀ | ၁၄ | ၁၆ | ၂၆ |
| ၃ | အေစီမီလန် | ၁၃ | ၈ | ၂ | ၃ | ၂၁ | ၁၇ | ၄ | ၂၆ |
| ၄ | လာဇီယို | ၁၃ | ၇ | ၄ | ၂ | ၂၆ | ၁၄ | ၁၂ | ၂၅ |
| ၅ | အတ္တလန်တာ | ၁၃ | ၈ | ၁ | ၄ | ၂၁ | ၁၄ | ၇ | ၂၅ |
| ၆ | နာပိုလီ | ၁၃ | ၇ | ၃ | ၃ | ၂၃ | ၁၄ | ၉ | ၂၄ |
| ၇ | တိုရီနို | ၁၃ | ၆ | ၄ | ၃ | ၂၉ | ၁၆ | ၁၃ | ၂၂ |
| ၈ | ဖီအိုရင်တီးနား | ၁၂ | ၅ | ၅ | ၂ | ၁၈ | ၁၁ | ၇ | ၂၀ |
| ၉ | အင်တာမီလန် | ၁၃ | ၅ | ၃ | ၅ | ၁၈ | ၁၆ | ၂ | ၁၈ |
| ၁၀ | ချီယေဗို | ၁၃ | ၅ | ၃ | ၅ | ၁၃ | ၁၄ | -၁ | ၁၈ |
| ၁၁ | ဆမ်ဒိုးရီးယား | ၁၃ | ၅ | ၃ | ၅ | ၁၆ | ၁၉ | -၃ | ၁၈ |
| ၁၂ | ဂျီနိုအာ | ၁၂ | ၄ | ၄ | ၄ | ၁၄ | ၁၄ | ၀ | ၁၆ |
| ၁၃ | ဘိုလော့နာ | ၁၃ | ၄ | ၄ | ၅ | ၁၄ | ၁၉ | -၅ | ၁၆ |
| ၁၄ | ကယ်ဂလီယာရီ | ၁၃ | ၅ | ၁ | ၇ | ၂၀ | ၃၀ | -၁၀ | ၁၆ |
| ၁၅ | အူဒီးနီးစ် | ၁၃ | ၄ | ၃ | ၆ | ၁၇ | ၂၁ | -၄ | ၁၅ |
| ၁၆ | ဆာစူအိုလို | ၁၃ | ၄ | ၁ | ၈ | ၁၆ | ၂၅ | -၉ | ၁၃ |
| ၁၇ | အမ်ပိုလီ | ၁၃ | ၂ | ၄ | ၇ | ၆ | ၁၇ | -၁၁ | ၁၀ |
| ၁၈ | ပက်စ်ကာရာ | ၁၃ | ၁ | ၄ | ၈ | ၉ | ၂၃ | -၁၄ | ၇ |
| ၁၉ | ပါလာမို | ၁၃ | ၁ | ၃ | ၉ | ၁၀ | ၂၆ | -၁၆ | ၆ |
| ၂၀ | ခရိုတိုနီ | ၁၃ | ၁ | ၂ | ၁၀ | ၁၀ | ၂၆ | -၁၆ | ၅ |

### တိုရီနို - ချီယေဗို
**ည ၁၁း၃၀ (၂၆-၁၁-၁၆)**

ကယ်ဂလီယာရီကို အနိုင်ရခဲ့တယ်ဆိုပေမယ့်လည်း ချီယေဗိုရဲ့ ခြေစွမ်းပိုင်းကတော့ သာမန်သာရှိပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက ဂိုးသွင်းခြေတည်ငြိမ်မရှိပါဘူး။ အထူးသဖြင့် အဝေးကွင်းပွဲတွေမှာဆိုရင်လည်း ချီယေဗိုခြေက ပိုမိုအားနည်းတတ်ပါတယ်။ တိုရီနိုက တော့ခြေစွမ်းပိုင်းသာမန်သာရှိပေမယ့် အိမ်ကွင်းပွဲတွေမှာခြေစွမ်းပိုင်း ကောင်းမွန်တတ်ပါတယ်။ လက်ရှိအချိန်အထိ တိုရီနိုတို့ အိမ်ကွင်းမှာ ရှုံးပွဲမရှိသေးပါဘူး။ တိုရီနိုပဲအနိုင်ရမယ်။

### ပါလာမို - လာဇီယို
**ည ၆း၀၀ (၂၇-၁၁-၁၆)**

ပါလာမိုခြေစွမ်းပိုင်းက အားနည်းမှုတွေများလွန်းနေပါတယ်။ အိမ်ကွင်းပွဲစဉ်ဖြစ်တယ်ဆိုပေမယ့်လည်းတိုက်စစ်ပိုင်းကအစအား နည်းမှုတွေရှိနေတာကြောင့် လာဇီယိုကိုတုန့်ပြန် ကစားနိုင်ဖို့ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။ လာဇီယိုအနေနဲ့ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းအနည်းငယ် ကျဆင်းတတ်ပေမယ့်လည်းအသင်းလိုက်ကစားပုံအရ ပါလာမိုထက်သိသိသာသာကောင်းမွန်မှုရှိပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ လာဇီယိုပဲနိုင်ပွဲရသွားနိုင်ပါတယ်။

### ကယ်ဂလီယာရီ - အူဒီးနီးစ်
**ည ၇း၃၀ (၂၇-၁၁-၁၆)**

ချီယေဗိုကိုရှုံးနိမ့်ခဲ့ရတဲ့ တန်းတက်ကယ်ဂလီယာရီရဲ့ခြေစွမ်းပိုင်း ကအားနည်းမှု တွေရှိနေပါတယ်။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာလည်း တစ်ပွဲသာနိုင်ပွဲရယူနိုင်ခဲ့ပြီး လေးပွဲတိတိ ရှုံးနိမ့်ခဲ့ရပါတယ်။ ဒီပွဲစဉ်က အိမ်ကွင်းဖြစ်တာကြောင့်လည်း ကယ်ဂလီယာရီတို့ အားစိုက်ကစား လာမှာဖြစ်ပေမယ့်လည်း အူဒီးနီးစ်ကိုအသာရယူနိုင်ဖို့ခက်ခဲနိုင်ပါတယ်။ အူဒီးနီးစ်က နာပိုလီကိုရှုံးနိမ့်ခဲ့ပေမယ့် ခြေစွမ်းပိုင်းကောင်းမွန်ခဲ့ကာ ဒီပွဲစဉ်မှာလည်း ကယ်ဂလီယာရီကိုအနိုင်ကစားနိုင်မှာပါ။

### ဂျီနိုအာ - ဂျူဗင်တပ်
**ည ၇း၃၀ (၂၇-၁၁-၁၆)**

ဂျူဗင်တပ်က ချန်ပီယံလိဂ်ကစားခဲ့ရမှာဖြစ်ပေမယ့် ခြေစွမ်းအရ ကောင်းမွန်မှုရှိနေပါတယ်။ ပက်စ်ကာရာကို ဂိုးပြတ်အနိုင်ရခဲ့သလို ဒီပွဲစဉ်မှာလည်း အဝေးကွင်းဖြစ်ပေမယ့်နိုင်ပွဲရယူနိုင်အောင်အား စိုက်လာမှာသေချာနေပါတယ်။ ဂျီနိုအာကလည်း အိမ်ကွင်းဖြစ်ပေမယ့် လက်ရှိအချိန်မှာခြေစွမ်းပိုင်းအရအားနည်းမှုတွေရှိနေတာကြောင့် ဂျူဗင်တပ်တို့ ပိုမိုအသာရနိုင်ပါတယ်။ အဝေးကွင်းဖြစ်ပေမယ့် ဂျူဗင်တပ်ကသာ နိုင်ပွဲရသွားနိုင်ပါတယ်။

### နာပိုလီ - ဆာစူအိုလို
**ည ၇း၃၀ (၆-၁၁-၁၆)**

နာပိုလီကချန်ပီယံလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာ နိုင်ပေမယ့်လည်း အိမ်ကွင်းဖြစ်သလို အမှတ်လိုအပ်နေတာကြောင့်လည်း အားစိုက်လာမှာသေချာနေပါတယ်။ နာပိုလီက အိမ်ကွင်းပွဲတွေမှာလည်း ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါ့အပြင် ဆာစူအိုလိုကလည်း ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့်ပွဲပန်းမှုတွေ ရှိလာနိုင်သလို အဝေးကွင်းခြေစွမ်းပိုင်းကလည်းအားနည်းမှုတွေများ တတ်ပါတယ်။ နာပိုလီပဲ အိမ်ကွင်းမှာနိုင်ပွဲရမယ်။

### အမ်ပိုလီ - အေစီမီလန်
**နံနက် ၂း၁၅ (၂၇-၁၁-၁၆)**

အမ်ပိုလီက စီးရီးအေပြိုင်ပွဲအတွင်း အမှတ်ဆုံးရှုံးမှုတွေရှိခဲ့တာကြောင့် အိမ်ကွင်းမှာနိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာလည်း အမ်ပိုလီရဲ့ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ ဒါပေမယ့်လည်းလက်ရှိအချိန်မှာ မီလန်ရဲ့ခြေစွမ်းပိုင်းကလည်းကောင်းမွန်နေပါတယ်။ ဒါကြောင့် လည်း ဒီပွဲစဉ်မှာလည်း အမ်ပိုလီတို့နိုင်ပွဲရဖို့ရှန်းကန်ရနိုင်ကာ မီလန်ကသာနိုင်ပွဲကပ်ရသွားနိုင်ပါတယ်။

### ဘိုလော့နာ - အတ္တလန်တာ
**ည ၇း၃၀ (၂၇-၁၁-၁၆)**

အတ္တလန်တာက လက်ရှိခြေစွမ်းပိုင်းအရ ကောင်းမွန်နေပါတယ်။ တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေတည်ငြိမ်မှုရှိပါတယ်။ အတ္တလန်တာအနေနဲ့ အဝေးကွင်းပွဲတွေမှာကစားပုံအနည်းငယ်ကျဆင်းတတ်သလို တိုက်စစ်ပိုင်းစွမ်းဆောင်ရည်ကလည်း အိမ်ကွင်းလောက်ထက်မြက်မှု မရှိပေမယ့်လည်း ဘိုလော့နာခြေကလည်း အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့် လည်း ဒီပွဲစဉ်မှာအတ္တလန်တာတို့အခွင့်အရေးရနိုင်သလို အနိမ့်ဆုံးသရေလောက်ကစားနိုင်ဖို့ရှိနေပါတယ်။

### ခရိုတိုနီ - ဆမ့်ဒိုးရီးယား
**ည ၇း၃၀ (၂၇-၁၁-၁၆)**

တန်းတက်ခရိုတိုနီက ခြေစွမ်းပိုင်းအားနည်းမှုတွေ များလွန်းနေပါတယ်။ တိုက်စစ်ပိုင်းက တစ်ပွဲတစ်ဂိုးနှုန်းသွင်းယူနိုင်ဖို့တောင် ရုန်းကန်နေရပြီး ဒီပွဲမှာလည်းအိမ်ကွင်းဖြစ်ပေမယ့် ဆမ့်ဒိုးရီးယားကိုထိန်းချုပ် နိုင်ဖို့ခက်ခဲနေပါတယ်။ ဆမ့်ဒိုးရီးယားအနေနဲ့ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းအနည်းငယ် ကျဆင်းတတ်ပေမယ့် အသင်းလိုက်ခြေစွမ်းအရ ခရိုတိုနီထက် ပိုမိုကောင်းမွန်လို့ နိုင်ပွဲကပ်ရနိုင်ပါတယ်။

### ရိုးမား - ပက်စ်ကာရာ
**နံနက် ၂း၁၅ (၂၈-၁၁-၁၆)**

ရိုးမားက ယူရိုပါလိဂ်ကစားခဲ့ရတာကြောင့် ပွဲပန်းလာနိုင်ပေမယ့်လည်း ဂျူဗင်တပ်ကို ဖိအားပေးနိုင်ဖို့ ဒီလိုပွဲစဉ်မျိုးမှာနိုင်ပွဲရယူနိုင်အောင်အားစိုက်လာမှာသေချာနေပါတယ်။ အိမ်ကွင်းဖြစ်တဲ့အပြင် ရိုးမားခြေကလည်း အိမ်ကွင်းပွဲတွေမှာကစားပုံပိုမိုကောင်းမွန်တတ်ပါတယ်။ ပက်စ်ကာရာကတော့ နောက်ဆုံး ငါးပွဲဆက်တိုက်ရှုံးနိမ့်ခဲ့ရတဲ့အထိ ခြေစွမ်းပိုင်းအားနည်းနေကာ အဝေးကွင်းမှာလည်း ခြေက ပိုမိုကျဆင်းတတ်ပါတယ်။ ရိုမာပဲအနိုင်ရမယ်။

### အင်တာ - ဖီအိုရင်တီးနား
**နံနက် ၂း၁၅ (၂၉-၁၁-၁၆)**

နှစ်သင်းစလုံးယူရိုပါလိဂ်ကစားခဲ့ရတာကြောင့်ပွဲပန်းမှုတွေရှိ လာနိုင်ပါတယ်။ လက်ရှိအချိန်မှာနှစ်သင်းစလုံးအမှတ်လိုအပ်နေတာကြောင့် အားစိုက်ကစားလာကြမှာဖြစ်ပေမယ့် နှစ်သင်းစလုံးခြေက အားနည်းမှုတွေရှိနေပါတယ်။ ဒါပေမယ့်လည်း အင်တာမီလန်က အိမ်ကွင်းဖြစ်တာကြောင့် ပိုမိုအားစိုက်လာဖို့ရှိနေသလို ဖီအိုရင်တီးနားကလည်း အဝေးကွင်း မှာ ခံစစ်ပိုင်းကစားပုံတည်ငြိမ်မှုမရှိပါဘူး။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာအင်တာတို့အခွင့်အရေးရနိုင်ကာ အနိမ့်ဆုံးသရေလောက်ကစား နိုင်ဖို့ရှိနေပါတယ်။

## ဂျိုးဟတ် ထိပ်တန်းအရည်အသွေးကို ကာလကြာရှည် မထိန်းသိမ်းနိုင်ခဲ့

ဂျိုးဟတ်မှာ သူ၏ ထိပ်တန်းအရည်အသွေးကို ပြိုင်ပွဲတိုင်းအတွက် မပြသနိုင်ခဲ့သဖြင့် ယခုကဲ့သို့မန်စီးတီးမှ ထွက်ခွာလာခဲ့ရခြင်းဖြစ်ကြောင်း အီတလီလက်ရွေးစင်ကစားသမားဟောင်းလူကာ မာချီဂျီယာနီက ပြောကြားလိုက်သည်။ ဂျိုးဟတ်မှာ ကမ္ဘာ့အကောင်းဆုံးဂိုးသမား ငါးဦးတွင်တစ်ဦး အပါအဝင်ဖြစ်သော်လည်း ထိုအရည်အသွေးကို ရေရှည် မထိန်းနိုင်ခဲ့ဟု မာချီဂျီယာနီက ဝေဖန်ခဲ့သည်။

ဂျိုးဟတ်မှာ နည်းပြ ဂွါဒီယိုလာ မန်စီးတီးသို့မရောက်ရှိမီက ပထမဂိုးသမားနေရာကို ပုံမှန်ရရှိခဲ့သူဖြစ်သော်လည်း ဂွါဒီယိုလာ၏ ဘောလုံးပိုင်ဆိုင်မှု ဦးစားပေး နည်းဗျူဟာကြောင့် ဘောလုံးကိုင်ကစားတတ်သည့် ဘရာဗိုကို ခေါ်ယူကာ ဂျိုးဟတ်ကို တိုရီနိုသို့ အငှားချလိုက်ခြင်းဖြစ်သည်။

**မေလှဲ့သင်း**

## အေစီမီလန်နောက်တန်းခံစစ်အတွဲကို ဘာစီလိုနာဦးတည် ပစ်မှတ်ထားလာ

စပိန်အင်အားကြီး ဘာစီလိုနာအသင်းသည် နောက်တန်းခံစစ်အင်အားတောင့်တင်းစေရေးအတွက် အေစီမီလန် ခံစစ်ကစားသမားနှစ်ဦးဖြစ်သည့် ဒက်ရှီဂလီယိုနှင့် အဘိတ်တို့နှစ်ဦးကို ခေါ်ယူရန် ချိတ်ဆက်နေကြောင်း သိရသည်။ ဘာစီလိုနာသည် အစောပိုင်းက အာဆင်နယ်နောက်ခံလူ ဘယ်လာရင်ကို ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ဘယ်လာရင်က အာဆင်နယ်နှင့် စာချုပ်သက်တမ်းထပ်မံတိုးမြှင့်ခဲ့သဖြင့် အဆိုပါ မီလန်နောက်တန်းခံစစ်အတွဲကို ခေါ်ယူရန် ဘက်ပြောင်း စဉ်းစားလာခြင်းဖြစ်သည်။

အဘိတ်သည် အတွေ့အကြုံရင့် ညာနောက်ခံလူ တစ်ဦးဖြစ်ပြီး မီလန်အတွက် ပွဲပေါင်း ၂၀၀ကျော် ဝင်ရောက်ကစားပေးခဲ့ပြီးဖြစ်သလို အီတလီလက်ရွေးစင်အသင်းအတွက် ၂၂ပွဲ ကစားပေးထားနိုင်သည်။ ဒက်ရှီဂလီယိုမှာ အသက်(၂၄)နှစ်သာ ရှိသေးသော်လည်း အီတလီလက်ရွေးစင်အသင်းအတွက် ပွဲ ၃၀ ကျော် ဝင်ရောက်ကစားပေးခဲ့ပြီးဖြစ်သည်။ ဘာစီလိုနာအသင်းသည် အဆိုပါ မီလန်ခံစစ်အတွဲကို လာမည့်ဇန်နဝါရီဈေးကွက်ဖွင့်လှစ်ချိန်မှာပင် ခေါ်ယူရန် စီစဉ်နေခြင်းဖြစ်သည်။

**မေလှဲ့သင်း**

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီး သုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့် စပ်ဆိုင်သောဆောင်းပါးများကို အပတ်စဉ် (သောကြာနေ့)တိုင်း ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူ၏အာဘော်သာ ဖြစ်ပါသည်။*
*(စာတည်းအဖွဲ့)*

# တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှု အပြည့်အဝရှိမှ အခြေခံအုတ်မြစ် ခိုင်မာမည်

**ခ မောင်စာဂ**

**ခေါင်းဆောင်ကောင်းမှ**

ခေါင်မိုးလုံမှ တံစက်မြိတ်မိုးလုံမည်ဟူသော ဆိုရိုးစကားရှိသည်။ "အပေါ်ကလုံခြုံမှ အောက်ခြေလည်း လုံခြုံမည်။ အပေါ်ကကောင်းမှ အောက်ခြေလည်းကောင်းမည်။" ဟူသော အဓိပ္ပာယ်အသွင်ဆောင်သည်။ အုပ်ချုပ်ရေးကဏ္ဍနှင့်ပတ်သက်လျှင် အပေါ်ပိုင်းအုပ်ချုပ်သူတွေကောင်းမှ အောက်ပိုင်း အုပ်ချုပ်သူတွေ၊ ပြည်သူတွေလည်းကောင်းမည်ဟု ဥပမာပေးကာ ပြောကြဆိုကြသည်။ ထိုကဲ့သို့ပင် "ခေါင်းဆောင်ကောင်းမှ နောက်လိုက်ကောင်းမည်၊ ရှေ့ဆောင်နွားလားဖြောင့်ဖြောင့်သွားတော့၊ နောက်နွားတစ်သိုက်စိုက်စိုက်လိုက်၏" ဟူသော ဆိုရိုးစကားကိုလည်း မကြာမကြာ ပြောနေဆိုနေ တတ်ကြသည်။ ခေါင်းဆောင်ပိုင်းတွေ ကောင်းဖို့ ရည်ညွှန်းပြောဆိုသော ဆိုရိုးစကားတစ်ခုဟုဆိုလျှင် မှားနိုင်မည်မထင်ပါ။

**အောက်ခြေခိုင်မှ**

